ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
တရားမျှတမှု လက်လှမ်းမီရေး နှင့်
သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ
သုတေသနလေ့လာမှု အနှစ်ချုပ်အစီရင်ခံစာ

UNDP

*Empowered lives.*
*Resilient nations.*



# ကချင်၊ ရခိုင်နှင့်ရှမ်းပြည်နယ်များရှိ

## တရားမျှတမှု လက်လှမ်းမီရေးနှင့်
## သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ

ဓာတ်ပုံ

UNDP မြန်မာ
ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း
(EMReF)

*Empowered lives.*
*Resilient nations.*

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
တရားမျှတမှု လက်လှမ်းမီရေး နှင့်
သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ
သုတေသနလေ့လာမှု အနှစ်ချုပ်အစီရင်ခံစာ

# ကချင်၊ ရခိုင်နှင့်ရှမ်းပြည်နယ်များရှိ

## တရားမျှတမှု လက်လှမ်းမီရေးနှင့်
## သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ

# ဝေါဟာရ အတိုအကောက်အညွှန်း

| | |
|---|---|
| 10 HHH | ဆယ်အိမ်မှူး |
| CLA | ယဉ်ကျေးမှု နှင့်စာပေ ရိုးရာ အဖွဲ့အစည်း |
| CrPC | ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ၁၈၉၈ |
| DNK | မသိပါ |
| FIR | ပထမသတင်းပေးတိုင်ကြားချက် |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန |
| IDP | ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူ |
| MPF | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| W/VTA | ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး |

# ပုံပြအညွှန်း


ပုံ.၁.၁ တရားဝင်ဖြစ်မှုနှင့် ယုံကြည်မှု

ပုံ.၂.၁ အဖြစ်အများဆုံး အငြင်းပွားမှုပြဿနာများ ဖြစ်စဉ်အကြိမ်အရေအတွက်

ပုံ.၂.၂ ပြည်နယ်အလိုက် အဖြစ်အများဆုံး အငြင်းပွားမှုပြဿနာများ ဖြစ်စဉ်အကြိမ်အရေအတွက်

ပုံ.၂.၃ တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ

ပုံ.၂.၄ ယုံကြည်မှုအတိုင်းအတာ

ပုံ.၂.၅ ဦးစားပေးအငြင်းပွားမှုပြဿနာများအား ဖြေရှင်းရာတွင် ညှိနှိုင်းဖြေရှင်းခြင်း နှင့် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီရယူခြင်း

ပုံ.၂.၆ တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း အကူအညီဖြင့် အငြင်းပွားမှုပြဿနာများ ဖြေရှင်းခြင်း

ပုံ.၂.၇ ပြုမူဆက်ဆံရမှုအပေါ် အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်များ

ပုံ.၃.၁ ယုံကြည်မှု

ပုံ.၃.၂ တရားမျှတရေးဝန်ဆောင်မှုများအပေါ် သဘောထားအမြင် (တရားသူကြီးများ)

ပုံ.၃.၃ တရားမျှတရေးဝန်ဆောင်မှုများအပေါ် သဘောထားအမြင် (ဥပဒေအရာရှိများ)

ပုံ.၃.၄ တရားမျှတရေးဝန်ဆောင်မှုများအပေါ် သဘောထားအမြင် (ရဲများ)

ပုံ.၃.၅ တရားမျှတရေးဝန်ဆောင်မှုများအပေါ် သဘောထားအမြင် (ရပ်ရွာလူထုခေါင်းဆောင်များ)

ပုံ
နောက်ဆက်တွဲ (ခ) ၁ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အဆင့်ရဲလုပ်ငန်းတာဝန်ဖွဲ့စည်းပုံ

ပုံ
နောက်ဆက်တွဲ (ခ) ၂ ပြင်ဆင်ချက်နှင့် အယူခံ


# ဇယားအညွှန်း


ဇယား ၂.၁ တရားမျှတမှုအပေါ် သဘောထားအမြင်

ဇယား ၄.၁ တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ယေဘုယျဝိသေသ လက္ခဏာများ

ဇယား ၄.၂ တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ တည်နေရာနှင့် အခန်းကဏ္ဍများ

ဇယား
နောက်ဆက်တွဲ (က) ၁ ပြည်နယ်အလိုက် သုတေသန ဆောင်ရွက်ခဲ့သည့် လူဦးရေ



ဓာတ်ပုံ- မြစ်ကြီးနား မနောကွင်းမှ မနောတိုင်များ ကချင်မျိုးနွယ်စုများသည် ထိုမနောတိုင်များကို လှည့်ပတ်၍ နှစ်စဉ် ရိုးရာအကများ ဆင်နွဲကြသည်။

# မာတိကာ


ကျေးဇူးတင်လွှာ ..... က
ဥယျောဇဉ် ..... ခ
အစီရင်ခံစာအကျဉ်းချုပ် ..... ၁
နိဒါန်း ..... ၅

(၁) တရားမျှတမှုဆိုင်ရာ ပြဿနာများ ..... ၉
တရားမျှတမှုဆိုသည်မှာ (တရားမျှတမှု အဓိပ္ပါယ်) ..... ၁၀
မည်သည့်ကိစ္စရပ်များတွင် ပြည်သူများတရားမျှတမှုကို ရှာဖွေကြသနည်း။ ..... ၁၂
ကြွေးမြီ ..... ၁၅
မြေယာ ..... ၁၅
မွေးစာရင်းနှင့် မှတ်ပုံတင်စာရွက်စာတမ်း ရယူခြင်းနှင့်ဆိုင်သည့် ပြဿနာများ ..... ၁၆
လာဘ်ပေးလာဘ်ယူ၊ အဂတိလိုက်စားမှုနှင့် အခြားနိုင်ငံတော်အာဏာ
အလွဲသုံးစားမှုများ ..... ၁၆
အမျိုးသမီးများအတွက် ဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု ..... ၁၇
မူးယစ်ဆေးဝါး ..... ၁၈
သီးခြားအုပ်စုများအပေါ် သက်ရောက်သည့် အခြားကိစ္စရပ်များ ..... ၁၉
တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ ..... ၁၉

(၂) တရားမျှတမှုဆိုင်ရာ လမ်းကြောင်းများ ..... ၂၁
တိုက်ရိုက်ညှိနှိုင်းခြင်း ..... ၂၂
တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အကူအညီ ..... ၂၃
ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ် ..... ၂၆
ပြည်သူများတရားမျှတမှုကို အဘယ်ကြောင့်နှင့် အဘယ်သို့ရှာဖွေကြသနည်း။ ..... ၂၆

(၃) တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ..... ၃၁
သမားရိုးကျစနစ်အတွင်းမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ..... ၃၂
တရားသူကြီးများ ..... ၃၃
ဥပဒေအရာရှိများ ..... ၃၃
ရဲ ..... ၃၄
ပြည်နယ်အလိုက် သီးခြားသဘောထားအမြင်များ ..... ၃၅
ရပ်ရွာလူထု ခေါင်းဆောင်များ - သမားရိုးကျဖြစ်သော၊ သမားရိုးကျဆန်သော
(သို့) သမားရိုးကျမဟုတ်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ..... ၃၆
သမားရိုးကျမဟုတ်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ..... ၃၇

သုံးသပ်ချက်နှင့် အဓိက အကြံပြုချက်များ ..... ၄၃
နောက်ဆက်တွဲ (က) နည်းနိသသယ ..... ၅၄
နောက်ဆက်တွဲ (ခ) ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်အတွင်းရှိ အဓိကအဖွဲ့အစည်း
များနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ..... ၅၅
နောက်ဆက်တွဲ (ဂ) အငြင်းပွားမှုဖြေရှင်းရာတွင် (အစိုးရမဟုတ်သည့်) အခြားပုဂ္ဂိုလ်၊
အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ..... ၅၉

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖွဲ့အစည်းအသီးသီးမှ ပံ့ပိုးကူညီပေးခဲ့ပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP မှ ကြီးမှူးပြီး တသီးပုဂ္ဂလ အကြံပေးပညာရှင်များဖြစ်သည့် Elaine Chan နှင့် Jessica So တို့က အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းလေ့လာမှုများကို ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ပညာအလင်းပွင့် မြန်မာသုတေသနအဖွဲ့ Enlightened Myanmar Research Foundation က လုပ်ဆောင်ခဲ့ပြီး ဘာသာပြန်ဆိုမှုကို ဦးစိုးမြတ်သူက ပံ့ပိုးပေးသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အရေးပါသည့် ကူညီပံ့ပိုးမှုများ အားလည်းကောင်း၊

ဤသုတေသန လေ့လာမှုတွင် အစွမ်းကုန်ပါဝင်ကူညီပေးကြသည့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်နှင့် ခရိုင်အဆင့် အထွေထွေအုပ်ချုပ်ရေးအရာရှိများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊

အစီရင်ခံစာပါ အချက်အလက်များကို သုတေသနလေ့လာမှုအဖွဲ့နှင့်အတူ စိတ်ရှည်စွာပါဝင် ဆွေးနွေးခဲ့ကြသည့် ရခိုင်ပြည်နယ် သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေ၊ မောင်တော၊ မြောက်ဦးမြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ပူတာအိုမြို့နယ်၊ ရှမ်းပြည်နယ် လားရှိုး၊ ကွတ်ခိုင်၊ ကျိုင်းတုံ၊ တာချီလိတ်၊ တောင်ကြီး၊ လွိုင်လင်၊ ဆီဆိုင်မြို့နယ်များအပြင် မြစ်ကြီးနားရှိ ဂျန်မိုင်ကောင်းနှင့် စိန့်ပေါလ်၊ ဗန်းမော်ရှိ ရောဘတ်စသည့် ဒေသတွင်းရွှေ့ပြောင်းနေထိုင်ရသူများ၏ စခန်းများတွင် နေထိုင်လျက်ရှိသော ပြည်သူအသီးသီးအားလည်းကောင်း၊

သုတေသနလေ့လာမှု (၂) နှစ်တာကာလအတွင်း သန္နိဋ္ဌာန်အပြည့်ဖြင့် ပါဝင်လက်တွဲခဲ့ကြပြီး UNDP Rule of Law အဖွဲ့ဝင်များဖြစ်ကြသည့် Mascha Mattews (Programmee Specialist)၊ Simone Boneschi (Rule of Law Specialist)၊ ဦးပေါလ်ဒွဲလာ (Programme Analyst)၊ ဒေါ်သက်မွန်စိုး (Programme Associate)၊ Ugo Okoh (Programme Management Specialist)၊ ဦးဇော်မင်းနောင် (National Field Officer)၊ ဒေါ်နှင်းမာလာထွန်း (Programme Associate)၊ ဒေါ်နွေးနွေးလွင် (National Officer)၊ Natalie Matranga (Rule of Law Officer)၊ Leo Twiggs (Rule of Law Officer)၊ ဦးဇော်လော့ဒ် (National Field Officer)၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်များရှိ UNDP ရုံးခွဲအားများလည်းကောင်း၊ သုတေသနလေ့လာမှုတွင် အဖိုးတန်အကြံဉာဏ်များပေးခဲ့ကြသည့် Scott Ciment (Chief Technical Advisor)၊ Emma Morley (Team Leader) နှင့် Jessica Price (Programme Analyst) တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာကို Jenny Rouse က တည်းဖြတ်ပါသည်။

# ဥယျောဇဉ်



မြန်မာနိုင်ငံရှိ တရားမျှတရေး ကဏ္ဍသည် နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလတွင် အရေးပါသည့် နေရာမှ ပါဝင်သည်။ တရားရုံးများ၊ ဥပဒေအရာရှိများ၊ ရဲများနှင့် တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အခြား အစိုးရဌာနများသည် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေချိန်တွင်ပင် သမားရိုးကျ အုပ်ချုပ်မှုစနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန်နှင့် ခိုင်မာစေရန် လိုအပ်လျက်ရှိကြောင်း သတိပြုမိကြသည်။ သာတူညီမျှမှု၊ တရားမျှတမှုနှင့် အခွင့်အရေးများကို အခြေခံသည့် ပြုမူဆက်ဆံမှုများအတွက် ပြည်သူများ၏ မျှော်လင့်ချက်များမှာလည်း မြင့်မားလာပြီး၊ မြန်မာပြည်သူများ၏ သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ယုံကြည်စိတ်ချမှုအား တိုင်းတာခြင်းဖြင့် တိုးတက်မှုကို တစ်စိတ်တစ်ပိုင်း သိရှိနိုင်မည်ဖြစ်သည်။

"ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ" အစီရင်ခံစာသည် မြန်မာနိုင်ငံရှိတရားမနှင့် ပြစ်မှုဆိုင်ရာ တရားမျှတရေး ဝန်ဆောင်မှုများအပေါ် ပြည်သူများ၏ မျှော်လင့်ချက်များ၊ ပဋိပက္ခများ ပေါ်ပေါက်လာပါက အခြေခံအဆင့်တွင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နည်းလမ်းများအား အသုံးပြုပုံ စသည်တို့ကို ဖော်ထုတ်တင်ပြထားသည်။ တစ်ဦးချင်း၊ မိသားစုများနှင့် အုပ်စုလိုက်အလွတ်သဘော အခင်းအကျင်းများ၊ ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ရသူ စခန်းများနှင့် ပဋိပက္ခဖြစ်လွယ်သည့် နေရာဒေသများတွင် တွေ့ဆုံဆွေးနွေးမေးမြန်းသည့် နည်းနိဿယသည် အနာဂတ်တရားမျှတရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ် များရေးဆွဲရာတွင် အထောက်အကူဖြစ်နိုင်မည့် ရခဲသည့်အချက်အလက်များအား ရရှိစေသည်။ ထို့အပြင် အမှုကိစ္စများကို တရားမျှတရေးစနစ်နှင့် မိမိဆန္ဒအလျောက်ဖြစ်စေ၊ ဆန္ဒအလျောက်မဟုတ်သည်ဖြစ်စေ ထိတွေ့ဆက်ဆံရာတွင် မျှတစွာကိုင်တွယ်ဖြေရှင်းလိမ့်မည်ဟု ယုံကြည်မှု နည်းပါးသည့် ပြည်သူများ၏အမြင်ကိုလည်း နားလည် သိမြင်စေသည်။ ထိုသို့ ယုံကြည်မှုနည်းပါးခြင်းကြောင့်ပြည်သူများသည်အငြင်းပွားမှုများဖြေရှင်းရာတွင် မျှတသည့်ရလဒ်များ ဆောင်ကြဉ်းပေးနိုင်သည့် သမားရိုးကျ မဟုတ်သော နည်းလမ်းများကို များစွာမှီခိုသော်လည်း၊ ထိုရလဒ်များသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် လူ့အခွင့်အရေးစံများနှင့် အမြဲတစေ ကိုက်ညီမှုမရှိတတ်ပါ။

ယုံကြည်မှု ပြန်လည်တည်ဆောက်ရန် အတွက် တရားမျှတရေးစနစ်အတွင်း ပါဝင်သူများနှင့် အဖွဲ့အစည်းအားလုံး၏ အရည်အသွေးနှင့် တရားမျှတစွာဆောင်ရွက်မှုများ မြင့်မားလာစေရေးအတွက် တိုင်းတာ၍ရသည့် တိုးတက်မှုများကို အစိုးရမှ ဖော်ဆောင်သွားရန်လိုအပ်သည်။ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏ အမြင်နှင့် မျှော်လင့်ချက်များကို နားလည်သဘောပေါက်ခြင်းသည် ထိခိုက်လွယ်ဆုံးနှင့် လူ့အဖွဲ့အစည်းအတွင်း အဖယ်ကြဉ်ခံရဆုံးသူများ အပါအဝင် ပြည်သူအားလုံး၏ တရားမျှတမှုဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးလိုပါက မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေ ဆောင်ရွက်ရမည့် ကနဦးအဆင့်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုများကို သဘောတူလက်ခံ ဖြေကြားပေးခဲ့သည့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များမှ ပြည်သူ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤအစီရင်ခံစာ သည် ပေါ်လစီမူဝါဒ ချမှတ်သူများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် အခြား အကျိုးဆိုင် အဖွဲ့အစည်းများအား မြန်မာနိုင်ငံတွင်း အခွင့်အရေးများကိုအခြေခံပြီး စွမ်းရည်ပြည့် တရားမျှတရေးစနစ် တည်ဆောက်ရာတွင် တဖက်တလမ်းက အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

Peter Batchelor
Country Director
UNDP Myanmar



# အစီရင်ခံစာအကျဉ်းချုပ်

ဓာတ်ပုံ- လားရှိုးမြို့မဈေးသို့ အနီးအနားရှိ ရွာများမှ ဟင်းသီးဟင်းရွက်များ လာရောက်ရောင်းချကြသည့် ပလောင်အမျိုးသမီးများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း။

၂၀၁၅ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၆ ခုနှစ် ဇူလိုင်လကြားတွင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်[၁] အတွင်းရှိ မြို့နယ် (၁၆) ခုတွင် တရားမျှတမှု လက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်တို့အား လေ့လာခဲ့ပါသည်။ ထိုလေ့လာမှု၏ ရည်ရွယ်ချက်မှာ သမားရိုးကျ ဖြစ်သော၊ တရားစီရင်ရေး/စီမံအုပ်ချုပ်ရေးဆန်သော နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ပြည်သူများအနေဖြင့် ၎င်းတို့၏ အငြင်းပွားမှုများနှင့် နစ်နာမှုများကိုဖြေရှင်းရာတွင် မည်သည့်အတွက်ကြောင့်နှင့် မည်သို့အသုံးပြုသည်ကို မီးမောင်းထိုးပြရန် ဖြစ်သည်။

ဤလေ့လာမှုတွင် အောက်ဖော်ပြပါ မေးခွန်း (၃) ခုကို အခြေခံထားသည်။

၁။ ပြည်သူများ တရားမျှတမှုကို မည်သို့ရှာဖွေသနည်း။

၂။ သမားရိုးကျ တရားမျှတရေးစနစ် အပေါ် ပြည်သူများ၏ ထင်မြင်ချက်၊ ယုံကြည်မှုနှင့်စိတ်ချမှု မည်သို့ရှိသနည်း။

၃။ သမားရိုးကျမဟုတ်သော တရားမျှတရေး လုပ်ငန်းစဉ်များနှင့် လည်ပတ်ပုံ နည်းလမ်းများသည် ဒေသတွင်း မည်သို့ရှိသနည်း။

ဤပေါင်းစည်းထားသော အစီအရင်ခံစာတွင် တွေ့ရှိချက်များကို[၂] အကျဉ်းချုပ်တင်ပြ ထားသည်။ (တွေ့ရှိချက်များအား ပြည်နယ်အလိုက် အစီအရင်ခံစာများ[၃] တွင် အသေးစိပ်တင်ပြထားသည်။)

ဤတွေ့ရှိချက်များသည် နမူနာကောက်ယူမှုဆိုင်ရာနည်းနိသယ (နောက်ဆက်တွဲ က) ကြောင့် ကိုယ်စားပြုခြင်းမဟုတ်ပဲ ညွှန်းဆိုခြင်းသာဖြစ်သည်ကို သတိပြုရန်အရေးကြီးပြီး ပိုမိုကျယ်ပြန့်သောလူထု[၄] အပေါ်တွင် ယေဘုယျသဘော ကောက်ချက်ချရန် မဖြစ်နိုင်ပါ။

ဤအစီအရင်ခံစာမှ တရားမျှတမှုလက်လှမ်းမီရေးနှင့် စပ်လျဉ်းပြီး ထွက်ပေါ်လာသည့် အလွန်အရေးပါသော သုံးသပ်ချက်များအပေါ် မီးမောင်းထိုးပြထားပြီး မြန်မာနိုင်ငံတဝှမ်းတရားရေးဆိုင်ရာဝန်ဆောင်မှုများ၏တသမတ်တည်းဖြစ်စေရန်နှင့် အရည်အသွေး ပိုမိုကောင်းမွန်လာစေရန် အမြင်ဖြင့် ထိုသုံးသပ်ချက်များမှ ထွက်ပေါ်လာသော အကြံပြုချက်များကိုလည်း တင်ပြထားသည်။ နိဒါန်းတွင်လေ့လာမှု၏ အယူအဆပိုင်းဆိုင်ရာ ကျောထောက်နောက်ခံအကြောင်းအရာများကို အကျဉ်းချုပ်ဖော်ပြထားပြီး လေ့လာမှုဆိုင်ရာ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များ အတွက် နောက်ခံအခြေအနေကိုလည်း ဖော်ပြထားသည်။ ၎င်းသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တွင် အခြေခံကျသော အဓိကအယူအဆ (၃) ခု ဖြစ်သည့် (၁) လုပ်ပိုင်ခွင့် အာဏာ၏ တရားဝင်ဖြစ်မှု (၂) တရားစီရင်ရေးအာဏာ၏ တရားဝင်ဖြစ်မှုနှင့် ကျင့်သုံးမှုအပေါ် ပြည်သူယုံကြည်မှု (၃) တာဝန်ခံမှုအပါအဝင် တရားဥပဒေစိုးမိုးရေး စသည်တို့တွင်မှီတည်သည်။ တရားမျှတရေးစနစ်၏တရားဝင်ဖြစ်မှုအပေါ် ပြည်သူ၏ယုံကြည်မှုသည် လူ့အဖွဲ့အစည်းအတွင်း လက်ခံထားကြသည့် စံတန်ဖိုးများနှင့် ဆက်စပ်နေသည်။ ထိုလက်ခံထားသော စံတန်ဖိုးများသည် အထူးသဖြင့် အနှစ်သာရရှိသော သာတူညီမျှမှု၊ ခွဲခြားဆက်ဆံမှုမရှိခြင်း နှင့် ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းမှန်ကန်မှုအရ တူညီစွာနှင့်တရားမျှတစွာ ဆက်ဆံခံပိုင်ခွင့်တို့ ပါဝင်သော လူ့အခွင့်အရေးများပေါ်တွင်အခြေခံထားသည်။ ထိုလက်ခံထားသော စံများသည် တရားမျှတမှု လက်လှမ်းမီရရှိရေးအတွက် လုပ်ဆောင်ရာတွင် အဓိကကျပြီး တရားရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရလဒ်များအပေါ်တွင် ပြည်သူများ၏ မျှော်လင့်ချက်များကိုလည်း ဖော်ပြပေးသည်။ ၎င်းတို့သည် တာဝန်ခံမှုအပေါ်တွင်လည်း တူညီသော မျှော်လင့်ချက် တစ်ခုကို သွယ်ဝိုက်ညွှန်းဆိုသည် - ဆိုလိုသည်မှာ အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအား စွဲကိုင်ထားသူများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် တာဝန်ရှိပြီး၊ ပြည်သူသို့ ဖြေရှင်းနိုင်ရမည်၊ တဆက်တည်းတွင် ပြည်သူလူထုအနေဖြင့် အစိုးရအရာရှိများအား တာဝန်ယူစေရန် တောင်းဆိုပိုင်ခွင့်ရှိသည်။

အပိုင်း၁၊၂နှင့် ၃တို့တွင်လေ့လာမှုတွေ့ရှိချက်များကိုတင်ပြပြီး သရုပ်ခွဲ လေ့လာထားသည်။ အပိုင်း ၁ သည်

၁ နောက်ဆက်တွဲ ၁ တွင် လေ့လာမှုဆိုင်ရာ နည်းနိသယကို အကျဉ်းချုပ်ဖော်ပြထားသည်။

၂ ဤအစီအရင်ခံစာတွင် ပါဝင်ဖြေဆိုသူဆိုသည်မှာ အုပ်စုလိုက်နှင့် တွေ့ဆုံမေးမြန်းမှုများတွင် ပါဝင်သူများအပါအဝင် သုသေသနလေ့လာမှုတွင် ပါဝင်ခဲ့သည့် မည်သူကိုမဆို ရည်ညွှန်းသည်။ ဤအစီအရင်ခံစာတွင် ယေဘုယျအားဖြင့် ဒေသတွင်းပြောင်းရွှေ့နေထိုင်ရသူများ (IDP) နှင့် စပ်လျဉ်းသော တွေ့ရှိချက်များမပါဝင်ပါ။ ဤအုပ်စုကို ကချင်ပြည်နယ်တွင်သာ နမူနာကောက်ယူခဲ့ပါသည်။ UNDP Myanmar (2017), တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ-- ကချင်ပြည်နယ်။ တရားမျှတမှု လက်လှမ်းမီရရှိရေးနှင့် စပ်လျဉ်းသော ဒေသတွင်းပြောင်းရွှေ့နေထိုင်ရသူများ (IDP) ၏ အတွေ့အကြုံများကို အထူးအလေးထားရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်သည်။

၃ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု -- ရခိုင်ပြည်နယ်၊ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု -- ကချင်ပြည်နယ်၊ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု -- ရှမ်းပြည်နယ်

၄ လေ့လာမှုနေရာများနှင့် ပါဝင်ဖြေဆိုသူများအား တိကျစွာရွေးချယ်ခဲ့သည်။ တွေ့ရှိချက်များသည် လေ့လာမှုဆိုင်ရာနမူနာများကိုသာ ဖော်ပြသည်။ စာရင်းကိန်းဂဏန်းအရ ပါဝင်ဖြေဆိုသူများအကြားတွင် ဆီလျော်သောနှိုင်းယှဉ်မှုများ မပြုလုပ်နိုင်ခဲ့ရာ တွေ့ရှိချက်များဖြင့် ကျယ်ပြန့်သည့် လူဦးရေအတိုင်းအတာအပေါ်တွင် ယေဘုယျကောက်ချက်ချခြင်း မပြုလုပ်နိုင်ပါ။

တရားမျှတမှု၏ အစိတ်အပိုင်းအချို့ အပေါ်တွင် ပါဝင်ဖြေဆိုသူများ၏ ရှုထောင့်များကို ပထမထည့်သွင်း စဉ်းစားသည်။ ထို့နောက် လူထုမှ ဖြေရှင်းရန်ကြိုးစားခဲ့သော အငြင်းပွားမှုများ၏ သဘောသဘာဝနှင့် မည်သည့်အငြင်းပွားမှု ပြဿနာအမျိုးအစားများအား ၎င်းတို့မှ ဦးစားပေးအဆင့်အနေဖြင့် သဘောထားသည်ကို လေ့လာသည်။ ၎င်းတို့၏ အငြင်းပွားမှုများသည် ကျေးမြို၊ မြေယာ၊ အရပ်ဖက်ဆိုင်ရာ စာရွက်စာတမ်းပြုလုပ်ခြင်းနှင့် အစိုးရအာဏာပိုင်များမှ အာဏာကိုအလွဲသုံးခြင်းစသည့် ပြဿနာ (၄) ခုဖြင့် လွှန်စွာပါတ်သက်နေသည်။

အပိုင်း ၂ တွင် ပြည်သူများက တရားမျှတမှု လက်လှမ်းမီရရှိရေးအတွက် မည်သည့်အတွက်ကြောင့်နှင့် မည်သို့ကြိုးပမ်းခဲ့ခြင်းအားလေ့လာနိုင်ရန်နောက်ခံအကြောင်းအရာအချို့ကို ဖော်ပြသည်။ ၎င်းတို့၏ တက်ကြွစွာပါဝင်မှုသည် သာတူညီမျှမှု၊ တရားမျှတမှုနှင့် တာဝန်ခံမှုကဲ့သို့သော စံတန်ဖိုးများအား ခံယူလိုက်နာခြင်းကြောင့် တစိတ်တဒေသဖြစ်ဟန်ရှိသည်။ ယေဘုယျအားဖြင့် ၎င်းတို့က မိမိတို့သည် တရားမမျှတမှု၊ မညီမျှမှု (သို့မဟုတ်) ခွဲခြားဆက်ဆံခံရမှုတို့၏ သားကောင်များဖြစ်သည်ဟု သဘောထားပြီး အစိုးရအရာရှိများတွင် တာဝန်ယူမှု ကင်းမဲ့နေသည်ဟုလည်း ထင်မြင်ကြသည်။ ပြည်သူအများစုသည် သမားရိုးကျမဟုတ်သော လမ်းကြောင်းများမှတဆင့် တရားမျှတမှု လက်လှမ်းမီရရှိရေးအတွက်ကြိုးပမ်းကြသည်။ ခွဲခြားဆက်ဆံမှုရှိသည်ဟူသော အမြင်ကြောင့် ပြည်သူအချို့မှ ၎င်းတို့၏ ပြဿနာများအတွက် အကူအညီရယူဖြေရှင်းရန် ဝန်လေးနေခြင်း ဖြစ်နိုင်သည်။

လူအများစုသည် ၎င်းတို့၏ နစ်နာမှုများကို ဖြေရှင်းရန် အမှန်ပင် ကြိုးစားကြပါသည်။ ၎င်းတို့သည် အငြင်းပွားမှုများအား ဒေသတွင်း၌ ဖြေရှင်းလိုခြင်း၊ ပြေလည်မှုရရှိရန်လည်း အကူအညီတောင်းခံရန် ဝန်မလေးခြင်းအပြင် မိမိလိုလားသောရလဒ်ရရှိခြင်းထက်မှန်ကန်မျှတသည့်တရားစီရင်မှုမျိုးကို တန်ဖိုးထားကြသည်။ တိုက်ရိုက်ညှိနှိုင်းမှုမှတဆင့် (သို့မဟုတ်) တတိယ ပုဂ္ဂိုလ်/အဖွဲ့အစည်းများ (third parties) ၏အကူအညီဖြင့် ဒေသတွင်းကိစ္စရပ်များကို ဖြေရှင်းရန်ကြိုးပမ်းမှုများသည် ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ထည့်သွင်း စဉ်းစားမှုများအပေါ်တွင် အခြေခံထားကြောင်း တွေ့ရပြီး မကြာခဏဆိုသလို အောင်မြင်မှုမရှိကြောင်းလည်း တွေ့ရသည်။ ဒေသတွင်းအဆင့် ၅ တွင် အငြင်းပွားမှုများအားဖြေရှင်းရန် ကြိုးပမ်းမှုများတွင် သမားရိုးကျ တရားမျှတရေးစနစ်မှ တာဝန်ရှိသူများသည် ရံဖန်ရံခါမျှသာ ပါဝင်ကြသည်။

အပိုင်း ၃ သည် အငြင်းပွားမှုနှင့် ပြဿနာများ ဖြေရှင်းရာတွင် ပါဝင်ပတ်သက်သည့် တတိယပုဂ္ဂိုလ်၊ အဖွဲ့ အစည်းများကို အလေးပေးလေ့လာသည်။ ပြည်သူများက အဓိက တရားရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအပေါ်တွင် မည်သို့ရှုမြင်သည်နှင့် ထိုအမြင်များက ၎င်းတို့၏ ဆုံးဖြတ်ချက်များ၊ တရားမျှတမှု လက်လှမ်းမီရရှိရေးကြိုးပမ်းမှုများတွင် မည်သို့လွှမ်းမိုးမှုရှိသည်တို့ကိုလည်း လေ့လာထားသည်။ တရားမျှတမှု လက်လှမ်းမီရေးအတွက် ကြိုးစားခဲ့သူအများအပြားသည် ဥစ္စာဓန၊ ပညာအဆင့်အတန်းနှင့် အဆက်အသွယ်ရှိသူများကို မျက်နှာသာပေးသော မြန်မာလူ့အဖွဲ့အစည်း၏ ခွဲခြားဆက်ဆံမှုကြောင့် သမားရိုးကျ တရားမျှတရေးစနစ်တွင် ၎င်းတို့၏ပြဿနာများကို အလေးထားခြင်းခံရမည် မဟုတ်ဟုထင်မြင်ကြသည်။ ထိုထင်မြင်ချက်သည် အခင်းဖြစ်စဉ်များ (အထူးသဖြင့် အမျိုးသားများကြီးစိုးသော စံနှုန်းများဆက်လက်တည်ရှိခြင်းနှင့် ဆက်စပ်ကြည့်လျှင် အမျိုးသမီးများအား အကြမ်းဖက်မှုဖြစ်စဉ်များ) ကို သတင်းပို့တိုင်ကြားမှုနည်းပါးခြင်းနှင့် ဆက်စပ်နိုင်သည်။ တရားမျှတမှုအား ရှာဖွေရာတွင် နှိပ်စက်ညှဉ်းပန်းခံရပြီး ထိရှလွယ်သော အမျိုးသမီးများကြုံတွေ့ရသည့် အခက်အခဲများသည် သိသာထင်ရှားသော စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ ဤအခြေအနေတွင် အစိုးရဦးဆောင်မှုလိုအပ်ပြီးဦးစားပေး အရေးယူဆောင်ရွက်သင့်ပါသည်။

သမားရိုးကျ တရားမျှတရေးစနစ် အပေါ်တွင် ပြည်သူများ၏ အမြင်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြေရှင်းရေးအတွက် စနစ်အပေါ်တွင် ၎င်းတို့၏ အားကိုးအားထားမှုမရှိခြင်းသည် အထူးသဖြင့် သိမှတ်ဖွယ်ရာဖြစ်သည်။ တရားမျှတရေး ကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသူများအပေါ် ပြည်သူယုံကြည်မှုအဆင့် နိမ့်ကျနေသည်မှာလည်း သိသာထင်ရှားသည်။ ယေဘုယျအားဖြင့်၊ လူထုမှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်တို့သည် ၎င်းတို့၏ စံတန်ဖိုးများကို လက်ခံသည်ဟု မထင်မြင်ကြပါ။ လူထုမှ တရားမျှတရေးစနစ်တွင် ခွဲခြားဆက်ဆံမှုကင်းပြီး မျှတသောဆက်ဆံမှုမျိုးကိုရရှိခြင်းမည်ဟု မယုံကြည်ကြသည့်အပြင် တရားမျှတသော ရလဒ်များကို ဆောင်ကြဉ်းပေးမည်ဟုလည်း စိတ်ချခြင်းမရှိပါ။ ရဲတပ်ဖွဲ့ဝင်များအပေါ်တွင် အများပြည်သူ၏ ယုံကြည်မှုသည် အနိမ့်ဆုံးအဆင့်များတွင် ရှိနေသည်။

သိသာထင်ရှားသော ကွာဟမှုမှာ လူထု အနေဖြင့် ရပ်ရွာခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးကိစ္စရပ်များနှင့် တသားတည်းဖြစ်ပြီး သာမန်ပြည်သူများကဲ့သို့ တူညီ

၅ နောက်ဆက်တွဲ ခ တွင် ခရိုင်၊ မြို့နယ် (သို့မဟုတ်) ရပ်ရွာအုပ်ချုပ်မှုအဆင့်များတွင် ပြစ်မှုဆိုင်ရာတရားမျှတရေးစနစ်တွင်းရှိ အဓိကအဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းစဉ်များကို ဖော်ပြထားသည်။ ၎င်းမှ အငြင်းပွားမှုပြီးပြတ်စေခြင်းတွင် အုပ်ချုပ်ရေးမှူးများနှင့် အထွေထွေအုပ်ချုပ်ရေးဌာန (GAD) တို့၏ အခန်းကဏ္ဍများကိုလည်း ဆွေးနွေးတင်ပြထားသည်။ နောက်ဆက်တွဲ ဂ တွင် ဒေသတွင်းအဆင့်၌ အငြင်းပွားမှုတွင် အစိုးရမဟုတ်သော ကြားခံ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ပါဝင်မှုအခန်းကဏ္ဍကို ဖော်ပြထားသည်။

သောစံများကို လက်ခံထားသည်ဟု ထင်မြင်ကြသည်။ တရားမျှတမှုရရှိရန်နှင့် ၎င်းတို့၏ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ပြည်သူများမှ မည်သို့လိုလားမှုရှိသည်ကို ကြည့်ခြင်းအားဖြင့် ထိုသိသာထင်ရှားမှုကို တွေ့မြင်နိုင်သည်။ သမားရိုးကျမဟုတ်သော နည်းလမ်းများကို အသုံးပြုပြီး ဒေသန္တရအဆင့်တွင် အငြင်းပွားမှုများကို ဖြေရှင်းခြင်းအတွက် ၎င်းတို့၏လိုလားမှုများသည် တရားမျှတမှုဆီသို့သမားရိုးကျမဟုတ်သော နည်းလမ်းများ၏ နှိုင်းယှဉ်ချက်အရ တရားဝင်မှုကို ညွှန်ပြနေသည်။ ဤ အခြေအနေမှာ အချို့သမားရိုးကျမဟုတ်သော နည်းလမ်းများသည် အမျိုးသမီးများ၏ တရားမျှတမှု လက်လှမ်းမီရေးအပေါ် သိသာထင်ရှားသည့် သက်ရောက်မှုရှိနေသော အမျိုးသားကြီးစိုးသော စံနှုန်းများကို လက်ခံကျင့်သုံးနေသည့်တိုင် ဖြစ်သည်။

ဤအစီအရင်ခံစာသည် လေ့လာမှုတွေ့ရှိချက်များမှ ယေဘုယျသုံးသပ်ချက်များကို ပုံဖော်ထားပြီး မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လက်လှမ်းမီရေးတို့ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ဆက်စပ်မှုရှိသည့် အဓိကအကြံပြုချက်များကိုလည်း အဆိုပြုထားသည်။ အကြံပြုချက်များသည် အငြင်းပွားမှုများ အများဆုံးဖြစ်ပွားပြီး လူထုမှဦးစားပေး စိုးရိမ်ပူပန်မှုများရှိသော နယ်ပယ်များအပေါ်တွင် အလေးပေးထားသည်။ ထိုစိုးရိမ်မကင်းမှုများအား ဖြေရှင်းရန် သမားရိုးကျ တရားမျှတရေးစနစ်အပေါ်တွင် ပြည်သူယုံကြည်မှု သိသိသာသာလျော့ကျနေမှုအား ဖြေရှင်းရာတွင်လည်း အထောက်အကူပြုစေရန်ဖြစ်သည်။ ထို့အပြင် တရားမျှတမှုအတွက် လုပ်ဆောင်သော အဆင့်အားလုံးတွင် ပြည်သူများအပေါ်တာဝန်ခံမှု အပါအဝင် တရားဥပဒေစိုးမိုးရေး အခြေခံမှုများနှင့် ညီညွတ်ပြီး လူ့အခွင့်အရေးများအပေါ်တွင် အခြေခံသော လက်ခံထားသည့် စံတန်ဖိုးများနှင့်လည်း ထင်ဟပ်မှုရှိစေရန်ဖြစ်သည်။



# နိဒါန်း

“ဥပမာ ယာဉ်မတော်တဆမှုတစ်ခုမှာ… တိုင်းရင်းသားခေါင်းဆောင်က မှားတဲ့သူကို ဆေးဝါးကုန်ကျစရိတ်တွေ ကျခံစေပြီး [ဒါဏ်ရာရရှိသူ] သူ သို့မဟုတ် သူမ အလုပ်မလုပ်နိုင်တဲ့ရက်တွေအတွက် လျော်ကြေးပေးပါဆိုပြီး သူတို့ ကိုယ်ပိုင်နည်းလမ်းနဲ့ အငြင်းပွားမှု/ပြဿနာ ကို ဖြေရှင်းဖို့ ကြိုးစားကြပါတယ်။ ကျွန်တော်တို့က [ပါဝင်ပါတ်သက်သူများအကြား] သဘောတူညီမှုတစ်ခု ရရှိစေဖို့ကြိုးစားပါတယ်…

မကြာခဏဆိုသလိုပဲ၊ နိုင်ငံတစ်ဝှမ်းလုံးမှာ ‘ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှု ပပျောက်စေ’ ဆိုတဲ့ စကားပုံရှိပါတယ်။ ကျွန်တော်က ဥပဒေအတိုင်း အတိအကျလုပ်ဆောင်ပြီး ကိစ္စရပ်တွေကို ဒီနည်းနဲ့ဖြေရှင်းဖို့ မဖြစ်နိုင်ဘူးလို့ပြောခဲ့ရင်၊ လူထုနဲ့ကျွန်တော် ယုံကြည်မှု မတည်ဆောက်နိုင်တော့ပါဘူး။ သေးငယ်ပြီး မပြင်းထန်တဲ့ အမှုတွေကို သမာရိုးကျနည်းဖြင့် ဖြေရှင်းခြင်းဟာ အချိန်နဲ့ ပိုက်ဆံကုန်စေပါတယ်။ ဒါပေမယ့် ကြီးလေးတဲ့ အမှုတွေအတွက်တော့ ကျွန်တော်တို့ ဥပဒေအတိုင်း ဆောင်ရွက်ရပါမယ်”

- မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) အရာရှိ

ဓာတ်ပုံ- သင်းဂနက်ရွာ မနက်ဈေးတွင် ပုဇွန်ရောင်းနေသည့် ကလေးတစ်ဦး၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။

အဓိက အယူအဆနှစ်ခုဖြစ်သော - တရားဝင်မှုနှင့် ယုံကြည်မှု - တို့သည် မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို ကောင်းမွန်သော အုပ်ချုပ်မှုအတွက် အခြေခံကျသည်။ သမိုင်းဝင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ ရလဒ်များမှ မြန်မာနိုင်ငံတွင် နိုင်ငံရေးအာဏာ ကျင့်သုံးခြင်းတွင် ဤအယူအဆများ၏ အဓိကကျမှုကို သက်သေပြခဲ့သည်။ ၎င်းတို့သည် အထက်တွင် ဖော်ပြထားသော မြန်မာနိုင်ငံရဲ တပ်ဖွဲ့ (MPF) အရာရှိ၏ ထင်မြင်ချက်ကို ကျောထောက်နောက်ခံပြုထားသည်။


တရားဝင်မှုနှင့် ယုံကြည်မှုတို့သည် တရားဥပဒေစိုးမိုးရေးတွင် ပင်ကိုယ်အားဖြင့်ပါဝင်နေပြီး သမားရိုးကျ တရားမျှတရေးစနစ်မှတဆင့် ဥပဒေပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအား ကျင့်သုံးရာတွင်လည်း အရေးပါသည်။ တရားဝင်မှုသည် ဥပဒေလိုက်နာမှုအား မြှင့်တင်ပြီး၊သမားရိုးကျ တရားမျှတရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးပြီး ရပ်ရွာလူ့အဖွဲ့အစည်းများ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အားကောင်းစေသောနည်းလမ်းများဖြင့် ရပ်ရွာလူမှုဖွဲ့အစည်း[၆] နှင့် ထိတွေ့ဆောင်ရွက်မှုအား အဆင်ပြေချောမွေ့စေရန် အထောက်အကူ ပြုသည်။ တရားမျှတရေး စနစ်အပေါ် ပြည်သူယုံကြည်မှုနှင့် ၎င်း၏ တရားဝင်မှုတို့မှ အခြားအများပြည်သူဆိုင်ရာ အင်စတီကျူးရှင်းများအပေါ် ယုံကြည်စေမှုကို တိုးမြှင့်စေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ထိုကဲ့သို့သော အခြား အင်စတီကျူးရှင်းများ[၇] ကျူးလွန်နိုင်သော အလွဲသုံးစားမှုများမဖြစ်ပွားစေရန် အာမခံချက် အချို့ကိုပေးသည်။

ယုံကြည်မှုဆိုသည်မှာ ပြည့်မီသော အရည်အချင်းနှင့် လူအများလက်ခံကျင့်သုံးသော စံတန်ဖိုးများ၏ လုပ်ဆောင်ချက် တစ်ရပ်ဖြစ်သည်။ တနည်းအားဖြင့်၊ တရားမျှတရေးစနစ်အပေါ် ပြည်သူယုံကြည်မှုသည် ထိုစနစ်အတွင်း အခန်းကဏ္ဍတစ်ခုအား လုပ်ဆောင်နေသူများသည် အရည်အချင်းပြည့်မီပြီး (အသိပညာ၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ)၊ ပြည်သူလူထုမှ ၎င်းတို့အပေါ် ယုံကြည်ထားသည့်အတိုင်း လုပ်ဆောင်ရန် မှန်ကန်သော ရည်ရွယ်ချက်များ ရှိခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဒေသဆိုင်ရာလိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရန်[၈] ကိစ္စရပ်များအပေါ်တွင် ပြည်သူလူထုမှ မျှော်မှန်းထားသည်နှင့်အညီ ထိရောက်မှုတစွာ တုံ့ပြန်ဆောင်ရွက်ရန်ဖြစ်သည်။ တဆက်တည်းအားဖြင့် အစိုးရအရာရှိများမှ လာဘ်ပေးလာဘ်ယူ (သို့မဟုတ်) ပြင်ပဩဇာအာဏာလွှမ်းမိုးမှု/ ဖိအားပေးမှုများကို မလွန်ဆန်နိုင်သောအခါတွင် (သို့မဟုတ်) ခွဲခြားဆက်ဆံသော နည်းများဖြင့်ဆောင်ရွက်လျှင်၊ ထိုအပြုအမူများသည် တရားမျှတမှုလက်လှမ်းမီရရှိရေးအား တားမြစ်သည့် ပြည်သူ့ယုံကြည်မှုအပေါ် အဟန့်အတားဖြစ်စေနိုင်သည်။

တရားဝင်မှုသည်လည်း အများက လက်ခံထားသော စံတန်ဖိုးများနှင့် ပါတ်သက်သည်။ တရားဝင်မှုကို အစိတ်အပိုင်း (၃) ခုပါဝင်သည်ဟု အဓိပ္ပါယ်သတ်မှတ်သည်။ ၎င်း တို့မှာ (၁) ရှင်းလင်းတိကျသော သဘောတူခွင့်ပြုချက်၊ (၂) အာဏာပိုင်များ၏ ဥပဒေနှင့်ညီညွတ်ခြင်းဆိုင်ရာ စံများအား လိုက်နာမှုအပေါ်တွင် အခြေခံသည့် ရှင်းလင်းတိကျသော သဘောတူခွင့်ပြုချက်၊ (၃) အများမှလက်ခံထားသော စံတန်ဖိုးများ(သို့မဟုတ်)မှန်ကန်သောရည်ရွယ်ချက်များဖြစ်သည်။[၉] မြန်မာနိုင်ငံ၏ နောက်ခံအခြေအနေတွင် ဤအဓိပ္ပါယ်ဖွင့်ဆိုချက်၌ (၄) အာဏာပိုင်၏ ပင်ကိုယ်ရှိရင်းစွဲ ဝိသေသများ ဆိုသည့် အချက်ကိုလည်း ထပ်ဆောင်းထည့်သွင်းထားသည်။

ထို့ကြောင့် အများမှလက်ခံထားသော စံတန်ဖိုးများနယ်ပယ်တွင် တရားဝင်မှုနှင့်ယုံကြည်မှုတို့၏ အယူအဆများသည် တစ်ခုပေါ်တစ်ခုနွယ်ယှက်နေသည်။ (ပုံ ၁.၁)။[၁၀]

ပုံ ၁.၁ တရားဝင်မှုနှင့် ပြည်သူယုံကြည်မှု




၆ Tom Tyler and Jonathan Jackson လူထုလက်ခံသော တရားဝင်မှုနှင့် ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ ကျင့်သုံးမှု- လိုက်နာမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိတွေ့မှုအား တွန်းအားပေးခြင်း (၂၀၁၃)

၇ Steven Van de Walle၊ တရားရေးစနစ်အပေါ် အများပြည်သူ၏ ယုံကြည်မှု - ဥရောပတိုက်တစ်ဝှမ်း နှိုင်းယှဉ်သုံးသပ်မှုတစ်ခု (၂၀၀၉)

၈ Jonathan Jackson et al၊ တရားမျှတမှုအပေါ် အများပြည်သူ၏ ယုံကြည်မှု - ဥရောပ လူမှုရေး ညွှန်းကိန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မှတ်စုများ (၂၀၁၁)

၉ ဥရောပလူမှုရေးစစ်တမ်း တရားမျှတမှု ညွှန်းကိန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ရေးဆွဲထားသော ရုပ်ပုံကားချပ်၊ Mike Hough & Stefano Maffei၊ "တရားမျှတမှုအပေါ် ပြည်သူယုံကြည်မှုနှင့် တရားဝင်မှုအပေါ် တွေးခေါ်သုံးသပ်ခြင်း"၊ ဥရောပပြစ်မှုဗေဒ (၂) ၂၀၁၃ တွင် David Beetham၊ အာဏာအားတရားဝင်ဖြစ်စေခြင်း (၁၉၉၁) ကိုကြည့်ပါ။

၁၀ E. Shockley et al. (eds)၊ ပြည်သူယုံကြည်မှုအပေါ်တွင် ပေါင်းစည်းထားသော အမြင်ရှုထောင့်များ၊ Switzerland: Springer International, 2016: 49–69 တွင် Jonathan Jackson and Jacinta Gau, "အယူအဆများအား ပိုင်းခြားခြင်း ? ဥပဒေပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအပေါ် အများပြည်သူ၏ ခံယူချက်များတွင် ပြည်သူယုံကြည်မှုနှင့် တရားဝင်မှုအကြား ပိုင်းခြားသိမြင်ခြင်း"

ဤလေ့လာမှုတွင် တရားမျှတမှု[၁၁]လက်လှမ်းမီရေး အတွက် အများလက်ခံထားသော စံတန်ဖိုးများမှာ အဓိက ကျကြောင်း ဖော်ထုတ်ထားသည်။ ၎င်းတို့သည် သမားရိုး ကျဖြစ်သော၊ စီမံအုပ်ချုပ်မှုဆန်သော သို့မဟုတ်သမားရိုးကျ မဟုတ်သော တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ပြည်သူများ၏ မျှော်လင့်ချက်များကိုလည်း ဖော်ပြထား သည်။ ထိုအများလက်ခံထားသော စံတန်ဖိုးများတွင် တရား ဥပဒေရှေ့မှောက်တွင်[၁၂] သာတူညီမျှမှု၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ အခြားသူများအားလေးစားခြင်း၊ တရားမျှတမှုနှင့် လူ့အဖွဲ့အစည်းအတွင်း ခြစားမှုကင်းရှင်းခြင်းတို့ ပါဝင် သည်။ ရပ်ရွာအဆင့်တွင် လူမှုရေးကိစ္စရပ်များ၌ သာတူညီမျှ မှု၊ ခွဲခြားဆက်ဆံမှု မရှိခြင်းတို့နှင့် သက်ဆိုင်ပြီး တရားစီရင် ရေးလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ တ ရားမျှတမှုရှိခြင်းတို့ကို ဆိုလိုသည်။ ထို စံတန်ဖိုးများသည် လူ့ အခွင့်အရေး[၁၃] အခြေခံမှုများနှင့်လည်း ဆက်စပ်နေသည်။

ထိုလက်ခံထားသော စံတန်ဖိုးများသည် တူညီ သောမျှော်မှန်းချက်တစ်ခုဖြစ်သည့် တာဝန်ခံမှုအား ညွှန်းဆို သည်။ တာဝန်ခံမှုသည် ဒီမိုကရေစီ (သို့မဟုတ်) ကောင်းမွန် သော အုပ်ချုပ်မှုစနစ်၏ မရှိမဖြစ်ရှိရမည့် လိုအပ်ချက်များမှ တစ်ခုဖြစ်သည်။ ဆိုလိုရင်းမှာ အများပြည်သူဆိုင်ရာလုပ်ပိုင် ခွင့်အာဏာတစ်ရပ်ကို တာဝန်ယူထားရသည့် ရွေးကောက်ခံ ထားရသော (သို့မဟုတ်) ခန့်အပ်ခြင်းခံထားရသော အရာရှိ များသည် ၎င်းတို့၏လုပ်ရပ်များ၊ လုပ်ဆောင်ချက်များနှင့် ဆုံး ဖြတ်ချက်များအတွက် တာဝန်ရှိပြီး တာဝန်ခံရမည်။ အရပ် ဖက်လူ့အဖွဲ့အစည်းသည် အစိုးရရုံးများရှိ ထိုသူတို့အား တာဝန်ယူစေရန် တောင်းဆိုရာတွင် အရေးပါသော အခန်း ကဏ္ဍမှပါဝင်သည်။ တာဝန်ခံမှုဆိုသည်မှာ မည်သည့်လုပ်ရပ် အတွက် မည်သူတာဝန်ရှိသည်၊ မည်သည်က ဥပဒေနှင့် မညီသော လုပ်ရပ်ဖြစ်သည်ကို ဖော်ထုတ်ပေးသည်။[၁၄]

ထုံးစံအားဖြင့် တရားဥပဒေစိုးမိုးရေး နောက်ခံ အခြေအနေတစ်ခုအတွင်းရှိ တရားမျှတရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွင် အများပြည်သူဆိုင်ရာ လုံခြုံရေး အား သေချာစေခြင်း၊ ထိရောက်ပြီး မှန်းဆနိုင်သော အုပ်ချုပ် မှုအား မြှင့်တင်ခြင်း၊ သာတူညီမျှမှုအပေါ် အာမခံချက်များ၊ အခြေခံအခွင့်အရေးများအား အကာအကွယ် ပေးခြင်းတို့ အပေါ် လေးစားလိုက်နာခြင်းနှင့် လွတ်လပ်ပြီး တာဝန်ခံမှုရှိ သော တရားစီရင်ရေးမှတဆင့် အစိုးရသည် ဥပဒေကိုလိုက် နာစေခြင်း စသည်များပါဝင်သော မူဝါဒဆိုင်ရာ ရည်မှန်းချက် များနှင့် ဆက်စပ်နေသည်။[၁၅] ထိုနယ်ပယ်တစ်ခုချင်းစီ၏ တိုးတက်မှုသည် နောက်ခံအခြေအနေတစ်ခုမှ အခြားတစ်ခု အပေါ် မူတည်၍ ကွဲပြားနိုင်ပြီး ကွဲပြားသောရည်မှန်းချက်များ သည် ဥပမာအားဖြင့် အများပြည်သူလုံခြုံရေးနှင့် တရား မဝင် ဝင်ရောက်နေထိုင်မှုများက တဖက်၊ အခြားတဖက်တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု စသည့် ကွဲပြားခြား နားသည့် ရည်မှန်းချက်များ တစ်ခုနှင့်တစ်ခုပွတ်တိုက်သည့် သဘော တခါတရံ ရှိနိုင်သည်။

ဤလေ့လာမှု၏ ဦးတည်ချက်မှာ တရားမျှတမှု လက်လှမ်းမီရရှိရေးဖြစ်သည်။ တရားမျှတမှုလက်လှမ်းမီရေး သည် တရားဥပဒေ စိုးမိုးရေးနှင့် ဆက်စပ်သော စိန်ခေါ်မှုများ အား စူးစမ်းရှာဖွေရာတွင် အရေးပါသော မှတ်ကျောက်တစ်ခု ဖြစ်သည်။ အခြေခံအခွင့်အရေးများအား ချိုးဖောက်ခံရသော အခါ (သို့မဟုတ်) ခြိမ်းခြောက်ခံရသောအခါတွင်၊ ထိရောက် သော ကုစားမှုတစ်ခုအား သေချာစေရေး၌ (၁) အခြေခံအ ခွင့်အရေးများအား အသိအမှတ်ပြုခြင်း (ဥပဒေတွင် သို့မဟုတ် ဓလေ့ထုံးတမ်းတွင်)၊ (၂) ထိုအခွင့်အရေးများအား သိရှိခြင်း၊ (၃) အခွင့်အရေးများအား ခုခံကာကွယ်ရသောအခါ သို့မ ဟုတ်ခြိမ်းခြောက်ခံရသောအခါတွင်တောင်းဆိုမှုများပြုလုပ် ရန် ယုံကြည်မှုနှင့်လုပ်ဆောင်နိုင်စွမ်း၊ (၄) တရားစီရင်ရေး လုပ်ငန်းစဉ်တိုင်း၏ တရားမှုတမှု၊ (၅) နောက်ဆုံးရလဒ်၏ တရားမျှတမှု၊ (၆) အခွင့်အရေးများနှင့် ပါတ်သက်သည့် ဆုံး ဖြတ်ချက်များအား အာဏာတည်စေခြင်းနှင့် အကောင်အ ထည်ဖော်ရာတွင် တရားမျှတမှုနှင့် ထိရောက်မှုရှိခြင်းတို့ ပါ ဝင်သည်။ မည်သည့်လုပ်ငန်းစဉ်နှင့် နောက်ခံအခြေအနေတွင် မဆို ထိရောက်သော ကုစားမှုရရှိရန် ထိုအချက်အလက်များ အားလုံးကို လိုအပ်သည်။

အခွင့်အရေးများအား သိရှိခြင်းသည် တရားမျှတမှု လက်လှမ်းမီရေးသို့ ဦးတည်သောလမ်းကြောင်းတွင် အရေး ပါသော ပထမအဆင့်ဖြစ်သည်။ ထိုအခွင့်အရေးများအား အသိအမှတ်ပြုခြင်းသည် တရားမျှတမှုသို့ ဦးတည်သော လမ်းကြောင်းတစ်ခု သေချာစွာရှိစေရန် လိုအပ်သော အ ခြေခံတစ်ခုဖြစ်သည်။ တရားဥပဒေရှေ့မှောက်တွင် တန်းတူ ညီမျှမှု အခြေခံသဘောတရားနှင့် လက်ခံထားသော စံတန် ဖိုးများအား လေးစားလိုက်နာမှုရှိခြင်းတို့သည် မြန်မာနိုင်ငံ၏ တရားမျှတမှုလက်လှမ်းမီရေးကို တိုးတက်စေရာတွင် အ ရေးပါသော အချက်များဖြစ်လာမည်။

၁၁ ဤတွေ့ရှိချက်များသည် နမူနာကောက်ယူမှုဆိုင်ရာ နည်းနိဿယ (နောက်ဆက်တွဲ ၁) ကြောင့် ကိုယ်စားပြုခြင်းမဟုတ်ပဲ ညွှန်းဆိုခြင်းသာဖြစ်သည်ကို သတိပြုရန် အရေးကြီးပြီး ပိုမိုကျယ်ပြန့်သော လူထုဂ အပေါ်တွင် ယေဘုယသဘော ကောက်ချက်ချရန် မဖြစ်နိုင်ပါ။ လေ့လာမှုနေရာများနှင့် ပါဝင်ဖြေဆိုသူများအား တိကျစွာရွေးချယ်ခဲ့သည်။ တွေ့ရှိချက်များသည် လေ့လာမှုဆိုင်ရာနမူနာများကိုသာ ဖော်ပြသည်။ စာရင်းကိန်းဂဏန်းအရ ပါဝင်ဖြေဆိုသူများအကြားတွင် ဆီလျော်သော နှိုင်းယှဉ်မှုများ မပြုလုပ်နိုင်ခဲ့ပါ။

၁၂ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် (၁၄)အပြင်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၏ အပိုဒ် (၇) တွင်ဖေါ်ပြထားသည့် "လူတိုင်းသည် တရားဥပဒေရှေ့မှောက်တွင် တန်းတူဖြစ်သည်။ ကျောသားရင်သား မခွဲခြားရ" ဟုဆိုသည့် အတိုင်းပင် တရားဥပဒေရှေ့မှောက်တွင်တန်းတူဖြစ်မှုသည် မျှတသော တရားခွင် ဆိုင်ရာအခွင့်အရေးများနှင့် လုပ်ငန်းစဉ်များ၏ အုတ်မြစ်ဖြစ်သည်။

၁၃ မည်သည့် နိုင်ငံသား၊ နေထိုင်ရာအရပ်၊ လိင်၊ လူမျိုးစု (သို့မဟုတ်) တိုင်းရင်းသားဇစ်မြစ်၊ အသားအရောင်၊ ဘာသာ၊ ဘာသာစကား (သို့မဟုတ်) အခြားမည်သည့် အဆင့်အတန်းကိုမဆို လူ့အခွင့်အရေးများသည် လူသားအားလုံး၏ မွေးရာပါအခွင့်အရေးဖြစ်သည်။ လူတိုင်းသည် ၎င်းတို့၏ လူ့အခွင့်အရေးများကို ခွဲခြားဆက်ဆံမှုမရှိပဲ တူညီစွာရပိုင်ခွင့်ရှိသည်။ နိုင်ငံတကာလူ့အခွင့်အရေးများမှ လူ့အခွင့်အရေးနှင့် တစ်ဦးတစ်ယောက်ချင်း (သို့မဟုတ်) အုပ်စုများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် အစိုးရများ၏ လိုက်နာရမည့် တာဝန်များကို သီးခြားနည်းလမ်းများဖြင့်ဆောင်ရွက်ရန် (သို့မဟုတ်) သီးခြားလုပ်ဆောင်မှုများမှ ကာကွယ်ရန် ချမှတ်ထားသည်။

၁၄ အုပ်ချုပ်မှုနှင့် အစိုးရအဖွဲ့အစည်းများ၏ အခြေခံအယူအဆများနှင့် ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်။ အထွေထွေအတွင်းရေးမှူးရုံးမှတ်စု; အစိုးရအဖွဲ့အစည်းများဆိုင်ရာ ကျွမ်းကျင်သူများကော်မတီ။ ပဥ္စမအကြိမ် အစည်းအဝေး နယူးယောက်မြို့ ၂၀၀၆ ခုနှစ် မတ်လ ၂၇/၃၁၊ အစီအစဉ်နံပါတ် ၅ အုပ်ချုပ်မှုနှင့် အစိုးရအဖွဲ့အစည်းများ၏ အခြေခံဝေါဟာရများ လက်စွဲ။

၁၅ ဤလေ့လာမှုတွင် တရားဥပဒေစိုးမိုးရေး၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုနေခြင်းမဟုတ်သော်လည်း ၎င်း၏အရေးပါသောအချက်များကို ထုတ်နှုတ်ပြခဲ့သည်။ ၎င်းတို့မှာ ( ၁ ) ဥပဒေနှင့်အညီ အစိုးရ၏ ကတိကဝတ် ( ၂ ) မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဥပဒေပြုခြင်း၊ စီရင်ဆုံးဖြတ်ခြင်း နှင့် ဥပဒေ အာဏာသက်ရောက်ခြင်း ( ၃ ) လေးစားမှုနှင့် တူညီသော ဂုဏ်သိက္ခာ ရှိမှု ဖြစ်စေသည့် ဥပဒေပြဌာန်းချက်များ ( ၄ ) တရားမျှတမှု ရရှိရေးတို့ဖြစ်သည်။ ကမ္ဘာ့တရားရေး စီမံကိန်းတွင်လည်း ရှာဖွေ့လေ့လာနိုင်သည်။ htpp: worldjusticeproject.org/factor တွင် ကမ္ဘာ့တရားရေး စီမံကိန်း၏ တရားဥပဒေစိုးမိုးရေး ညွှန်းကိန်း၊ အထွေထွေ အတွင်းရေးမှူးချုပ် အစီရင်ခံစာ - ပဋိပက္ခ ကာလတွင်း နှင့် ပဋိပက္ခ အလွန် လူမှုအသိုင်းအဝိုင်းအတွင်း အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှု၊ ၁၃ ဩဂုတ် ၂၀၁၄ ( UN Doc. S / 2004 / 616 ) ကိုရှု။




ဓာတ်ပုံ- ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်



# ၁။ တရားမျှတမှုဆိုင်ရာ ပြဿနာများ

ကျွန်တော်တို့ရဲ့မြေကို အစိုးရအသစ်တက်လာပြီးတဲ့နောက်မှာ ပြန်တောင်းလို့ရတယ်လို့ ကြားပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့တွေ တိုင်ကြားစာတွေကို ရပ်ကွက်၊ မြို့နယ်၊ ခရိုင်နဲ့ ပြည်နယ်အဆင့်ထိပေးပို့ပြီး တိုင်ကြားထားပါတယ်။ ဒါပေမယ့် ဒီမြေတွေကို ပိုင်တယ်ဆိုတာကို သက်သေပြသဖို့အတွက် ဘယ်သူကမှ တရားဝင်အထောက်အထားတွေ မရှိပါဘူး။ လယ်သမားတွေကပဲ ဘယ်သူက ဘယ်မြေကို ပိုင်တယ်ဆိုတာပဲ သက်သေပြနိုင်တာပါ။ ကျွန်တော်အနေနဲ့ ပြောလိုတာကတော့ ဗဟိုအစိုးရက အားလုံးကို ချုပ်ကိုင်ထားတဲ့အတွက် ဒီကိစ္စမျိုးအားလုံးကို ဖြေရှင်းဖို့ဆိုတာ ခက်ခဲမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့တွေအားလုံး စောင့်ကြည့်သွားရမှာပေါ့။"

—ဖြေဆိုသူတစ်ဦး၊ ရှမ်းပြည်နယ်

ဓာတ်ပုံ- မြစ်ကြီးနားမြို့မှ ဒေသခံလမ်းလျှောက်တီးဝိုင်းလေ့ကျင့်နေစဉ်၊ ကချင်ပြည်နယ်

"ရွာထဲက အမျိုးသမီးတွေက သူတို့မိသားစုတွေ ရန်ဖြစ်တာပဲဖြစ်ဖြစ်၊ သူတို့အမျိုးသားဖြစ်တဲ့သူတွေက အရက်မူးပြီးရိုက်တာပဲဖြစ်ဖြစ် ကျွန်တော် ကြားဝင်ဖြေရှင်းပေးတာကို အားကိုးကြပါတယ်။ ကျွန်တော်ကတော့ သူတို့တွေရဲ့ အမျိုးသားတွေကိုနားချပြီးတော့ ဒီလိုမျိုး ကိုယ့် ဇနီး/မိန်းမကို ကွာရှင်းတယ်၊ ရိုက်တယ်ဆိုတာက ကိုယ်မွေးထားတဲ့ ခွေးကို ရိုက်တဲ့အတိုင်းပဲ၊ လင်မယားတွေဟာ ကမ္ဘာပေါ်မှာ တစ်ဦးနဲ့တစ်ဦး အချစ်ရဆုံးသူတွေ ဖြစ်ရမှာလို့ ပြောပြပြီးဖြေ ရှင်းပေးပါတယ်။"

–ဖြေဆိုသူတစ်ဦး၊ ရခိုင်ပြည်နယ်

"ကျွန်တော်တို့ ကိစ္စတွေကို အားကိုးရပြီး ဖြေရှင်းပေးမယ့်သူမရှိဘူး။ ကျွန်တော်တို့ ပြဿနာတွေနဲ့ပတ်သက်ပြီး သွားဖြေရှင်းလို့ရမယ့် နေရာဆိုတာမရှိဘူး။ ဒီလို ပိုက်ဆံပေးရတာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူး။ အားလုံးပေးနေရတာ။ ဘာမှပြောလို့မရဘူး။ ဒီအတိုင်းပေးပြီးတော့ အိမ်ပြန် လာရတာ။"

–ဖြေဆိုသူတစ်ဦး၊ ၊ ရှမ်းပြည်နယ်

ပထမဆုံး မေးမြန်းခဲ့သည့် သုတေသနမေးခွန်းသည်- "ပြည်သူများ တရားမျှတမှုရရှိအောင် မည်ကဲ့သို့ လုပ်ဆောင်သနည်း" ဖြစ်သည်။

ယခုပထမအပိုင်းတွင် ဖြေဆိုသူများ၏ တရားမျှတမှုအပေါ် အမြင်သဘောထားနှင့် လက်လှမ်းမီရရှိနိုင်သည့် အခြေအနေတို့ကို ဖော်ပြသည်။ ထိုမှတဆင့် အရေးကြီးဆုံးဟု ပြည်သူများ သတ်မှတ်သည့် ပြဿနာများနှင့် နစ်နာမှုများကို လေ့လာဆန်းစစ်သွားနိုင်ရန် ဖြစ်သည်။

## တရားမျှတမှုဆိုသည်မှာ အဘယ်နည်း?

ယခုလေ့လာမှုတွင် တရားမျှတမှု အယူအဆအပေါ် ဖြေဆိုသူများ၏ နားလည်သဘောပေါက်မှုကို ဆန်းစစ်လေ့လာမထားသော်ငြားလည်း တရားမျှတမှု၏ အရေးပါသည့် လားရာ ရှုထောင့် (၈) ချက်အပေါ် ၎င်းတို့၏ သဘောထားအမြင်များ ရယူခဲ့သည်။

- သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လမ်းကြောင်းများမှတဆင့် တရားမျှတမှုရှာဖွေခြင်း။
- တန်းတူညီမျှမှုအခြေခံမှုနှင့် လူ့အခွင့်အရေးများကာကွယ် စောင့်ရှောက်ရမည့် နိုင်ငံတော်အစိုးရ၏ တာဝန်။
- ကုစားမှု ရပိုင်ခွင့်။
- ပုဂ္ဂလိကနှင့် အများပြည်သူ့အာဏာ။
- အသွင်ကူးပြောင်းမှုကာလတရားမျှတမှု (ပဋိပက္ခ ရိုက်ခတ်ခံရသည့် လူမှုအသိုင်းအဝိုင်းတွင်)။
- လုပ်ငန်းစဉ်ကျမှု။
- ကျားမ ညီမျှမှု။
- လူမှုအသိုင်းအဝန်းများ သဟဇာတဖြစ်မှု၊ ပေါင်းစည်းမှုများနှင့်ဆက်နွယ်သည့်တစ်ဦးချင်းအခွင့်အရေးများ။

ဖြေဆိုသူများသည် အတိုင်းအတာတစ်ခုအထိ အထက်ဖော်ပြပါ အကြောင်းအရာများနှင့် ပတ်သက်ပြီး ၎င်းတို့၏ အမြင်များအား မျှဝေခဲ့သည်။ ပြည်နယ် ၃ ခုမှ ဖြေဆိုသူအများစုသည် (ပေးထားသည့် အဆိုပြုချက်များအပေါ် ထုံ့ပြန်ဖြေကြားချက်များအရ) အထက်ဖော်ပြပါ အချက် ၈ ချက်ထဲမှ ၆ ချက်အပေါ်တွင် တစ်ပြိုင်တည်း တူညီမှုရှိကြသည်။

ဖြေဆိုသူအများစုသည် အငြင်းပွားမှုများကို ဒေသန္တရအဆင့်များတွင် ပို၍ဖြေရှင်းလိုကြသည်၊ လူများသည် မတရားမှုကြုံတွေ့ရပါက ကုစားမှုရရှိရန်နှင့် မျှတသည့် ရလဒ်အဖြေထွက်ပေါ်နိုင်ရန် အကူအညီများ ရနိုင်သည်၊ ဖြစ်စဉ်တစ်လျှောက် လုပ်ထုံးလုပ်နည်းမျှတမှုသည် မိမိလိုလားသည့် ရလဒ်ရရှိခြင်းထက် ပို၍ အရေးပါသည် စသည်ဖြင့် ဖြေဆိုပါသည်။ ထို့အပြင် ဖြေဆိုသူအများစုက ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အလေးထား စောင့်ရှောက်ရမည့် အမျိုးသားနှင့်အမျိုးသမီးများသည် တူညီသော စံတန်ဖိုးနှင့် တာဝန်များရှိကြသည်ဟု သဘောတူကြသည် (ဇယား ၂.၁)။

ဇယား ၂.၁ - တရားမျှတမှုအပေါ် သဘောထားအမြင်*

| တရားမျှတမှု လားရာရှုထောင့် | အဆိုပြုဖော်ပြချက်များ (ဖြေကြားသူအရေအတွက်) | သဘောတူညီမှု ရခိုင် 332 | ကချင် 300 | ရှမ်း 520 |
|---|---|---|---|---|
| သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သော | (က) အချို့သောအငြင်းပွားမှုများကို တရားရုံးများတွင်ဖြေရှင်းသည်မှာ အကောင်းဆုံးဖြစ်သည်။ | ၉ .၉ % | ၁၆.၇% | ၁၀.၈% |
| | (ခ) အငြင်းပွားမှု အများစုကို ရပ်ရွာအတွင်း ဖြေရှင်းလျှင် ပိုကောင်းသည်။ | ၈၅.၅% | ၇၁.၇% | ၇၃.၁ % |
| သာတူညီမျှမှု | (က) လူတိုင်းသည် ဘာသာ၊ လူမျိုးမရွေး အစိုးရ၏ဂရုစိုက်မှုနှင့် အလေးထားမှု ခံထိုက်သည်။ | ၆၉ .၉ % | ၉၀.၇ % | ၈၁.၃% |
| | (ခ) လူအများစုဖြစ်သော လူမျိုးနှင့် ဘာသာဝင်များသည် လူနည်းစုလူမျိုးနှင့် ဘာသာဝင်များထက်ပိုပြီး အစိုးရ၏ ဂရုစိုက်မှုနှင့် အလေးထားမှု ရသင့်သည်။ | ၂၄.၇% | ၇.၇% | ၁၂.၅% |
| ကံကြမ္မာ နှင့် ကုစားမှု | (က) မတရားမှုသည် ပြည်သူအပေါ်တွင် ကျရောက်နိုင်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ မိမိတို့သည်ဘာမျှမတတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ မိမိတို့၏ ကံကြမ္မာအရသာဖြစ်သည်။ | ၁၂.၇% | ၇.၃% | ၁၄.၀% |
| | (ခ) ပြည်သူများသည် မတရားမှုခံရသည့်အခါ ကုစားမှုနှင့် တရားမျှတသော ရလဒ်ကို ရရှိစေရန်အတွက် အခြားသူများထံမှ အကူအညီရသင့်သည်။ | ၈၃.၄% | ၈၉ .၃% | ၈၁.၅% |
| အိမ်တွင်းရေး နှင့် အများပြည်သူအရေး | (က) မိသားစုအတွင်းဖြစ်သည့် ကိစ္စသည် အိမ်တွင်းတွင်သာ ဖြေရှင်းရမည့် အိမ်တွင်းရေးဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသားသည် ၎င်း၏ဇနီးနှင့် သားသမီးများအပေါ်တွင် ဩဇာအပြည့်အဝရှိသည်။ | ၆၀.၂% | ၄၀.၀% | ၄၈.၃ % |
| | (ခ) ရပ်ရွာလူထုသည် တစ်ခါတစ်ရံ အခြားမိသားစုများ၏ တစ်ချို့သော အရေးကိစ္စများတွင် ကြားဝင်ဖြေရှင်းပေးရန် တာဝန်ရှိသည်။ | ၃၃.၇% | ၄၅.၀% | ၃၉ .၄% |
| အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု | (က) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ထပ်ခါထပ်ခါ ပြန်ကျော့ခြင်းမလုပ်သင့်။ လူတိုင်းသည် မြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်။ | ၃၈.၀% | ၄၃.၃% | ၅၁.၂ % |
| | (ခ) အတိတ်ကဖြစ်ပျက်ခဲ့သည့် ပြဿနာအဟောင်းများကို ဖြေရှင်းသင့်သည် သို့မှသာ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်လိမ့်မည်။ | ၅၇.၂ % | ၅၀.၀ % | ၃၇.၅ % |
| လုပ်ငန်းစဉ် နှင့် ရလဒ် | (က) လုပ်ငန်းစဉ်တစ်လျှောက် မျှတစွာဆက်ဆံခံရခြင်းက ရလဒ်ကောင်း ထွက်ပေါ်လာရေးထက် ပိုမိုအရေးကြီးသည်။ | ၈၂.၈% | ၉၇.၇ % | ၈၉ .၈ % |
| | (ခ) ရလဒ်ကောင်းထွက်ပေါ်လာရေးက လုပ်ငန်းစဉ်တစ်လျှောက် တရားမျှတစွာဆက်ဆံခံရရေးထက် ပိုမိုအရေးကြီးသည်။ | ၁၃.၃ % | ၂.၀ % | ၅.၀ % |
| ကျား/မ ရေးရာ | (က) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူတန်ဖိုးရှိသည်။ သို့သော် အမျိုးသမီးများသည် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် ပိုမိုတာဝန် ရှိသည်။ | ၁၄.၂ % | ၂.၇ % | ၆.၂ % |
| | (ခ) အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူတန်ဖိုးရှိသည်။ အမျိုးသားများရော အမျိုးသမီးများပါ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းရန် အညီအမျှတာဝန်ရှိသည်။ | ၈၄.၆ % | ၉၆.၀ % | ၉ ၂.၁ % |
| တစ်ဦးချင်း နှင့် ရပ်ရွာ | (က) လူတစ်ဦးချင်းစီ၏ အခွင့်အရေးအများကို ရပ်ရွာအတွင်း သဟဇာတဖြစ်စေရေးကို လေးစားသကဲ့သို့ပင် လေးစားသည်။ | ၆၀.၂ % | ၇၀.၃ % | ၅၅.၆ % |
| | (ခ) လူတစ်ဦးချင်း အခွင့်အရေးများအတွက် အခိုင်အမာပြောဆိုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်။ ရပ်ရွာအတွင်း သဟဇာတဖြစ်မှုနှင့် သဘောထားတူညီမှု ထိန်းသိမ်းရေးကို ဦးစားပေးသင့်သည်။ | ၃၄.၃ % | ၂၆.၃ % | ၃၈.၈ % |

* အကြောင်းအရာတစ်ခုစီအတွက် စုစုပေါင်း ဖြေဆိုထားသည်များသည် ၁၀၀% မပြည့်မီပေ။ အကြောင်းမှာ အချို့ဖြေကြားသူများသည် အဖြေ ၂ ခု စလုံး အားဖြေကြားပြီး၊ အချို့သူများသည် အဖြေ ၂ ခု စလုံးထဲမှ ရွေးချယ်ဖြေကြားခြင်းမရှိပေ။ အချို့ဖြေကြားသူများသည် ဖြေဆိုရန် ငြင်းဆန်ပြီး၊ အချို့သည် ပေးထားသည့်အဆိုပြုချက် စာကြောင်းများထဲမှ ၎င်းတို့၏ အမြင်များနှင့် မည်သည့်အဆိုပြုချက်သည် ပိုမိုကိုက်ညီကို မသိကြောင်းပြောသည်။

ပြည်နယ်တစ်ခုစီမှ ဖြေဆိုသူများ အများစုသည် မည်သည့် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် လူမျိုးဖြစ်စေကာမူ လူတိုင်းသည် အလေးပေးစောင့်ရှောက်မှုကို တန်းတူညီမျှ ရထိုက်သည်ကို သဘောတူသည်။ သို့သော် အထက်ဖော်ပြပါ အကြောင်းအရာနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ် (၆၉ .၉ %) ထက် ကချင်ပြည်နယ် (၉၀.၇%) တွင် ပိုမိုထောက်ခံ သဘောတူညီမှုရှိသည်။ ထို့အတူလူတစ်ဦးချင်း အခွင့်အရေးများကို လူ့အသိုင်းအဝိုင်း သဟဇာတဖြစ်မှုသကဲ့သို့ လေးစားရမည်ကို ရှမ်းပြည်နယ် (၅၅.၆%) ထက် ကချင်ပြည်နယ် (၇၀.၃%) ရှိဖြေဆိုသူများက ပိုမိုထောက်ခံသည်။

အိမ်တွင်းရေးနှင့် အများပြည်သူအရေးတွင် အမြင်သဘောထားများသည် မတူညီပေ။ ကချင်ပြည်နယ်မှအပ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မှ ဖြေဆိုသူအများစုသည် ယခုကိစ္စသည် မိသားစု၏ အိမ်တွင်းရေးဖြစ်သည့်အတွက် အိမ်နှင့်သာဆိုင်ပြီး အိမ်ထောင်ရှိအမျိုးသားသည် ၎င်းမိသားစုအပေါ်တွင် အပြည့်အဝအာဏာရှိသည်ဟုမြင်သည်။ ကချင်ပြည်နယ်တွင်ပင် ယခုကိစ္စရပ်အပေါ် အမျိုးသမီးများနှင့် အမျိုးသားများအကြား မတူညီသည့်အမြင်များ ရှိနေသည်။ အမြင်သဘောထားများသည် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု ကိစ္စရပ်တွင်လည်းမတူညီပေ။ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်မှ ဖြေဆိုသူအများစုသည် အတိတ်ကဖြစ်ခဲ့သည့် ပြဿနာများအား ဖြေရှင်းသင့်ကြောင်းနှင့် ရှမ်းပြည်နယ်မှ ဖြေဆိုသူအများစုသည် မြန်မာနိုင်ငံတော်အသစ်တည်ဆောက်ရေးကိုသာ အလေးထားသင့်သည်ဟု ထင်မြင်သည်။ ထို့အပြင် ကချင်ပြည်နယ်တွင် ယခုကိစ္စအပေါ် အမျိုးသမီးများနှင့် အမျိုးသားများအကြား အထင်အမြင်မတူညီမှုများ ရှိနေကြောင်း ထပ်မံတွေ့ရှိရသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ဗုဒ္ဓဘာသာဝင်နှင့် ခရစ်ယန်ဘာသာဝင် ဖြေဆိုသူများ၏ အမြင်သည်လည်း အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့်ပတ်သက်ပြီး တူညီခြင်းမရှိပေ။ ရှမ်းပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယန်ဘာသာဝင်များသည် အိမ်တွင်းရေးနှင့်အများပြည်သူအရေး၊ အသွင်ကူးပြောင်းမှုကာလ တရားမျှတမှု စသည်တို့နှင့်ပတ်သက်ပြီးသဘောထားများတူညီခြင်းမရှိကြောင်း တွေ့ရသည်။


*အနှစ်ချုပ်အနေဖြင့် သိသာထင်ရှားသည့် အတိုင်းအတာအရ တရားမျှတမှု၏ အရေးပါသည့် အချက်များအား အများအားဖြင့် နားလည်၊ သဘောတူညီကြသည်။ ဖြေဆိုသူအများစုသည် လူတိုင်းတန်းတူညီမျှဖြစ်ရေးမှု နှင့် ကျား/မ တန်းတူညီမျှရေးမှုများအား သဘောတူသည်။ အငြင်းပွားမှုများ ဖြေရှင်းရာတွင် အများစုသည် လိုအပ်သည့် အကူအညီတောင်းခံခြင်း၊ ဒေသန္တရအဆင့်မှာပင် ပြေလည်အောင် ဖြေရှင်းခြင်းနှင့် မိမိလိုလားသည့် ရလဒ်ရရှိရေးထက် မျှတသည့် ပြုမူဆက်ဆံခံရမှုကို ပို၍ တန်ဖိုးထားကြသည်။*

*သို့သော် ဖြေကြားသူများ၏အမြင်သည် တစ်ခါတစ်ရံတွင် ပြည်နယ်အလိုက် မတူညီပေ (ဥပမာ - ကချင်ပြည်နယ်မှ ဖြေဆိုသူများသည် အိမ်တွင်းရေးနှင့် အများပြည်သူအရေးနှင့် ပတ်သက်သည့် တရားမျှတမှုရရှိရေးကိစ္စတွင်လည်းကောင်း ရှမ်းပြည်နယ်မှ ဖြေဆိုသူများသည် အသွင်ကူးပြောင်းမှုကာလ တရားမျှတရေး ကိစ္စများတွင် လည်းကောင်း တွေ့မြင်နိုင်သည်)။*

## မည်သည့်ကိစ္စရပ်များအတွက် တရားမျှတမှု ရယူကြသနည်း။

တစ်နှစ်တာ ကာလအတွင်းတွင် ဖြေဆိုသူ ၁၁၅၂ ဦးသည် အငြင်းပွားမှုနှင့် နစ်နာမှုဖြစ်စဉ် ၅၇၆ ခုတွင်ပါဝင်ခဲ့သည်။ ထိုအငြင်းပွားမှုများ၏ ထက်ဝက်ကျော်သည် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။ အငြင်းပွားမှုများ၏ ၆၀% သည် ကြွေးမြီ ကိစ္စ၊ မြေ၊ အရပ်ဖက် ထောက်ခံချက် စာရွက်စာတမ်းများရရှိရေး (သို့) လာဘ်ပေးလာဘ်ယူမှု (သို့) အကျင့်ပျက်ခြစားမှု ကိစ္စရပ်များကြောင့် ဖြစ်သည် (ဇယား ၂.၁)။

ပုံ ၂.၁ အဖြစ်အများဆုံး အငြင်းပွားမှုပြဿနာများ ဖြစ်စဉ်အကြိမ်အရေအတွက်





အငြင်းပွားမှုပြဿနာများတွင် ဖြေဆိုသူများပါဝင်ပတ်သက်သည့်အချိုးအစားမှာ ပြည်နယ် (၃) ခု အကြား ကွဲပြားခြားနားပြီး၊ ရခိုင်ပြည်နယ်တွင် အမြင့်များဆုံးဖြစ်သည်။ ရခိုင်ပြည်နယ် ဖြေဆိုသူများ၏ ၃ ပုံ ၁ ပုံအောက် (၃၃၂ အနက်၊ ၁၀၂ ဦး) က (စုစုပေါင်း အငြင်းပွားမှု ၂၉၅ မှုရှိပြီး) အငြင်းပွားမှုပြဿနာတစ်ခုခုတွင် ၎င်းတို့ပါဝင်ပတ်သက်သည်ဟု ဖော်ပြကြသည်။ ကချင်ပြည်နယ်တွင် ဖြေဆိုသူများ၏ ၄ ပုံ ၁ ပုံ (၃၀၀ အနက်၊ ၇၆ ဦး) က အငြင်းပွားမှု ၁၃၃ ခုတွင် ၎င်းတို့ ပါဝင်ပတ်သက်သည်ဟုဎင်း၊ ရှမ်းပြည်နယ်တွင် ဖြေဆိုသူများ၏ ၁၆.၂% (၅၂၀ အနက် ၈၄ ဦး) က အငြင်းပွားမှု ၁၄၈ ခုတွင် ၎င်းတို့ပါဝင်ပတ်သက်သည်ဟု ဖော်ပြကြသည်။

အဖြစ်များဆုံး အငြင်းပွားမှုပြဿနာသည် ကြွေးမြီကိစ္စကြောင့်ဖြစ်သည်။ ပြည်နယ်များကြားတွင် ၎င်းကိစ္စနှင့်ပတ်သက်၍ သိသာထင်ရှားသည့် မတူညီမှုများရှိသည် (ဇယား ၂.၂)။ အငြင်းပွားမှု တစ်ရပ်ရပ်တွင် ပါဝင်ပတ်သက်သူများအနက် ရှမ်းပြည်နယ်မှဖြေဆိုသူများ (၃.၈%) ထက် စာလျှင် ရခိုင်ပြည်နယ်မှ ဖြေဆိုသူများ (၂၇%) သည် ကြွေးမြီပြဿနာများတွင် ပို၍ပါဝင်မှု ရှိနေကြောင်းတွေ့ရသည်။ ဒုတိယအဖြစ်များသည့် အငြင်းပွားမှုသည် မြေကိစ္စဖြစ်သည်။ သို့သော် အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ပြည်နယ် တစ်ခုနှင့် တစ်ခုစီတွင် ဖြစ်ပွားမှုသည် သိသာထင်ရှားစွာကွာခြားနေမှု မရှိပေ (ရခိုင်ပြည်နယ်တွင် (၆.၃%)၊ ကချင်ပြည်နယ်တွင် (၇.၃%) နှင့် ရှမ်းပြည်နယ်တွင် (၇.၃%) ဖြစ်ပွားခဲ့သည်)။

မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထား ကိစ္စများသည်လည်း ပြည်နယ် ၃ ခုလုံးတွင် တွေ့ရသည်။ နောက်ထပ်အနေဖြင့် ရခိုင်ပြည်နယ်တွင် အဆိုပါကိစ္စရပ်ကို ပိုမိုကြုံတွေ့နေရပြီး (၁၆.၃%) ရှိကာ၊ ကချင်ပြည်နယ် (၄.၀%) နှင့် ရှမ်းပြည်နယ် တို့တွင် (၂.၇%) သာရှိသည်။

ပုံ.၂.၂ ပြည်နယ်အလိုက် အဖြစ်အများဆုံး အငြင်းပွားမှုပြဿနာများ ဖြစ်စဉ်အကြိမ်အရေအတွက်



## ကြွေးမြီ

ကြွေးမြီနှင့်ဆက်စပ်သည့် အငြင်းပွားမှုအများစု (၁၄၇ အနက် ၁၃၃ မှု) တွင် ပြည်နယ် ၃ ခု စလုံးမှ ဖြေဆိုသူများက ပုဂ္ဂလိက တစ်ဦးချင်းတစ်ယောက်ချင်းနှင့် ဖြစ်ပွားရသည်ဟုဆိုသည်။ မိသားစု သို့မဟုတ် အုပ်စုအဖွဲ့အတွင်းလည်း ဖြစ်ပွားကြသည်။ ကြွေးမြီပြဿနာနှင့် ပတ်သက်၍ တိုင်တန်းမှုများစွာ ရှိသော်လည်း အကြွေးပြန်ဆပ်မှုနှင့် ပတ်သက်၍ပြန်လည်တင်ပြမှု လွန်စွာနည်းပါးသည်။ ဤသည်မှာ အကြွေးပြန်မဆပ်မှုများ ကျယ်ပြန့်စွာရှိနေသော်လည်း တိုင်တန်းတင်ပြခြင်း နည်းပါးမှုကြောင့် ဖြစ်နိုင်သည်။

ရှမ်းပြည်နယ်တွင် သက်သေအထောက်အထားများ အရဆင်းရဲနွမ်းပါးသူများအတွက်အကြွေးနစ်နေရခြင်းသည် ငွေရေးကြေးရေး ဝန်ဆောင်မှုများ မရှိခြင်း၊ အထူးသဖြင့် အရင်းအနှီး/ မတည်ငွေ မရရှိနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ ရှမ်းပြည်နယ်ရှိ ပြည်သူများသည် အရင်းအနှီးရရှိရန်အတွက် (၁) တစ်စုံတစ်ယောက်ထံမှ ချေးငှားရယူခြင်း၊ ထိုသို့ချေးငှားရာတွင် ပိုင်ဆိုင်မှုအား အပေါင်ခံထားရှိရခြင်း၊ (၂) ငွေစုအဖွဲ့များ (သို့) ငွေချေးငွေငှားအဖွဲ့များတွင် ပါဝင်ခြင်း၊ (၃) အစိုးရ အကျိုးတူ ငွေချေးအဖွဲ့များတွင် ပါဝင်ခြင်းတို့ဖြစ်သည်။ အငြင်းပွားမှုများသည် ထိုကဲ့သို့ချေးယူ၊ ငှားယူသည့်လုပ်ဆောင်မှုအမျိုးအစားများမှ ဖြစ်ပွားသည်။ [၁၆]

*အကြွေးကိစ္စများကြောင့် အငြင်းပွားမှုများသည် (၁) ပုဂ္ဂလိက အချင်းချင်းကြားအငြင်းပွားမှုဖြစ်ခြင်း၊ (၂) အကြွေးမပေးသည့် ကိစ္စများအား တိုင်ကြားမှုနည်းပါးခြင်းနှင့် (၃) အကြွေးနစ်နေရခြင်းမှာ ရှမ်းပြည်နယ်မှာကဲ့သို့ ဆင်းရဲနွမ်းပါးသူတို့သည် ငွေရေးကြေးရေး ဝန်ဆောင်မှုများ မရရှိခြင်းကြောင့်ပင်ဖြစ်သည်။*

## မြေယာ

မြေယာကိစ္စနှင့် ပတ်သက်သည့် အငြင်းပွားမှုအများစု (၆၇/၈၄ မှု) သည် အခြားတစ်စုံတစ်ယောက်၊ အုပ်စုများ (သို့) မိသားစုဝင်များအကြား ဖြစ်သည်။ ကျန်ရှိသည့် အငြင်းပွားမှုကိစ္စများတွင် မြို့နယ်မြေစာရင်းဌာန၊ မြို့နယ်ထွေအုပ်၊ တပ်မတော်၊ ပြည်နယ်အစိုးရ၊ ကုမ္ပဏီ/စီးပွားရေးလုပ်ငန်းများ၊ ဒေသန္တရ အုပ်ချုပ်ရေး (သို့) စည်ပင်သာယာရုံးများနှင့် ဖြစ်ပွားရသည်။

မြန်မာနိုင်ငံ၏ ရှုပ်ထွေးသည့် မြေအသုံးချမှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေမူဘောင်များမှာပါရှိသည့် အကြောင်းအချက်များသည် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် မြေယာကိစ္စနှင့်ပတ်သက်သည့် အငြင်းပွားမှုများ ဖြစ်ပွားရာတွင် အကျိုးသက်ရောက်မှုများရှိသည်။ အောက်ဖော်ပြပါများဖြစ်သည့် -

- ခေတ်အဆက်ဆက် မြေသိမ်းမှုများတွင် (၁) အာဏာအား ဆက်လက်အလွဲသုံးစား ပြုလုပ်ခြင်း (၂) မြေပြန်လည် ရရှိရန် ခက်ခဲမှုများရှိခြင်း (၃)သိမ်းဆည်းထားသည့်မြေများ ပြန်လည်ပေးအပ်ရာတွင် အငြင်းပွားမှုများဖြစ်ပွားခြင်း။
- ၂၀၁၂ မြေယာဥပဒေအရ မြေယာဈေးကွက် အကောင်အထည် ဖော်ခြင်း၊ တရားဝင်မြေယာ မှတ်ပုံတင်ခြင်းအား (ရပ်ရွာ၊ ရိုးရာဓလေ့နှင့် ဘိုးဘွားပိုင်ဆိုင်မှုထက်) ဦးစားပေးလုပ်ဆောင်လာခြင်း၊ တိုးပွားလာသည့် တရားဝင်မြေယာ မှတ်ပုံတင်မှုများမှ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကြောင့် မြေယာ လုပ်ပိုင်ခွင့်သည် လုံခြုံမှုမရှိခြင်း၊
- မြေဈေးများ မြင့်တက်လာခြင်း
- ကုမ္ပဏီများမှ စီးပွားရေးအရလုပ်ဆောင်မှုများ
- တူညီသည့်မြေပေါ်တွင် ကွဲပြားသည့် ဥပဒေ (သို့) အာဏာများ ကျင့်သုံးခြင်း။ [၁၇]

*ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် မြေပိုင်ဆိုင်မှု၊ အသုံးချမှုနှင့် စီမံခန့်ခွဲမှုတို့အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေမူဘောင်များ မြေယာနှင့်ဆိုင်သည့် အငြင်းပွားမှုများဖြစ်စေသည့် အကြောင်းတရားများတွင် ပါဝင်သည်။ အခြားအကြောင်းတရားများမှာ ခေတ်အဆက်ဆက် မြေသိမ်းဆည်းခြင်း၊ မြေယာဈေးကွက် အကောင်အထည် ဖော်ခြင်း၊ မြေဈေးများ မြင့်တက်ခြင်းနှင့် အာဏာပိုင်တို့၏ စီမံခန့်ခွဲအုပ်ချုပ်မှု တသမတ်တည်းမရှိခြင်းတို့ဖြစ်သည်။*

---

၁၆ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များသုတေသန လေ့လာမှု - ရှမ်းပြည်နယ်

၁၇ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု -- ကချင်ပြည်နယ်

## မွေးစာရင်းနှင့်မှတ်ပုံတင် အထောက်အထားကိစ္စရပ်များကြောင့် ဖြစ်ပွားသည့် ပြဿနာများ

အရပ်ဖက် စာရွက်စာတမ်းများ ရယူခြင်းနှင့် ပတ်သက်သည့် ပြဿနာများသည် ပြည်နယ် ၃ ခု လုံးတွင်ဖြစ်ပွားမှုရှိပြီး (၇၈ မှ အနက် ၅၅ မှ)၊ ဖြေဆိုသူများသည် မြို့နယ် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အငြင်းပွားရသည်ဟု ဖော်ထုတ်သည်။ အခြားသူများအနေဖြင့် ပြည်နယ်အစိုးရ၊ ရပ်ရွာအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ထွေအုပ်ရုံးများ၊ ဆေးရုံများ၊ သူနာပြုများ/လက်သည်များ၊ ပညာရေးဌာန၊ ခရိုင်ထွေအုပ်ရုံး နှင့် ဒေသန္တရရဲတပ်ဖွဲ့ဝင်များ စသည့် အခြားအစိုးရဌာနများ (သို့) အရာရှိများကို ညွှန်းဆိုသည်။ ဖြေဆိုသူတစ်ဦးသည် မိသားစုဝင်တစ်ဦးအား တိုင်ကြားပြီး၊ နောက်တစ်ဦးသည် အခြားပုဂ္ဂလိက အရပ်သားတစ်ဦးနှင့် ပြဿနာဖြစ်ရသည်။

ရခိုင်ပြည်နယ်တွင် မွတ်စလင် ဖြေဆိုသူများထဲမှ ၅၂ မှ အနက် ၄၄ မှ သည် အရပ်ဖက် စာရွက်စာတမ်းများ ရယူရာတွင် ပြဿနာများ ကြုံတွေ့ရသည်ဟု တင်ပြထားသည်။ မွတ်စလင် ဖြေဆိုသူအချို့သည် အုပ်စုလိုက် ဆွေးနွေးတင်ပြချက်များအရ ထိုကဲ့သို့ ခက်ခဲရခြင်းသည် ၂၀၁၂-၂၀၁၃ တွင်ဖြစ်ပွားခဲ့သည် အကြမ်းဖက်မှုများကြောင့်ဟု သိရသည်။ အချို့သော မွတ်စလင် လျှောက်ထားသူများ (ရခိုင် ပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်း) သည် သက်သေခံစာရွက်စာတမ်းများ ရယူခြင်း (သို့) အသစ်ပြန်လည်လျှောက်ထားရယူရာတွင် အစ္စလာမ်ဘာသာဝင်ဖြစ်ကြောင်း တင်ပြထားပါက အမြဲတမ်း မဟုတ်သည့်တိုင် ပြန်လည်စိစစ်ခြင်း လုပ်ဆောင်မှုသည် အချိန်ကြာမြင့်နိုင်သည်။[၁၈]

ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် အချို့ဖြေဆိုသူများသည် လူမျိုး (သို့) ဘာသာရေးအရ လူနည်းစုဝင်များဖြစ်ပါက (အထူးသဖြင့် တရုတ်နှင့် တောင်အာရှနွယ်ဖွားများ) သက်သေခံအထောက်အထား ရယူရာတွင် အခက်အခဲများ ကြုံတွေ့ရသည်။ အချို့၏ ပြောကြားချက်အရ ၎င်းတို့သည် စာရွက်စာတမ်းများအား ကြာမြင့်စွာစောင့်ဆိုင်းပြီး ရှုပ်ထွေးသည့် လုပ်ဆောင်မှုအဆင့်ဆင့် ဖြတ်သန်းကာ ထပ်ဆောင်းပေးချေမှုများ ပြုလုပ်ပြီးမှသာ ရရှိကြောင်းနှင့် အချို့သည် ရယူနိုင်ခြင်းပင် မရှိကြောင်းပြောသည်။ အချို့ဖြေဆိုသူများသည် တိုင်းရင်းသား လူနည်းစုများဖြစ်သည့် တအာန်း/ပလောင် နှင့် ကိုးကန့်များဖြစ်ကြပြီး နိုင်ငံသား စိစစ်ရေးကဒ်များရရှိရန် ပညာတတ်မြောက်မှု နည်းပါးခြင်းနှင့် မြန်မာစကား ကျွမ်းကျင်စွာ မပြောဆိုတတ်ခြင်းကြောင့် အခက် အခဲများကြုံရကြောင်း ရှင်းပြသည်။[၁၉]

၁၉ UNDP တရားမျှတမှု လက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ် ဖြေဆိုသူများသည် သက်သေခံ အထောက်အထားများ မရှိခြင်း၏ ရလဒ်ကြောင့် ကြီးမားသည့် သက်ရောက်မှုများနှင့် အခက်အခဲများကြုံ တွေ့ရကြောင်း ဖော်ပြသည်။ ထိုထဲတွင် လွတ်လပ်စွာ သွားလာခွင့်၊ မြေပိုင်ဆိုင်ခွင့်၊ ပညာရေးနှင့် စီးပွားရေး အခွင့်အလမ်းများ ပါဝင်သည်။ မိဘဖြစ်သူသည် ထိုအခက်အခဲကြုံတွေ့ရသည်ဆိုလျှင် သားသမီးများသည်လည်း အလားတူ အခက်အခဲမျိုး ကြုံတွေ့ရမည်ဖြစ်၍ သံသရာရှည်စေပါသည်။

*အရပ်ဖက် အထောက်အထား စာရွက်စာတမ်းများ ရယူခြင်း (သို့) အသစ်ပြန်လည်လျှောက်ထားခြင်းနှင့် ပတ်သက်သည့် အဓိက ကိစ္စရပ် ၂ ခုသည် ထွက်ပေါ်လာသည်။ ၎င်းတို့သည် (၁) ခွဲခြားဆက်ဆံခံရသည်ဟု ရခိုင်ပြည်နယ်မှ မွတ်စလင် လျှောက်ထားသူများနှင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ လူမျိုး (သို့) ဘာသာမတူ လူနည်းစုများမှ တင်ပြထားသည်။ ထို့အပြင် (၂) အဆိုပါ အထောက်အထား စာရွက်စာတမ်းများ မရှိခြင်းကြောင့် ကြီးမားသည့် သက်ရောက်မှုများ ခံစားရသည်။ တိုင်ကြားမှုအများစုမှာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ပတ်သက်နေသည်။ အချို့ ဖြေဆိုသူများအတွက် အခက်အခဲသည် ပညာမတတ်ခြင်းနှင့် မြန်မာဘာသာစကား ကျွမ်းကျင်စွာမတတ်မြောက်ခြင်းကြောင့်ဖြစ်သည်။*

## လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုနှင့် အခြားနိုင်ငံတော်အာဏာအား အလွဲသုံးစားပြုမှုများ

ဖြေဆိုသူအားလုံးနီးပါး၏ (၃၂/၃၇ ယောက်) တင်ပြချက်အရ လာဘ်ပေးလာဘ်ယူမှု (သို့) အကျင့်ပျက်ခြစားမှုသည် အစိုးရအရာရှိ တစ်ဦးဦးနှင့် ပတ်သက်သည်။ မှတ်တမ်းများအရ တိုင်ကြားမှုအများဆုံးသည် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးဌာန၊ ထို့နောက် မြို့နယ်မြေစာရင်းဌာနနှင့် (မြို့နယ်နှင့်ခရိုင်အဆင့်) အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများဖြစ်သည်။ တိုင်ကြားမှုများတွင် ရဲများ၊ ပြည်နယ်အစိုးရ၊

၁၈ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရခိုင်ပြည်နယ်
19 UNDP Access to Justice and Informal Justice Systems Research, Kachin State.

ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်၊ စည်ပင်သာယာရုံး နှင့် ကုန်းလမ်းပို့ဆောင်ရေးစီမံခန့်ခွဲ ရေးရုံး တို့အား လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုများ တွင် ပါဝင်ကြောင်း ဖော်ပြထားသည်။

လာဘ်ပေးလာဘ်ယူမှု (သို့) အကျင့်ပျက်ခြစားမှု (သို့) အခြားအစိုးရအာဏာ အလွဲအသုံးစားပြုမှု - အမြဲတမ်း မဟုတ်သည့်တိုင် အခြားကိစ္စရပ်များနှင့်ပါ ဆက်နွယ်နေ သည်။ ထိုထဲတွင် မွေးစာရင်းနှင့် အခြားသက်သေခံ စာရွက် စာတမ်းများရယူခြင်း(အထက်တွင်ဖော်ပြထားပြီးဖြစ်သည်)၊ မြေစာရင်း သက်သေခံလက်မှတ်[၂၀] (သို့) အခြား တရားဝင် စာရွက်စာတမ်းများ ရယူခြင်း[၂၁] (သို့) သစ်တောနှင့် ပတ် သက်သည့် အငြင်းပွားမှုများ စသည်တို့ဖြစ်သည်။[၂၂]

ရခိုင်ပြည်နယ်တွင် ဖြေဆိုသူများသည် အစိုးရအရာ ရှိများ၏ တရားလက်လွှတ် လုပ်ဆောင်မှုများအား ညှိနှိုင်းမှု များ ပုံမှန်လုပ်ရကြောင်း ဖော်ပြထားသည်။ လေ့လာမှုပြုလုပ် သည့်နယ်မြေများတွင် နယ်ခြားစောင့် ရဲများသည် တရား စီ ရင်ပိုင်ခွင့်များ ကျင့်သုံးပြီး၊ တိုင်ကြားမှုများသည်လည်း ၎င်း တို့နှင့်ပတ်သက်မှု အများဆုံးဖြစ်သည် (အချို့တိုင်ကြားမှု များသည် သစ်တောနှင့်အကောက်ခွန်ဌာနများမှ အရာရှိများ နှင့် ပတ်သက်သည်)။ အချို့နယ်မြေများတွင် ဖြေဆိုသူများ သည် မြို့နယ်ရဲများ၊ မြူနီစီပယ်လ် အရာရှိများနှင့် လူဝင်မှု ကြီးကြပ်ရေးဌာနမှ အရာရှိများအား တိုင်ကြားထားသည်။[၂၃] ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ဖြေဆိုသူများသည် ရဲလုပ်ငန်း ထိရောက်မှုမရှိခြင်းနှင့် အကျင့်ပျက်ခြင်းများ ကြောင့် ၎င်းတို့၏ နယ်မြေတွင် မူးယစ်ဆေးဝါးများနှင့် ပတ် သက်သည့် ကိစ္စရပ်များဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း ယူဆ သည် (အောက်ဖော်ပြပါအားကြည့်ပါ)။[၂၄]

*အစိုးရအာဏာအား အလွဲသုံးစားပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စများသည် စနစ်ကျပြီး၊ ပျံ့နှံ့နေမှုရှိ နေသည်။ အစိုးရ အဖွဲ့ဝင်များသည် ကျယ်ပြန့်စွာ ပါဝင်ပတ် သက်နေပြီး၊ အလွဲသုံးစားပြုမှုများရှိကြောင်း သမားရိုးကျ တရားစီရင်ရေးသို့ တိုင်ကြားထားခြင်းခံရသည်။ ရခိုင်ပြည် နယ်တွင် အရာရှိများ၏ တရားလက်လွှတ် ပြုလုပ်မှုများ၊ အထူးသဖြင့် နယ်ခြားစောင့်ရဲများသည် အများဆုံး တိုင်ကြား တင်ပြထားခြင်းခံရသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တွင် ဖြေဆိုသူများသည် မူးယစ်ဆေး အလေ့အထနှင့် ရဲလု ပ်ငန်းလုံလောက်မှုမရှိခြင်းတို့ ဆက်နွယ်နေသည်ဟု ယူဆ သည်။*

# အမျိုးသမီးများအတွက် ဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု

အိမ်ထောင်စု ၁၂၅၂ စု အားမေးမြန်းခဲ့ရာတွင် အိမ် တွင်းအကြမ်းဖက်မှုစုစုပေါင်း ၉ မှုနှင့် လိင်ပိုင်းဆိုင်ရာ စော် ကားခံရမှု ၂ မှု သာတွေ့ရှိခဲ့သည်။ နောက်ထပ် အမှုအနည်း ငယ်သည်လည်း အုပ်စုလိုက်ဆွေးနွေးမှုများနှင့် အဓိက ဖြေကြားပေးသူများအား မေးမြန်းရာတွင် တွေ့ရှိခဲ့သည်။[၂၅]

အိမ်တွင်း အကြမ်းဖက်မှုနှင့် ပတ်သက်၍ လိင်ပိုင်း ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့် အိမ်ထောင် သည် အမျိုးသမီးများသည်[၂၆] မကြာခဏဆိုသလို လိုအပ် သည့်အကူအညီရယူနိုင်မှု မရှိခြင်းနှင့် ၎င်းတို့၏ လုံခြုံမှုအ တွက် အခက်အခဲများ ကြုံတွေ့နေရသည်။

တရားမျှတမှုမရရှိနိုင်ခြင်း၏ အဓိကအကြောင်း အရင်းသည် ထိုကဲ့သို့ အိမ်တွင်းအကြမ်းဖက်မှုများဖြစ်ပါက သာမန် "အိမ်ထောင်ဖက် ၂ ဦး၏ အငြင်းပွားမှု" ဟုယူဆပြီး "ကြားဝင်ဖြေရှင်းညှိနှိုင်း" ပေးကြသည်။ ဆွေမျိုးများ၊ ရပ်ရွာ လူထု ခေါင်းဆောင်များနှင့် ဒေသန္တရ အုပ်ချုပ်ရေးမှူးများ သည် အမြဲတမ်းအိမ်ထောင်ဖက် ၂ ဦးအား သင့်မြတ်ရန် နည်းလမ်းပေါင်းစုံဖြင့် ဖြောင်းဖြကြသည် - ဥပမာ အမျိုးသား ဖြစ်သူအား ၎င်း၏ အမျိုးသမီးဖြစ်သူအား မရိုက်ရန် တားမြစ် ကြခြင်းသာဖြစ်ပြီး၊ အိမ်တွင်းအကြမ်းဖက်မှုသည် ရုပ်ပိုင်း ဆိုင်ရာ နာကျင်စေသော ရာဇဝတ်မှုဖြစ်ပြီး နစ်နာရသူမှာ ကာကွယ်စောင့်ရှောက်မှု လိုအပ်သည်ဟု မမြင်ခြင်းဖြစ်သည်။ ကြားဝင် ညှိနှိုင်းပေးမှုသည် ယေဘုယျအားဖြင့် အိမ်ထောင် ရေး ပြေလည်မှုရှိစေရန်သာ ရည်ရွယ်ပြီး၊ အမျိုးသမီးတစ်ဦး ၏ မညီမျှစွာပြုမှုနှင့်ညည်းပန်းခံရမှုရှိသည့် ဆက်ဆံရေးအား မမြင်ကြပေ။

---

၂၀ စနစ်တကျတည်ဆောက်ထားသည့် အင်တာဗျူးမေးခွန်းပုံစံ ဖြေကြားမှုမှတဆင့် ပြောပြလာသည့် မြေယာမှတ်ပုံတင်ရာတွင် ကြုံတွေ့ရသည့် ပြဿနာ (၈)ခု အနက် ပြဿနာအများစု (၈ ခုအနက် ၆ ခု)တွင် မြို့နယ်မြေစာရင်းဌာနနှင့် ရင်ဆိုင်ရသည်ဟု ဖြေဆိုသူများက သတ်မှတ်ဖော်ထုတ်ကြသည်။
၂၁ စနစ်တကျတည်ဆောက်ထားသည့် အင်တာဗျူးမေးခွန်းပုံစံဖြေကြားမှုမှတဆင့် မှတ်တမ်းတင်ခဲ့သည့် အခြားအစိုးရ စာရွက်စာတမ်း အထောက် အထား များရယူရာတွင် ကြုံတွေ့ရသည့် ပြဿနာ (၁၇) ခုအနက် ပြဿနာအများစု (၁၇ ခု အနက် ၁၀ ခု) တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဌာန သို့မဟုတ် အထွေထွေအုပ်ချုပ်ရေးဦးစီးအရာရှိများနှင့် ပါတ်သက်သည်ဟု ဖြေဆိုသူများက ဖော်ပြကြသည်။
၂၂ စနစ်တကျ တည်ဆောက်ထားသည့် အင်တာဗျူးမေးခွန်းပုံစံဖြေကြားမှုများမှတဆင့် ပြောပြကြသည့် သစ်တော ပြဿနာ အငြင်းပွားမှု (၁၈) ခုအနက် ပြဿနာ အများစု (၁၈ ခုအနက် ၁၄ ခု) တွင် မြို့နယ်သစ်တောဌာနနှင့် ဖြစ်ရသည်ဟု ဖြေဆိုသူများက ဖော်ပြကြသည်။
၂၃ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရခိုင်ပြည်နယ်
၂၄ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု ရှမ်းပြည်နယ်
၂၅ အောက်ဖော်ပြပါမှတ်ချက်သည် သတင်းပေးတိုင်ကြားဖော်ပြသည့် လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် အမျိုးသမီးများအပေါ်အခြားအကြမ်း ဖက်မှုများတွင် ပါဝင်ပတ်သက်သူများ၏ ဆက်စပ်မှု၊ ၎င်းတို့၏ အိမ်ထောင်ရေး အခြေအနေတို့ကို အသေးစိတ်မဖော်ပြထားပါ။
၂၆ အိမ်ထောင်သည်များအကြား အိမ်တွင်းအကြမ်းဖက်မှုများရှိသော်လည်း ယေဘုယျအားဖြင့် ထိုဖြစ်ရပ်များကို ရာဇဝတ်ပြစ်မှုများအဖြစ် အသိအမှတ်မပြုပါ။

ဖြေဆိုသူများ၏ ပြောကြားချက်အရ အမျိုးသမီးများသည် ထိုကဲ့သို့အခြေအနေမျိုးများမှ ရုန်းထွက်ရန်ခက်ခဲသည့် အခြားသော လူမှုရေးနှင့်ယဉ်ကျေးမှု ထုံးစံများလည်းရှိနေသည်ဟု သိရသည်။ အမျိုးသားများအား ဦးစားပေးသည့် ဓလေ့ထုံးတမ်းများအရ လင်ယောကျ်ားဖြစ်သူသည် ၎င်း၏ဇနီးမယားအပေါ်တွင် သြဇာသက်ရောက်ပြီး စကားနားထောင်ရန် လိုက်နာခိုင်းသည်။ ထို့အပြင် ဘာသာရေးရှုထောင့်အရ အိမ်ထောင်ကွဲခြင်းအား လူ့ကျင့်ဝတ် နှင့်ဆိုင်သည့် ကိစ္စတစ်ရပ် အဖြစ်ရှုမြင်ပြီး၊ ဘာသာရေး ခေါင်းဆောင်များသည် အမျိုးသမီးများအား ကွာရှင်းရန်ကူညီပေးနိုင်သည့် အနေအထားမျိုးတွင် ရပ်တည်ပေးခြင်း မရှိချေ။

လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုများနှင့် ပတ်သက်ပြီး[၂၇] အခွင့်မကျင့်ခံရသည့် အမှုများသည် သမားရိုးကျ တရားမျှတရေးစနစ်သို့ ရောက်ရှိနိုင်ချေနည်းပါးသည်။ အချို့သည် အဆိုပါအမှုများအား ရပ်ရွာလူထုခေါင်းဆောင်များနှင့် ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် ပြေလည်အောင် ညှိနှိုင်းခြင်း[၂၈] (သို့) အခွင့်မကျင့်ခံရသူများနှင့် ၎င်းတို့၏မိသားစုများအား ရပ်ရွာထဲမှ ရွှေ့ပြောင်းစေခြင်းဖြင့် ဖြေရှင်းကြသည်။[၂၉]

အုပ်စုလိုက်နှင့်အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်နေစဉ်တွင် နောက်ထပ် ကိစ္စရပ် ၂ ခု ထပ်မံပေါ်ပေါက်လာသည်။ ကချင်ပြည်နယ်၊ ပူတာအိုဒေသသို့ပြင်ပမှလာရောက်သူများသည် ဒေသခံအမျိုးသမီးများ၏ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများသို့ သွားရောက်လိုသည့် ဆန္ဒအား အခွင့်ကောင်းယူမှုများရှိကြောင်း တွေ့ရှိရသည်။ အစိုးရအရာရှိများနှင့် တပ်မတော်အရာရှိများသည် အခြားတာဝန်ကျရာနေရာများသို့ ရွှေ့ပြောင်းရသည့်အခါများတွင် ၎င်းတို့နှင့် အတူနေထိုင်ခဲ့သည့် အမျိုးသမီးများအား စွန့်ပစ်ခဲ့မှုများလည်းရှိသည်။ ထိုကဲ့သို့ "တရားမဝင်" ထိမ်းမြားမှုသည် တခါတရံတွင် ကလေးများထွန်းကားပြီး၊ အမျိုးသမီးများမှ ၎င်းတို့ကိုယ်တိုင် ကြီးပြင်းအောင် ပြုစုပျိုးထောင်ပေးရန်သာ ကျန်ရစ်ခဲ့ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်ရွာလူထုခေါင်းဆောင်းတစ်ဦး၏ ပြောကြားချက်အရ ရပ်ရွာအတွင်းမှ အမျိုးသမီးအချို့သည် တရုတ်နိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ရန် သွားရောက်ရာတွင်၊ တရုတ်အမျိုးသား များနှင့် အတင်းအဓမ္မ အိမ်ထောင်ပြု ခံရသည့်အဖြစ်များ ကြုံတွေ့ရကြောင်းလည်း သိရသည်။

*အမျိုးသမီးများအား တရားဥပဒေအရ အကာအကွယ်ပေးမှုတွင် ပေါ်ပေါက်လာသည့် အဓိက အကြောင်းအရင်းမှာ ညှဉ်းပန်းနှိပ်စက်ခံရသည့်၊ ထိခိုက်လွယ်သော အမျိုးသမီးများသည် လိုအပ်သည့် အကူအညီနှင့် တရားမျှတမှု လက်လှမ်းမီရေးအတွက် အခက်အခဲများကြုံတွေ့နေရခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်သူအား တရားဥပဒေအရ မျှတစွာ အပြစ်ပေးအရေးယူမှုမှာလည်း ရှားပါးကြောင်းတွေ့ရသည်။ လိင်ပိုင်းဆိုင်ရာစော်ကားမှုအား ပြစ်မှုတစ်ခုအနေဖြင့် လက်ခံခြင်းနှင့် တရားစွဲဆိုခြင်းသည် ရှားပါးသည်။ လူမှုရေးနှင့် ယဉ်ကျေးမှုထုံးတမ်း အယူအဆများ၊ အထူးသဖြင့် အမျိုးသားကြီးစိုးသည့် ယုံကြည်ချက်များကြောင့် အမျိုးသမီးများ၏ အခွင့်အရေး၊ အဆင့်တန်ဖိုးများသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး၊ ညှဉ်းပန်းနှိပ်စက်မှုများအား ထိရှလွယ်နေဆဲဖြစ်သည်။*

## မူးယစ်ဆေးဝါး

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ဖြေဆိုသူများသည် အုပ်စုလိုက်ဆွေးနွေးမှုများတွင် မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးနှင့်ဆက်စပ်သည့် ကိစ္စရပ်များသည် ၎င်းတို့၏ အသိုင်းအဝိုင်းတွင် ယေဘုယျအားဖြင့် ဦးစားပေးပြဿနာ ဖြစ်သည်ဟု ယူဆကြသည်။

ဖြေဆိုသူများက ၎င်းတို့ဒေသများတွင် မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးစွဲမှုကိစ္စရပ်များ မြင့်တက်လာပြီး၊ လုံခြုံမှုမရှိတော့သည်ကို ပြောကြသည်။ မူးယစ်ဆေးစွဲမှုများကြောင့် မိသားစုများ အပေါ် တွင် လူမှုရေးနှင့်စီးပွားရေးအရ သက်ရောက်မှုများရှိကြောင်း သတိထားမိသည်ဟုဆိုသည်။ မိသားစုထဲတွင် မူးယစ်ဆေးသုံးစွဲမှုရှိပါက ကလေးများအပေါ်တွင် အထူးသဖြင့် အကျိုးဆက်များ သက်ရောက်မှုရှိနေသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ဖြေကြားသူများသည် ထိရောက်မှုမရှိသည့် အကျင့်ပျက်ခြစားသည့် ရဲလုပ်ငန်းစဉ်၊ အစိုးရအရာရှိများကိုယ်တိုင် ပါဝင်ပတ်သက်မှုများကြောင့် ၎င်းတို့ ရပ်ရွာအသိုင်းအဝိုင်းတွင် မူးယစ်ဆေးများပျံ့နှံ့နေမှုရှိနေရခြင်းဖြစ်သည်ဟုထင်မြင်ယူဆကြသည်။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ရှိ ဖြေဆိုသူများသည် အုပ်စုလိုက် ဆွေးနွေးစဉ် အနီးအနားမှာရှိသည့် ဖားကန့်မြို့တွင် ကျောက်စိမ်းတူးဖော်နေမှုများနှင့် ၎င်းတို့အသိုင်းအဝိုင်းတွင် မူးယစ်ဆေးသုံးစွဲမှု များပြားလာခြင်းတို့ ဆက်စပ်မှုရှိပုံကို ဆွေးနွေးခဲ့သည်။ ရှမ်းပြည်နယ်မှ ဖြေဆိုသူအချို့ကမူ ၎င်းတို့ဒေသအသိုင်းအဝိုင်းအတွင်းသို့ မူးယစ်ဆေးဝါးများအား ရောက်ရှိလာရသည့် အကြောင်းအရင်းသည် ဈေးကွက်စီးပွားရေး အခြေအနေအရဟု ပြောပါသည်။

*ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မူးယစ်ဆေးဝါးသုံးစွဲသည့် အလေ့အထပျံ့နှံ့လာခြင်းသည် အသိုင်းအဝိုင်းများကြားတွင် အဓိကစိုးရိမ်ပူပန်စရာ ဖြစ်နေသည်။ မူးယစ်ဆေးဝါးများ ပျံ့နှံ့နေမှုသည် မိသားစုများ အပေါ် လူမှုဘဝ၊ စီးပွားရေးအပြင် အခြားဆိုးရွားသည့် သက်ရောက်မှုများဖြစ်စေသည်။ အစိုးရအရာရှိများသည်လည်း မူးယစ်*

---

[၂၇] ရခိုင်ပြည်နယ်တွင်ထိုပြဿနာများကို သတင်းပို့တိုင်ကြား တင်ပြမှု မရှိပါ။
[၂၈] UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ်
[၂၉] UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်

*ဆေးသုံးစွဲသည့် အလေ့အထ ပျံ့နှံ့မှုလာမှုများတွင် အတိုင်းအတာတစ်ခုအထိ ပါဝင်ပတ်သက်နေကြောင်း စွပ်စွဲပြောဆိုမှုများရှိနေသည်။*

## သီးခြားအုပ်စုများအပေါ်တွင် သက်ရောက်မှုရှိနေသည့် အကြောင်းအရင်းများ

အုပ်စုလိုက်နှင့် အသေးစိတ် ဆွေးနွေးရာတွင် ပြည်နယ်အလိုက် ပို၍အဖြစ်များသော ကိစ္စရပ်များအား ဖော်ထုတ်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများ၏ သက်ရောက်မှုများ၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ချမှတ်ထားသည့် ဒေသန္တရ အမိန့်များပါဝင်သည်။[၃၀] ကချင်ပြည်နယ်တွင် (အခြားနေရာများအပါအဝင်)၊ ယေဘုယျစိုးရိမ်ပူပန်မှုဖြစ်သည့် သာတူညီမျှရေးနှင့်ဥပဒေရှေ့မှောက်တွင် ခွဲခြားမှုမရှိစေရေးတို့သည် လက်နက်ကိုင်ပဋိပက္ခဖြစ်နေရခြင်းမှတဆင့် အပြင်းထန်ဆုံး ဖော်ပြလျှက်ရှိသည်။ ကချင်ပြည်နယ်တွင် ပြည်သူများသည် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ကြားတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများနှင့် သဘာဝအရင်းအမြစ်များအား တူးဖော်မှုတို့နှင့်ပတ်သက်၍ ပူပန်နေကြသည်။[၃၁] ရှမ်းပြည်နယ်တွင် ပြည်သူများသည် ပြည်သူ့ဝန်ဆောင်မှုများရရှိရန်ပြဿနာများကြုံတွေ့ရခြင်း(ရေနှင့်လျှပ်စစ်မီး) နှင့် ၎င်းတို့၏ကျန်းမာရေးအပေါ်တွင် ဆိုးရွားသည့် သက်ရောက်မှုများ ကြုံတွေ့နေရခြင်းသည်လည်း အကျင့်ပျက်ခြစားခြင်းနှင့် စည်းကြပ်မှုမရှိခြင်းကြောင့်ဖြစ် ကြောင်း ဆိုပါသည်။[၃၂]

ထိခိုက်လွယ်သည့် အုပ်စုဝင်များသည် တရားမျှတခြင်းနှင့် ဆက်စပ်သည့် ၎င်းတို့၏ စိုးရိမ်မှုများကို ထုတ်ဖော်ပြောလိုခြင်းမရှိကြပါ။ ၎င်းတို့၏ စိုးရိမ်မှုများသည်လည်း ရံဖန်ရံခါ အသိအမှတ်ပြုခြင်း မခံရပါ။ အထက်မှာဖော်ပြထားခဲ့သည့်အတိုင်း အထူးသဖြင့် အမျိုးသမီးများအပေါ်အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများတွင် ပို၍ထင်ရှားသည်။

အချို့မှတ်ချက်ပြုကြသည်မှာ ရိုရင်းစွဲ ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာများသည် ပြည်သူများအား ခွဲခြားဆက်ဆံနေရသည့် အကြောင်းရင်းများဖြစ်သည်ဟု တရားဝင်လက်ခံထားပုံရသည်။ ထို့ကဲ့သို့ခွဲခြားဆက်ဆံမှုများကို အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ မွတ်စလင်လျှောက်ထားသူများနှင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်မှ လူမျိုး (သို့) ဘာသာရေးအရ လူနည်းစုများသည် အရပ်ဖက် စာရွက်စာတမ်း အထောက်အထားများရယူရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်စလင် ဖြေဆိုသူများသည် ၎င်းတို့၏ လွတ်လပ်စွာသွားလာခွင့်၊ အိမ်ထောင်စု စာရင်းမှတ်ပုံတင်ခွင့်၊ ထိမ်းမြားခွင့်နှင့် အဆောက်အဦးဆောက်လုပ်ပိုင်ခွင့်များအပေါ် ဒေသန္တရအမိန့်များက သက်ရောက်မှုရှိသည်ဟု ဆိုပါသည်။ ဒေသအတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ဖြေဆိုသူများကလည်း ခွဲခြားဆက်ဆံမှု အမျိုးမျိုးကြုံတွေ့ရသည်ဟု ဆိုပါသည်။ ထို့ကဲ့သို့ လူမျိုး၊ ဘာသာ၊ လိင် နှင့်/သို့မဟုတ် ထိခိုက်လွယ်နိုင်ချေတို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုမျိုးကို ကြုံတွေ့ရသည်ဟု တိုင်တန်းတင်ပြလာခြင်းသည် အစိုးရအပါအဝင် အခြားသူများက ၎င်းတို့အပေါ် တန်းတူအသိအမှတ်ပြုခံရမှု၊ သာတူညီမျှသည့် ဆက်ဆံခံရမှုမျိုးကို လိုလားကြောင်း ပြည်သူတို့၏ တောင့်တချက်များကို ညွှန်ပြနေသည်။


အများစုသည် တရားမျှတမှုအား ရှာဖွေခြင်းမှာ ၎င်းတို့ရင်ဆိုင်ကြုံတွေ့ရသည့် တာဝန်ရှိပုဂ္ဂိုလ်များက ပြည်သူများအပေါ် တာဝန်ခံမှုမရှိခြင်းမှ ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကြောင့် ဖြစ်သည်။ ၂၀၁၂ မြေယာဥပဒေနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများ၊ အရပ်ဖက်စာရွက်စာတမ်းများ ရယူရန်ခက်ခဲခြင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုနှင့် အခြား အာဏာအလွဲအသုံးစားပြုမှုများ၊ ပဋိပက္ခများကြောင့် နိုင်ငံရေးစီးပွားရေး ရိုက်ခတ်မှုများ၊ အရင်းအမြစ်များ တူးဖော်ထုတ်ယူခြင်း၊ ပဋိပက္ခများ၏ ရွှေ့ပြောင်းနေထိုင်ရသူများအပေါ် သက်ရောက်မှုများ၊ ပြည်သူ့ဝန်ဆောင်မှုများအား မျှတစွာရရှိရေး စသည့်ကိစ္စများသည် ပြည်သူများအား တရားမျှတမှုရှာဖွေရသည့်တိုင် တွန်းအားပေးနေသော ကြီးမားသည့် တာဝန်ယူမှု လင့်ဟင်းနေခြင်းအား ညွှန်ပြသည်။

## တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ

ဖြေဆိုသူ၂၆၂ ဦးသည် ပြီးခဲ့သည် ၁၂ လ အတွင်း အငြင်းပွားမှုများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး၊ ၎င်းတို့ ကြုံတွေ့ခဲ့ရသည်များမှ မည်သည့်ကိစ္စသည် အရေးကြီးဆုံးဖြစ်သည်ဟု ဖော်ပြခဲ့သည်။ အကြီးမားဆုံး စိုးရိမ်ပူပန်များကို ဖြစ်စေသည့်အငြင်းပွားမှုများ အားဖြေရှင်းသည့်လမ်းကြောင်းများကို ခြေရာခံရာတွင် ဤအချက်အလက်ကို အသုံးပြုခဲ့သည် (ဇယား ၂.၅)။ ဖြစ်ပွားမှု အများဆုံးဟု တိုင်ကြားသည့် အငြင်းပွားမှု အမျိုးအစားသုံးမျိုးမှာ အံ့အားသင့်ဖွယ်ရာမရှိဘဲ အရေးအကြီးဆုံးများလည်း ဖြစ်နေကြောင်း မှတ်ယူရသည် (ဇယား ၂.၃)။

၃၀ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု-ရခိုင်ပြည်နယ်
၃၁ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ်
၃၂ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်။

ပုံ.၂.၃   တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများ




ယခုအစီရင်ခံစာပါ နောက်ပိုင်းအကြောင်းအရာများသည် ဦးစားပေးပြဿနာများ အခြင်းပွားမှု ၂၆၂ ခုနှင့် ဆက်စပ်သည်။



# (၂) တရားမျှတမှုဆိုင်ရာ လမ်းကြောင်းများ

အငြင်းပွားမှုပြဿနာများမှာ ပါဝင်သူများသည် မည်ကဲ့သို့ဖြေရှင်းသနည်း။ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ဖြေရှင်းခဲ့သနည်း။ မည်သူများ ပါဝင်ပတ်သက်ခဲ့သနည်း။ အငြင်းပွားမှုသည် ပြေလည်သွားခဲ့ပါသလား။ ကျေနပ်မှုရှိခဲ့ပါသလား။

ဓာတ်ပုံ- သာယာကုန်းရွာရှိ စက်ချုပ်သင်နေသည့် ဒေသခံ အမျိုးသမီးများ၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်

ဤအပိုင်းတွင် အငြင်းပွားမှု ဖြေရှင်းသူများမှ တရားမျှတမှု ရရှိရန် မည်သည့်နည်းလမ်းများ အသုံးပြုကြသည်ကို လေ့လာသုံးသပ်သည်။ ကနဦးအနေဖြင့် အများစုပို၍ နှစ်သက်သော တိုက်ရိုက်ညှိနှိုင်းမှု၊ ထို့နောက် (သမားရိုးကျမဟုတ်သော၊ တရားစီရင်ရေး/အုပ်ချုပ်ရေးဆန်သော (သို့) သမားရိုးကျဖြစ်သော တရားမျှတမှုစနစ်များရှိ) တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှု၊ ထိုပြဿနာဖြေရှင်းမှုလမ်းကြောင်း (၂) ခု၏ အောင်မြင်မှု သာဓကများ ပါဝင်သည်။ အဆုံးတွင် ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်မှတဆင့် ဆောင်ရွက်သော သမားရိုးကျလမ်းကြောင်းမှာ အသုံးပြုမှုအလွန်နည်းကြောင်း သုံးသပ်ပါသည်။


## တိုက်ရိုက်ညှိနှိုင်းခြင်း

အငြင်းပွားမှုကိစ္စ များ၏ ၃ ပုံ ၂ ပုံတွင် (၂၆၂ မှ အနက် ၁၇၄ မှု) တွင် အငြင်းပွားမှု ရင်ဆိုင်နေရသူသည် ပြေလည်မှုရရန် တဖက်လူနှင့် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်သည်။ အငြင်းပွားမှု ကိစ္စများ၏ ၃ ပုံ ၁ ပုံ (၅၉ မှု) မှာ တိုက်ရိုက်ညှိနှိုင်းခြင်းဖြင့် ပြေလည်သွားကြသည်။

ရခိုင်ပြည်နယ်တွင် အငြင်းပွားမှု ၃ ပုံ ၂ ပုံ (၁၀၂ မှု အနက် ၆၇ မှု) သည် တိုက်ရိုက်ညှိနှိုင်းခြင်းဖြင့် ကနဦးဖြေရှင်းခဲ့ကြပြီး၊ ၎င်းတို့၏ အငြင်းပွားမှု ၃ ပုံ ၁ ပုံ ကျော် (၆၇ မှု အနက် ၂၆ မှု) မှာ ပြေလည်သွားကြသည်။ တိုက်ရိုက်ညှိနှိုင်းမှုဖြင့် အောင်မြင်သည့် အတိုင်းအတာမှာ ကချင် နှင့် ရှမ်းပြည်နယ်တို့တွင် နည်းပါးသည်။ ကချင်ပြည် နယ်တွင် ၃ ပုံ ၄ ပုံကျော် (၇၆ မှု အနက် ၅၉ မှု) နှင့် ရှမ်းပြည်နယ်တွင် ထက်ဝက်ကျော် (၈၄ မှု အနက် ၄၈ မှု) သည် ကနဦးတိုက်ရိုက်ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းပြီး၊ အငြင်းပွားမှု အားလုံး၏ ၃ ပုံ ၁ ပုံအောက်သာ (ကချင်ပြည်နယ်တွင် ၅၉ မှု အနက် ၁၈ မှု - ရှမ်းပြည်နယ်တွင် ၄၈ မှု အနက် ၁၅ မှု) ဖြေရှင်းနိုင်ခဲ့သည်။

တိုက်ရိုက်ညှိနှိုင်းမှုတွင် ပါဝင်သူများမှာ အငြင်းပွားမှုနှင့် တိုက်ရိုက် သက်ဆိုင်သူများသာ မဟုတ်ပါ။ မိသားစုနှင့် အသိုင်းအဝိုင်းများ၏ ဆက်နွယ်နေသည့် သဘောသဘာဝအရ (ဇယား ၂.၄) အငြင်းပွားမှုတွင် မိသားစုဝင်များနှင့် အသိုင်းအဝိုင်းမှ ပါဝင်ပတ်သက်တတ်သည်။ အစဉ်အလာအရ ဖခင်ဖြစ်သူ (သို့) အိမ်ထောင် ဦးစီးဖြစ်သူက ၎င်း၏ မိသားစုဝင်ကိုယ်စား ပြောကြားသည်။ ပြည်သူများသည် အငြင်းပွားမှုကိစ္စများဖြေရှင်းရန် အသိုင်းအဝိုင်းအသီးသီးမှ ခေါင်းဆောင်များ (သို့) ကြည်ညို လေးစားရသူများ (သို့) သြဇာရှိသူများ၏ အကူအညီကိုလည်း ရယူကြသည် (အပိုင်း ၃ တွင် ရှု)။

ပုံ.၂.၄ ယုံကြည်မှု အတိုင်းအတာ



*အဓိက လေ့လာတွေ့ရှိချက်တစ်ခုမှာ အငြင်းပွားမှု အများစုသည် အခြားယုံကြည်ရသူများ အပါအဝင် ဒေသ ရပ်ရွာအတွင်း တိုက်ရိုက်ညှိနှိုင်းနည်းနှင့် ကနဦး ဖြေရှင်း သည်။ သို့သော် ယခုနည်းလမ်းသည် ရံဖန်ရံခါ အောင်မြင်မှု မရှိပေ။*

## တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီ

ဖြေဆိုသူ ၂၀၃ ဦးသည် ပထမအဆင့်အနေဖြင့် တိုက်ရိုက်ညှိနှိုင်းမှုမပြုလုပ်ခြင်း (သို့) ၎င်းတို့၏ ညှိနှိုင်း ဆွေးနွေးမှုသည် အောင်မြင်မှုမရှိခြင်းကို တွေ့ရသည်။ အများစုသည် (၂၀၃ မှုအနက် ၁၀၇ မှု - ၅၂.၇%) တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီ ရယူကြသည်။ အငြင်းပွား မှု ၃ ပုံ ၁ ပုံ (၃၆ မှု) သည် ပြေလည်မှုရရှိခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း ထံ အကူအညီရယူသူ အချိုးအစားများနှင့် လုပ်ဆောင်မှုမှ ရလဒ်များသည် ပြည်နယ်များအလိုက် ကွာခြားနေသည်။ ရှမ်းပြည်နယ်တွင် ယခုကဲ့သို့ဖြေရှင်းခြင်းသည် ပိုမိုထိရောက် မှုရှိသည်။ ရှမ်းပြည်နယ်တွင် ဖြေကြားသူများ၏ ၃ ပုံ ၂ပုံနီးပါး(၆၉မှုအနက်၄၃မှု-၆၂.၃%) သည်တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီရယူသည်။ ရခိုင်ပြည်နယ်တွင် ထက်ဝက်အောက် နည်းပါးနေပြီး (၇၆ မှုအနက် ၃၇ - ၄၈.၇%)၊ ကချင်ပြည်နယ်တွင် (၅၈ မှုအနက် ၂၇ မှု - ၄၆.၆%) လည်း အလားတူပင်ဖြစ်သည်။ ရှမ်းပြည်နယ် တွင် ပထမအသုတ် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ပါဝင် သည့် အငြင်းပွားမှုများ အများဆုံးပြေလည်မှု ရရှိကြောင်း တွေ့ရပြီး (၄၃ မှုအနက် ၁၈ မှု - ၄၁.၉ %)။ ကချင် ပြည်နယ်တွင် အငြင်းပွားမှု ၃၃.၃% နှင့် ရခိုင်ပြည်နယ် တွင် အငြင်းပွားမှု ၂၄.၃% သည် ပထမအသုတ် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ပါဝင်ဖြေရှင်းထားကြောင်းလည်း တွေ့ရသည်။


ပထမအသုတ် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း အကူအညီဖြင့် ပြေလည်မှုမရရှိသော ဖြေကြားသူ အနည်း စုသည်သာ ဒုတိယ (သို့) တတိယအသုတ် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ အကူအညီရယူပြီး၊ အမှု ပြဿနာ အငြင်းပွားမှု ၄၀ ခု ကို ဖြေရှင်းရန် ကြိုးစားခဲ့ကြ သည်။ ထိုမှတဆင့် နောက်ထပ် အငြင်းပွားမှု ၁၀ ခုကို လည်း ပြေလည်စေခဲ့သည်။ နောက်ဆုံးအနေဖြင့် ၁၀၇ မှု အနက် ၄၆ မှု သည် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီဖြင့် ပြေလည်မှုရခဲ့သည်။ အလုံးစုံအားဖြင့် တရား မျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများနှင စပ်လျဉ်းသည့် အငြင်းပွားမှု ၂၆၂ မှုအနက် ၁၀၅ မှုအား ဖြေရှင်းနိုင်ခဲ့သည်။ ၅၉ မှု (၂၂.၅%) အား တိုက်ရိုက်ညှိနှိုင်းမှုဖြင့် ဖြေရှင်း နိုင်ခဲ့ပြီး၊ အခြား ၄၆ မှု (၁၇.၆%) သည် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီဖြင့် ဖြေရှင်းနိုင်ခဲ့သည်။ သိသား ထင်ရှားစွာပင် အငြင်းပွားမှု ၁၅၇ မှု (၆၀.၀%) သည် ဖြေရှင်းနိုင်ခြင်း မရှိခဲ့ပေ။ ဇယား ၂.၅ တွင် တရားမျှတမှု ဆိုင်ရာ အဓိက ဦးစားပေးပြဿနာ ၂၆၂ မှုအား ဖြေရှင်း သည့် လမ်းကြောင်းများကို ခြုံငုံဖော်ပြထားသည်။

တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီရယူ သူများသည် ဦးစွာ မြို့နယ်အဆင့် (သို့) အောက်ရှိ သူများ ထံမှရယူသည် - ၎င်းတို့သည် ပြစ်မှုဆိုင်ရာ တရားမျှ တရေးစနစ်တွင် အဓိကနေရာမှာ ပါဝင်သူများ မဟုတ် ပေ (အပိုင်း ၃ နှင့် နောက်ဆက်တွဲ ဖော်ပြချက် ၃)။ သိသာထင်ရှားစွာပင် ဖြေဆိုသူအများစုသည် တစ်နှစ်တာ ကာလအတွင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၉၂.၄%)၊ မြို့နယ်ရဲတပ်ဖွဲ့ (၉၂.၂%) (သို့) မြို့နယ် တရားရုံး (၉၆.၂%) သို့ သွားရောက်ခဲ့ခြင်း မရှိပေ။

ထို့ကြောင့် ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်တွင် ပါဝင်နေသူများဖြစ်သည့် - ရဲ၊ ရှေ့နေနှင့် တရားရုံးများအနေဖြင့် ယင်းအငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း မရှိသလောက်ဖြစ်သည်။ ၎င်းတို့သည် ပထမအသုတ် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အနေဖြင့် ဖြေရှင်းနိုင်ခဲ့သည့် အငြင်းပွားမှု ၁၀၇ မှု အနက် ၈ မှု၊ ဒုတိယအသုတ် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အနေဖြင့် ဖြေရှင်းနိုင်ခဲ့သည့် အငြင်းပွားမှု ၃၀ အနက် ၂ မှု၊ တတိယအသုတ် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အနေဖြင့် ဖြေရှင်းနိုင်ခဲ့သည့် ၁၀ မှု အနက် ၂ မှု တွင်သာ ပါဝင်ကြကြောင်း တွေ့ရသည်။

ဇယား ၂.၅ - ဦးစားပေးပြဿနာများအားဖြေရှင်းရာတွင် ညှိနှိုင်းဖြေရှင်းခြင်းနှင့် တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီရယူခြင်း

| | အနည်းဆုံး အမှု ပြဿနာ တစ်ခု ရှိသည်ဟု ဖြေဆိုသူ အရေအတွက် | အမှုပြဿနာ စုစုပေါင်း |
|---|---|---|
| စုစုပေါင်း ၁၁၅၂ | ၂၆၂ | ၅၇၆ |
| ရခိုင် ၃၃၂ | ၁၀၂ (၃၀.၇%) | ၂၉၅ |
| ကချင် ၃၀၀ | ၇၆ (၂၅.၃%) | ၁၃၃ |
| ရှမ်း ၅၂၀ | ၈၄ (၁၆.၂%) | ၁၄၈ |




*ခြုံငုံရမည်ဆိုလျှင် ကနဦးကပင်လည်းကောင်း၊ တိုက်ရိုက်ညှိနှိုင်းမှုများ အောင်မြင်ခြင်းမရှိသည့် အခါတွင်လည်းကောင်း လူအများစုသည် ဒေသန္တရတာဝန်ရှိပုဂ္ဂိုလ်များထက် ဒေသခံရပ်ရွာ၊ အစိုးရမဟုတ်သည့် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံ ချဉ်းကပ်အကူအညီ တောင်းခံကြပြီး၊ ရရှိလာသော ရလဒ်များသည်လည်း ယဉ်ကျေးမှုနှင့် လူမှုရေးအရ လွှမ်းမိုးထားခြင်းခံရသည်။ အငြင်းပွားမှုများ၏ ၆၀% သည် ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။*

ဇယား ၂.၆ သည် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကူအညီ ရယူသူများအတွက် အသုံးပြုနိုင်သည့် လမ်းကြောင်းများကို ပြသထားသည်။ သမားရိုးကျ မဟုတ်သော၊ တရားစီရင် ရေး/စီမံအုပ်ချုပ်ရေးဆန်သော နှင့် သမားရိုးကျဖြစ်သော (ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်) စသည်များဖြစ်သည်။ အထက်မှာ ဖော်ပြထားသည့်အတိုင်း ဖြေဆိုသူအများစုသည် သမားရိုးကျမဟုတ်သော တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းကို ပိုမိုနှစ်သက်ကြောင်းတွေ့ရသည်။

## ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်

ယခုအခြေအနေတွင် အရေးကြီးသည့်အချက်သည် ပြည်နယ် ၃ ခုတွင်ရှိသည့် ဖြေဆိုသူအများစုသည် တရားမျှတမှုနှင့်ပတ်သက်ပြီး တူညီသည့် အယူအဆများရှိသည်။

ပုံ.၂.၆ အငြင်းပွားမှုများအား တတိယ ပုဂ္ဂိုလ်၊ အဖွဲ့ အစည်းများ၏ အကူအညီဖြင့် ဖြေရှင်းခြင်း



ထို့အပြင် ပြည်နယ် ၃ ခုမှာရှိသည့် ဖြေဆိုသူအများစုသည် ဦးစားပေးဖြေရှင်းရမည့် အငြင်းပွားမှု ပြဿနာအချို့တွင်ပါဝင်နေသည်။ အံ့အားသင့်စွာပင် ထိုအငြင်းပွားဖွယ်ရာ ကိစ္စရပ်များအား ပြေလည်အောင် ဆောင်ရွက်ရာတွင် ပြည်နယ် ၃ ခုလုံးမှ ဖြေဆိုသူများသည် သမရိုးကျနည်းလမ်းများထက်စာလျှင် ဒေသန္တရနှင့် သမရိုးကျမဟုတ်သည့် နည်းလမ်းများကို ပို၍နှစ်သက်ကြသည်ကို တွေ့ရသည်။

ထိုကိစ္စသည် ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်အပေါ် သိသာစွာ မေးခွန်းထုတ်စရာများဖြစ်လာသည်။ - အဘယ်ကြောင့် ဖြေဆိုသူများသည် ထိုကဲ့သို့နည်းလမ်းများဖြင့်သာ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းလိုကြသနည်း၊ အောက်ဖော်ပြပါအပိုင်းတွင် ထိုကိစ္စရပ်အား အကျယ်တဝင့် ဖော်ပြထားသည်။


# အများပြည်သူများ အဘယ်ကြောင့် မည်သည့်နည်းလမ်းများနှင့် တရားမျှတမှု ရရှိရန်ဆောင်ရွက်သနည်း။

ယခုအပိုင်းသည် အများပြည်သူများ မည်သည့်နည်းလမ်းများနှင့် တရားမျှတမှုရရှိရန် ဆောင်ရွက်သနည်းနှင့် အဘယ်ကြောင့် ထိုနည်းလမ်းများကို ရွေးချယ်သနည်းတို့အား လေ့လာမှုပြုလုပ်ထားသည်။ ယခုအပိုင်းတွင် ၎င်းတို့၏ အငြင်းပွားမှုပြဿနာများကို ကိုင်တွယ်ရာ သို့မဟုတ် ဖြေရှင်းမှုနှင့်ပတ်သက်၍ နည်းလမ်းရှာဖွေခြင်း သို့မဟုတ် မရှာဖွေခြင်း၊ ဆုံးဖြတ်ရွေးချယ်မှု နှင့် အမှုအကျင့်များအပေါ် လွှမ်းမိုးသက်ရောက်သည့် အကြောင်းအရာများကို ဆွေးနွေးထားသည်။ အဆိုပါ ကိစ္စရပ်များတွင် လူတစ်ယောက်၏ ကိုယ်ပိုင်လက္ခဏာများ၊ အခြေအနေ နှင့် အယူအဆများ၊ ပြဿနာများ၏ သဘောတရားနှင့် ဓလေ့ထုံးတမ်းနှင့် လူမှုရေးသက်ရောက်မှုများ အစရှိသည်တို့ ပါဝင်နေသည်။

ရှေးဦးစွာနှင့် သိသာသည့်အချက်သည် အုပ်စုအချို့သည် တရားမျှတမှုရှိရေးနှင့်ပတ်သက်ပြီး ပူပန်မှုများ ရှိနေပြီး အခြားသူများမှ အသိအမှတ်မပြုမည်အား ပူပန်ခြင်း (သို့) လူမှုအသိုင်းအဝိုင်း လွှမ်းမိုးမှုများကြောင့် ဖြစ်သည်။ ထိုကဲ့သို့ အသိအမှတ်မပြုခြင်းသည် ထိခိုက်လွယ်အားနည်းသူများ နှင့်/သို့မဟုတ် လူနည်းစုများအပေါ်တွင် သက်ရောက်မှုများစွာရှိနေသည်။ မြန်မာနိုင်ငံ၏ လူ့အသိုင်းအဝိုင်းတွင် လူတစ်ယောက်အား မည်ကဲ့သို့ ပြုမူဆက်ဆံသနည်းအား မေးမြန်းရာတွင် အများစုသည် ချမ်းသာကြွယ်ဝမှု (ပြည်နယ် ၃ ခုလုံးတွင် ဖြေဆိုသူ - ၈၃.၇%) နှင့် ပညာတတ်မြောက်မှု (၈၁.၉ %) ဟု ဖြေကြားသည်။ အများစုသည် နိုင်ငံရေးအရ ပတ်သက်မှုများ (၇၄.၂%) နှင့် မိသားစုအချိတ်အဆက်များ (၇၀.၄%) များကြောင့်ဟုလည်း ယုံကြည်သည်။ ကချင်ပြည်နယ်မှ အများစုသည် အခြားပြည်နယ်များထက် အထက်ပါ အကြောင်းအရာများအပြင် ကျား၊မရေးရာသည်လည်း အဓိကဆုံးဖြတ်သည့် အချက်ဖြစ်သည်ဟု ဖြေကြားသည်။ ထိုသည်မှာ ကချင်ပြည်နယ်မှ ဖြေဆိုသူများသည် အခြားသူများထက်၊ မြန်မာနိုင်ငံ၏ လူ့အသိုင်းအဝိုင်းတွင် ခွဲခြားဆက်ဆံခံရမှုအား သိရှိခြင်း (သို့) ကြုံတွေ့ရခြင်းကြောင့် ဖြစ်နိုင်သည်။

ပြည်နယ် ၃ ခုမှ ဖြေဆိုသူအများစုသည်လည်း လူမျိုးစုဖြစ်ခြင်း (၆၄.၀%)၊ ဘာသာရေး (၆၀.၄%) နှင့် ကျား၊မရေးရာ (၅၁.၆%) များသည် လူတစ်ဦး ကောင်းမွန်စွာ ပြုမူဆက်ဆံခံရမှုကို အဆုံးအဖြတ်ပေးသည်ဟု ဖြေကြားသည်။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာတို့က အဆုံးအဖြတ်ပေးသည်ဟု သဘောထားသည်မှာ ကချင် သို့မဟုတ် ရှမ်းပြည်နယ်ထက်စာလျှင် ရခိုင်ပြည်နယ်မှ ဖြေဆိုသူ အချိုးအစားမြင့်မားသည် (ဇယား ၂.၇)။

ပုံ ၂.၇ ။ မြန်မာ့ လူ့အသိုင်းအဝိုင်းတွင် ပြုမူဆက်ဆံခံရမှုအပေါ် အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်များ




တရားမျှတမှုနှင့်ပတ်သက်ပြီး အသိအမှတ်မပြုခံရသည့် အကြောင်းအရင်းနှင့် အနီးဆုံးဆက်နွှယ်နေသည်မှာ ပြဿနာများ မတိုင်ကြားခြင်းဖြစ်သည်။ ဤလက္ခဏာကိုလည်း အလေးပေး ဆန်းစစ်လေ့လာထားသည်။ အစိုးရအရာရှိများ လာဘ်လာဘ အပိုကြေးတောင်းခံသည့် ဥပမာသာကေဖြစ်ရပ် နှစ်ခု (၁ မြေယာမှတ်ပုံတင်လိုခြင်းနှင့် ၂ မှတ်ပုံတင်အသစ် လုပ်လိုခြင်း) ကို ဖြေဆိုသူများ မည်ကဲ့သို့ တုန့်ပြန်ဆောင်ရွက်မည်နည်းဟု မေးမြန်းခဲ့ရာ ရလဒ်များသည် အဆိုပါဖြစ်ရပ်များအား တိုင်ကြားရန် တွန့်ဆုတ်နေသည် (ဤသည်မှာ ထိုကဲ့သို့သောအခြေအနေ ကြုံရနိုင်ချေကိုရှောင်ရှားခြင်း/မလိုလားခြင်းလည်း ဖြစ်နိုင်သည်) ကိုဖော်ပြသည်။

ကချင်ပြည်နယ်မှ ဖြေဆိုသူအများစုသည် ဖော်ပြပါဖြစ်ရပ် ၂ ခု ကိုတိုင်ကြားမည်ဟု[၃၃] ဖော်ပြပြီး၊ ရှမ်းပြည်နယ်မှ ဖြေဆိုသူအများစုသည် တိုင်ကြားခြင်းပြုမည် မဟုတ်ကြောင်း ဖြေကြားသည်။[၃၄]

ပြည်နယ် ၃ ခုစလုံးတွင် အမျိုးသမီးဖြေဆိုသူများ၏ ထက်ဝက်သည် ယခုဖြစ်ရပ်အား တိုင်ကြားမည် မဟုတ်ကြောင်း ဖြေကြားသည် (ဖြစ်ရပ် ၁ - ၅၂.၁%၊ ဖြစ်ရပ် ၂ - ၅၂.၃%)။

အထက်ဖော်ပြပါအခြေအနေမျိုးတွင် လူနည်းစုနှင့် ထိခိုက်လွယ်သူများသည် အာဏာအလွဲ သုံးစားပြုမှုများအား မတိုင်ကြားလိုသည့် သဘောရှိသည်။ ရခိုင်ပြည်နယ်ရှိ မွတ်စလင် ဖြေဆိုသူ အများစုသည် ဒုတိယအဖြစ်အပျက်နှင့် ပတ်သက်ပြီး တိုင်းကြားမည် မဟုတ်ကြောင်းဖြေသည် (မှတ်ပုံတင် စာရွက်စာတမ်းကိစ္စ)။[၃၅] ရှမ်းပြည်နယ်ရှိ ကိုးကန့် ၊ တအာန်း/ ပလောင်နှင့် တရုတ်လူမျိုးဖြေဆိုသူများသည် ပထမဖြစ်ရပ်အား (မြေယာမှတ်ပုံတင်ခြင်း ကိစ္စ) တိုင်ကြားမည် မဟုတ်ကြောင်းနှင့် သိသာထင်ရှားစွာပင် ကိုးကန့်၊ တောင်အာရှနှင့် တရုတ်နွယ်ဖွား ဖြေဆိုသူများသည် ဒုတိယဖြစ်ရပ်အား တိုင်ကြားမည် မဟုတ်ကြောင်းဖြေသည်။[၃၆]

ဒုတိယအချက်မှ ပြသနေသည်မှာ အများပြည်သူသည် ညှိနှိုင်းခြင်း၊ ကြားဝင်ဖြေရှင်းခြင်း (သို့) အခြားနည်းလမ်းဖြင့် အငြင်းပွားမှုများအား ပြေလည်အောင် လုပ်ဆောင်ခြင်းဖြင့် အဓိကဖြေရှင်းကြသည်။ အဆိုပါ လုပ်ရပ်သည် တိုက်ရိုက်ညှိနှိုင်းလိုခြင်းနှင့် တတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်းမှ ကြားဝင်ဖြေရှင်းပေးခြင်းအား လိုလားသည်ဟု ဖော်ပြနေသည်။ သမားရိုးကျ တရားမျှတရေးစနစ်သည် အများပြည်သူ၏ ယုံကြည်မှုမရှိခြင်းနှင့် တရားဥပဒေ အသက်ဝင်မှု အလားအလာ နည်းပါးနေသည်ဟု ရှုမြင်ခံရသည့် အခါမျိုးတွင် ယခုကဲ့သို့ တရားမျှတမှု ရှာဖွေသည့်

၃၃ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ်
၃၄ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်။
၃၅ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရခိုင်ပြည်နယ်
၃၆ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်

ပုံစံမျိုးသည် အသုံးဝင်သည်ဟုဆိုလျှင် ငြင်းခုံစရာဖြစ်ကောင်းဖြစ်မည်။

ရင်ကြားစေ့ပြေလည်ရေးကို ရှေးရှုသည့်ဖြေရှင်းပုံများကို အသေးဆုံးမှအကြီးမားဆုံး တရားမျှတမှုဆိုင်ရာ အမှုပြဿနာများတွင် တွေ့ရသည်။ လူသေမှု ၆ မှုတွင် ၅ မှုနှင့် ပတ်သက်ပြီး ဖြေဆိုသူများသည် တိုက်ရိုက်ဆွေးနွေးမှုပြုလုပ်ရန်ညှိနိုင်းပြီး၊ ၃ မှုသည် ပြေလည်ခဲ့သည်။ မှတ်သားစရာမှာ ဖြေဆိုသူများ၏ ပြောကြားချက်အရ ရဲများအား တိုင်ကြားသည့် အမှုသည်သာ ဖြေရှင်းနိုင်ခြင်းမရှိသေးကြောင်း ဖြေသည်။ တတိယအနေဖြင့် အစိုးရအရာရှိများ သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုတာဝန်ယူထားသူများနှင့် နီးနှောဆက်ဆံရာမှ ပေါ်ပေါက်လာသည့် တရားမျှတမှုဆိုင်ရာ ပြဿနာကိစ္စရပ်များ၏ အချိုးအစားအတော်များများရှိသည်။ ယခုကဲ့သို့ အငြင်းပွားမှုများတွင် အမြဲမဟုတ်သည့်တိုင် ယေဘုယျအားဖြင့် အောက်ဖော်ပြပါ အခြေအနေများတွင် ဖြစ်ပွားသည်။ မွေးစာရင်းနှင့် မှတ်ပုံတင်အထောက်အထားရယူမှုဆိုင်ရာ ပြဿနာများ၊ အဂတိလိုက်စားမှု သို့မဟုတ် အကျင့်ပျက်ခြစားမှု၊ အာဏာပိုင်များမှဖမ်းဆီးခြင်း၊ သစ်တောနှင့် ပတ်သက်သည့် အငြင်းပွားမှုများ၊ အခြားတရားဝင် စာရွက်စာတမ်းများရယူရာတွင် ပြဿနာကြုံရခြင်း၊ မြေယာမှတ်ပုံတင် မြေယာမှတ်ပုံတင်ရာတွင် ကြုံရသည့် ပြဿနာများနှင့် အခြားမြေယာကိစ္စနှင့် ပတ်သက်သည့် အငြင်းပွားမှုများတို့ဖြစ်သည်။[၃၇]

ယခုကဲ့သို့ အငြင်းပွားမှုများဖြစ်ပါက အချို့တိုင်ကြားမှုများသည်သာ ဖြေရှင်းပြီးမြောက်ခဲ့သည်။ ဥပမာ -

- မွေးစာရင်းနှင့် မှတ်ပုံတင် အထောက်အထားရယူမှုဆိုင်ရာပြဿနာများ - ၂၆ မှုတွင် ၆ မှုသာ ဖြေရှင်းနိုင်ခြင်း။
- သစ်တောနှင့် ပတ်သက်သည့် အငြင်းပွားမှု - ၇ မှုတွင် ၂ မှုသာ ဖြေရှင်းနိုင်ခြင်း။
- အခြားတရားဝင် စာရွက်စာတမ်းများ ရယူခြင်းနှင့်ဆိုင်သည့် ပြဿနာများ - ၈ မှုတွင် ၁ မှုသာ ဖြေရှင်းနိုင်ခြင်း။
- မြေယာမှတ်ပုံတင်ရာတွင် ကြုံရသည် ပြဿနာများ- ၃ မှုလုံး ဖြေရှင်းနိုင်ခြင်း မရှိသေး။

အခြားတစ်ဖက်ရှိ ပုဂ္ဂလိက အမှုပြဿနာများတွင်မူ နှစ်ဦးနှစ်ဖက်မှ အငြင်းပွားမှုများစွာအား ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့သည် (ဥပမာ - ယာဉ်မတော်တဆမှု - ၇ မှုစလုံး ဖြေရှင်းခဲ့သည်၊ ရန်ဖြစ်ခြင်း - ၁၂ မှုတွင် ၉ မှု ဖြေရှင်းခဲ့သည်)။ အဓိက ခြွင်းချက်အနေဖြင့် ပုဂ္ဂလိကမြေယာကိစ္စ အငြင်းပွားမှုများနှင့် ကြွေးမြီပြဿနာများ မပါဝင်ပေ (၄၅ မှုတွင် ၁၁ မှုသာ ဖြေရှင်းနိုင်ခဲ့သည်)။ ဦးစားပေးပြဿနာဟု ဖော်ပြသည့် "ပုဂ္ဂလိက" အငြင်းပွားမှု ကိစ္စရပ်အချို့တွင်၊ အထူးသဖြင့် အမျိုးသမီးများအား ဥပဒေအရကာကွယ်စောင့်ရှောက်မှု (လိင်ပိုင်းဆိုင်ရာ စော်ကားမှုနှင့် အိမ်တွင်း အကြမ်းဖက်မှုများ) နှင့် ပတ်သက်ပြီး အမှု (၆) မှုဖြေရှင်းပြီးကြောင်း သိရသည်။ အထက်မှာ ဖော်ပြထားသည့် အသိအမှတ်မပြုခြင်းနှင့် တိုင်ကြားခြင်းမပြုခြင်းတို့သည် ယခုကိစ္စများအပေါ်တွင် သက်ရောက်မှုရှိနိုင်သည်။ စတုတ္ထအနေဖြင့် တစ်ဦးတစ်ယောက်စီ သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်း၏ တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာများအပေါ် ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်၏ အခန်းကဏ္ဍမှာ အကန့်အသတ်ရှိပုံရသည်။ စနစ်၏ လုပ်ငန်းတစ်ရပ်မှာ ဆင်းရဲသူများနှင့် ထိခိုက်လွယ်အားနည်းသူများ၏ ရပိုင်ခွင့်များနှင့် အကျိုးစီးပွားများကို အကာအကွယ်ပေးခြင်းထက် စာလျှင် ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးဖြစ်သည်။ သက်သေပြရမည့်တာဝန်ကို စွဲဆိုခံရသူ၏ပခုံးပေါ် သက်ရောက်စေခြင်းလည်း အပါအဝင်ဖြစ်သည် (ဥပမာ - ၁၉၄၅ ရဲ အက်ဥပဒေ၊ ၁၉၆၁ ပြစ်မှုကျူးလွန်တတ်သူများကို သွားလာခွင့်ကန့်သတ်မှုနှင့်ခံဝန်နှင့် ခြေချုပ်ဥပဒေ နှင့် အခြား "အထူးဥပဒေ" များမှတဆင့်)။

၂၀၁၂ မြေယာဥပဒေနှင့်ပတ်သက်သည့် မြေယာအငြင်းပွားမှုပြဿနာများတွင် ယေဘုယျအားဖြင့် တရားရုံး၏ အခန်းကဏ္ဍမရှိပဲ ၎င်းကိစ္စများအား တရားစီရင်ရေးသဘောဆန်စွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ်ဖြေရှင်းသည်။ အလားတူပင် အရပ်ဖက်စာရွက်စာတမ်းများရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအား လူဝင်မှုကြီးကြပ်ရေးဌာနမှ ကိုင်တွယ်ပြီး တရားစီရင်ရေးစနစ်မှတဆင့် ဆောင်ရွက်ခြင်းမတွေ့ရပေ။ အစိုးရအရာရှိများ အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးစားသည် ယူဆပြီး တိုင်ကြားမည်ဆိုလျှင်လည်း တရားရုံးများသည် ထိုကိစ္စရပ်များအတွက် ဖြေရှင်းသည့်နေရာ ဖြစ်မနေပြန်ပေ။

အဓိက လေ့လာမှုများအရ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြဿနာများသည် လူ့အသိုင်းအဝိုင်း၏ ဦးစားပေး ပြဿနာတစ်ရပ်ဖြစ်ပြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ပြစ်မှုဆိုင်ရာတရားမျှတရေးစနစ်၏ တုံ့ပြန်မှုမှာ မူးယစ်ဆေးသုံးစွဲသူများအား ထောင်ဒဏ်များ ချမှတ်သည့် ဥပဒေစည်းကြပ်ခြင်းမျိုးသာဖြစ်ပြီး ထိုပြဿနာအား ကျန်းမာရေး ရှုထောင့်မှ ဦးစားပေး ကိုင်တွယ်ဖြေရှင်းပေးခြင်းမျိုး မရှိသေးပေ။ [၃၈]

လိင်ပိုင်းဆိုင်ရာ စော်ကားမှုများနှင့် အိမ်တွင်း အကြမ်းဖက်မှုများတွင် ကျူးလွန်ခံရသူ အမျိုးသမီးများ၏

၃၇ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်

၃၈ UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု-- ရှမ်းပြည်နယ် နှင့် ကချင်ပြည်နယ်

အခွင့်အရေးနှင့် လုံခြုံရေးတို့နှင့်စပ်လျဉ်း၍ အထူးပူပန်မှုများ ရှိနေသည်။ မုဒိန်းမှုသည် ပြစ်မှုဆိုင်ရာတရားမျှတရေး စနစ်အောက်သို့ရောက်ရှိသည့်အခါတွင် ကျူးလွန်ခဲ့သူများအပေါ် တရားစွဲဆိုခြင်းမှတဆင့် ပြစ်ဒဏ်များ ချမှတ်သည်။ ရှမ်းပြည်နယ်မှ တရားသူကြီးအချို့သည် အိမ်တွင်းအကြမ်းဖက်မှုကြောင့်ဖြစ်ရသည့် ကွာရှင်းမှုတောင်းခံသည့် အမှုများကို တရားမမှုများအဖြစ် ကိုင်တွယ်သည်ဟုဆိုသည်။ သို့သော် အကာအကွယ်ပေးသည့် တရားရုံးအမိန့်သည် မြန်မာနိုင်ငံတွင် ကျင့်သုံးသည့်ပုံစံ မရှိသလောက်လည်း ဖြစ်နေသည်။ အိမ်တွင်း အကြမ်းဖက်မှုများကြောင့် ဖြစ်ပေါ်လာရသည့် ခန္ဓာကိုယ်နာကျင်စေမှု တိုင်ကြားချက်များသည်လည်း တရားရုံးမှ ပြန်လည်ရုတ်သိမ်း သွားကြကြောင်းလည်း သိရသည်။[၃၉]

မြေယာကိစ္စနှင့်ပတ်သက်သည့် တရားရေးလုပ်ငန်းစဉ်များသည် ယေဘုယျအားဖြင့် အကြာဆုံးဖြစ်သည်။ ဆိုလိုသည်မှာ အခြားအငြင်းပွားမှုများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မြေယာပိုင်ဆိုင်မှုအား လုံခြုံစွာပြန်လည်ရရှိမှုကို သေချာစေရန် နောက်ထပ် အကူအညီရယူလိုသည့် ဖြေဆိုသူများ ပို၍များပြားသည်။ နောက်ထပ် အလေးထားအပ်သည်မှာ အများပြည်သူများ၏ အငြင်းပွားမှုများသည် ဖြေရှင်းပြီးသည့်တိုင် ထိုဖြေရှင်းမှုများအားလုံးမှာ ကျေနပ်မှုရစေသည့်ရလဒ်များဆောင်ကြဉ်းမပေးနိုင်ပါ။ အချို့သည်အလေးပေးမှုမရှိခြင်း သို့မဟုတ် ထင်ထားသည့်အတိုင်း ရလဒ်များ ဖြစ်မလာခြင်းသို့မဟုတ် ဆုံးဖြတ်ချက်များအကောင်အထည်ဖော်မှု မရှိခြင်းများအပေါ်တွင် စိတ်ပျက်ခြင်း၊ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရား ပျက်ကွက်မှုအပေါ် ကျေနပ်မှုမရှိခြင်း သို့မဟုတ် အငြင်းပွားမှု ဖြေရှင်းရာတွင် ကုန်ကျမည့်စရိတ်များနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိခြင်းတို့ကြောင့်ဖြစ်ရသည်ဟု ထုတ်ဖော်ပြောကြားသည်။[၄၀]

နောက်ဆုံးကိစ္စအနေဖြင့် စဉ်းစားရမည်မှာ အဘယ်ကြောင့် အများပြည်သူတို့သည် ၎င်းတို့၏ ပြဿနာများအတွက် အကူအညီမတောင်းခံသနည်း။ ထိုကဲ့သို့ မည်သူတစ်ဦးထံမှ အကူအညီမရယူသည့် (သို့) ဘာမှမလုပ်သည့်သူများ (ဇယား ၂.၃ မှာဖော်ပြထားသည့် ဦးစားပေး တရားမျှတမှု ကိစ္စရပ်များနှင့်ပတ်သက်ပြီး) ပေးသည့် အကြောင်းအရင်းအများစုမှာ အောက်ဖော်ပြပါများဖြစ်သည် -

- အကူအညီတောင်းခံခြင်း သို့မဟုတ် အရေးယူလုပ်ဆောင်ခြင်းသည် အချိန်ကုန်ရာသာရောက်ခြင်း (ဖြေကြားချက် ၂၆ ခု)။
- အကူအညီတောင်းခံခြင်း သို့မဟုတ် အရေးယူလုပ်ဆောင်ခြင်းသည် အခြားတစ်ဘက်နှင့် ဆက်ဆံရေးထိခိုက်နိုင်ခြင်း သို့မဟုတ် အခြားတစ်ဘက်အပေါ်တွင် အရှက်ရနိုင်စေခြင်း (ဖြေကြားချက် ၂၅ ခု)။
- ပြဿနာအား အရမ်းအရေးမကြီးဟု မြင်ခြင်း (ဖြေကြားချက် ၂၃ ခု)။
- ကြောက်ရွံ့ခြင်း၊ မျှော်လင့်ချက်မဲ့ခြင်း၊ ရှက်ကြောက်ခြင်းနှင့် အကူအညီ တောင်းခံခြင်းသည် ဖြေဆိုသူအား ပြဿနာတက်နိုင်စေခြင်း သို့မဟုတ် ရပ်ရွာအတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားနိုင်ခြင်း (ဖြေကြားချက် ၂၂ ခု)။
- ဖြေဆိုသူသည် မည်ကဲ့သို့ လုပ်ရမည်အား မသိရှိခြင်း သို့မဟုတ် မည်သူကူညီနိုင်မည်အား မသိခြင်း (ဖြေကြားချက် ၁၇ ခု)။
- အကူအညီတောင်းခံခြင်း သို့မဟုတ် အရေးယူလုပ်ဆောင်ခြင်းသည် ကုန်ကျစရိတ်များစွာ ကုန်ကျနိုင်ခြင်း (ဖြေကြားချက် ၁၁ ခု)။
- အခြားတစ်ဘက်သည် ငွေကြေးပိုမိုတောင့်တင်းခြင်း (ဖြေကြားချက် ၇ ခု)။
- အကူအညီသည် အဝေးတွင်ရောက်နေခြင်း (ဖြေကြားချက် ၅ ခု)။
- အခြားတစ်ဘက်တွင် ပုဂ္ဂိုလ်ရေးအချိတ်အဆက်များပိုရှိနေခြင်း (ဖြေကြားချက် ၃ ခု)။
- အခြားတစ်ဘက်အား စာနာခြင်း (ဖြေကြားချက် ၂ ခု)။

*ခြုံငုံရမည်ဆိုလျှင် ကိုယ်ရေးကိုယ်တာ၊ လူမှုရေး၊ ဓလေ့ထုံးစံနှင့် စနစ်အစရှိသည့် အကြောင်းအရာများသည် လူများ၏ ကြုံတွေ့နေရသည့် ပူပန်မှုများနှင့် အငြင်းပွားမှုများအား ဖြေရှင်းရန် ဆုံးဖြတ်ချက်အပေါ်တွင် လွှမ်းမိုးမှုရှိနေသည်။ ကိုယ်တိုင် အစီရင်ခံထားမှုများမှ ပေါ်ပေါက်လာသည့် အဓိကအချက်များမှာ -*

- သိသာထင်ရှားမှုအများဆုံးမှာ အများစုသည် (အထူးသဖြင့်ကချင်ပြည်နယ်တွင်) ၎င်းတို့၏ပြဿနာများအား အလေးမထားခြင်းသည် မြန်မာ့လူ့အသိုင်းအဝိုင်းတွင် ခွဲခြားဆက်ဆံမှုကြောင့်ဖြစ်ပြီး၊ ချမ်းသာသူများ၊ ပညာတတ်သူများနှင့် အချိတ်အဆက်ရှိသူများအား အလေးပေးသည်ဟုယူဆပြီး - အဆိုပါ အယူအဆကြောင့်အငြင်းပွားမှုများအားတိုင်ကြားမှုနည်းပါးခြင်း (အထူးသဖြင့် လူနည်းစုများနှင့် အမျိုးသမီးများ

[၃၉] UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်
[၄၀] UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်

ပေါ်တွင် အကြမ်းဖက်မှုများအပေါ် ရိုးရာဓလေ့ စိတ်နေ သဘောထားများ)

- ပြည်သူများသည် အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ရင်ကြားစေ့ရေးကို အဓိကနည်းလမ်းအဖြစ် အလွန် အလေးပေးသည်။

- ပြည်သူများသည် တရားမျှတမှုနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် အရာရှိများနှင့် အများပြည်သူ ဝန်ဆောင်မှုပေးနေသူများ ပါဝင်ပတ်သက်နေခြင်းကြောင့် အငြင်းပွားမှုများအား ဖြေရှင်းနိုင်မှု နည်းပါးမည်ဟု ယူဆခြင်း။

- ပြစ်မှုဆိုင်ရာ တရားမျှတရေး စနစ်သည်လည်း ပြည်သူများ၏နစ်နာမှုများကို ကြိုးစားဖြေရှင်းရာတွင် လုပ်ဆောင်မှု အကန့်အသတ်ရှိပြီး၊ ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ပို၍အလေးပေးပုံပေါက်သည်။

- အငြင်းပွားမှု ဖြေရှင်းမှုများအားလုံးမှာ မိမိလိုလားသည့် နှင့်/သို့မဟုတ် ကျေနပ်စေသည့် ရလဒ်များ ဆောင်ကြဉ်းမပေးနိုင်ပါ။

- ၎င်းတို့၏ ဦးစားပေးပြဿနာများအား ဖြေရှင်းရန် အကူအညီ မရယူသည့်သူများ၏ ထုတ်ဖော် ပြောကြားချက်အရ မလုပ်ဆောင်လိုခြင်း၊ ရှောင်ရှားလိုခြင်း နှင့်/သို့မဟုတ် အကူအညီရယူရန်ဗဟုသုတနည်းပါးခြင်း၊ အများစုသည် ပုဂ္ဂိုလ်ရေးဆက်ဆံမှုနှင့် လူမှုစည်းလုံး ညီညွတ်ရေးအား မထိခိုက်စေလိုခြင်း တို့ကြောင့်ဖြစ်သည်။



# (၃) တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ

"ပြည်သူတွေတရားစီရင်ရေးစနစ်ကိုအလွယ်တကူလက်လှမ်းမီနိုင်ဖို့ ကျွန်တော်တို့ တရားသူကြီးတွေ အစွမ်းကုန် ကြိုးစားအားထုတ်နေပါတယ်။ အုပ်ချုပ်ရေးနဲ့ အစိုးရတွေက အမှီခိုကင်း လွတ်လပ်မှုရှိဖို့လည်း ကြိုးစားနေပါတယ်။ ပြည်သူတွေ တရားရုံးတွေကို လာချင်စိတ်ရှိအောင်၊ တရားရုံးတွေမှာ တရားမှု နဲ့ မျှတမှုတွေကို ရယူလိုစိတ်ရှိလာအောင်၊ တရားရုံးတွေအပေါ်မှာ ပြည်သူတွေ ယုံကြည်မှုရှိလာအောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။"

မြို့နယ်တရားသူကြီး

ဓာတ်ပုံ- တာချီလိတ်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံး (one-stop-shop)၊ ရှမ်းပြည်နယ်အရှေ့ပိုင်း

"ဓလေ့ထုံးတမ်းနည်းတွေ ကျွန်တော်တို့အသုံးပြုတယ်ဆိုပေမဲ့ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင်ဆိုတဲ့ တရားမျှတမှုအသိကို လေးစားလိုက်နာတယ်။ ကျွန်တော်တို့ရည်မှန်းချက်က နှစ်ဦးနှစ်ဖက်ကျေနပ်စေမဲ့ သဘောတူညီမှုဆုံးဖြတ်ချက် ရရှိဖို့ပါ။ ဒေါ်သထွက်တယ်ဆိုရင်တောင် ကျွန်တော်တို့အားလုံး ဒီတရပ်တရွာထဲမှာ နှစ်ရှည်လများ နေလာခဲ့ကြတာ၊ ကျွန်တော်တို့ ကလေးတွေလည်း အတူတူဆက်နေကြရဦးမှာလေ။ ကျွန်တော်တို့ ဆုံးဖြတ်ချက်တွေကို ရှိတဲ့ဥပဒေတွေနဲ့ တိုင်းတာရင် ဒီဆုံးဖြတ်ချက်တွေဟာ တရားလား၊ မတရားဘူးလားတော့ ကျွန်တော်တို့ မသိဘူး။ နှစ်ဖက်စလုံးအတွက် ကျေနပ်မယ့် ဆုံးဖြတ်ချက်ရဖို့ ကျွန်တော်တို့ကြိုးစားလုပ်ဆောင်တယ်။"


ရဝမ် ယဉ်ကျေးမှု နှင့် စာပေရိုးရာအဖွဲ့ တာဝန်ခံ၊ ကချင်ပြည်နယ်

# သမားရိုးကျစနစ်တွင်းရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ

သုတေသနလေ့လာမှု၏ ဒုတိယမေးခွန်းမှာ သမားရိုးကျ တရားမျှတရေးစနစ်အပေါ် ပြည်သူများ၏ ထင်မြင်ချက်၊ ယုံကြည်မှုနှင့် ကိုးစားမှုတို့ဖြစ်သည်။ သုတေသနလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများစွာတို့သည် သမရိုးကျ တရားမျှတမှုစနစ်ကို အသုံးမပြုရန် ရွေးချယ်ကြသည်ကို တွေ့ရှိရသည်။ ဤအခန်းတွင် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲအရာရှိများ [၄၁] အပေါ် ပြည်သူများ၏ သဘောထားထင်မြင်ချက်များကို လေ့လာဆန်းစစ်ထားသည်။

ဤအနေအထားတွင် " စွမ်းဆောင်ရည် ပြည့်ဝမှု " ကို ခေတ်နှင့်အညီ ဗဟုသုတ၊ အသိပညာ၊ လုံလောက်သော သင်တန်းနှင့်လုံလောက်သော အရင်းအမြစ်များရှိမှုတို့အပြင် လူထုက ထိုပုဂ္ဂိုလ်များ လုပ်ဆောင်လိမ့်မည်ဟု ယုံကြည်သည့်အရာကိုလုပ်ဆောင်ရန် မှန်ကန်သည့်သဘောထား ရှိမရှိတို့နှင့် သတ်မှတ်သည်။ မှန်ကန်သည့် သဘောထား သို့မဟုတ် သဘောတူလက်ခံထားသည့် စံတန်ဖိုးများဟု ဆိုရာတွင် ရပ်ရွာလူထု၏ ဦးစားပေး အလေးထားချက်များနှင့် ကိုက်ညီမှု၊ လေးစားစွာဆက်ဆံမှု၊ မျှတသည့်ဆက်ဆံမှုနှင့် ရလဒ်များ၊ ဝန်ဆောင်မှုများအတွက် လာဘ်လာဘမျှော်ကိုးမှုမရှိခြင်းတို့နှင့် ဆက်စပ်ဖော်ပြထားသည် (မိတ်ဆက်နိဒါန်းတွင်ရှု)။

ပုံ ၃.၁ ယုံကြည်မှု





၄၁ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ ပြဋ္ဌာန်းချက်အရ ပြဿနာ/အငြင်းပွားမှု ဖြေရှင်းရသည့် တရားဝင်အခန်းကဏ္ဍများ ရှိကြသည် (အခန်း III တွင်ရှု)။

# တရားသူကြီးများ

တရားသူကြီးများ၏ စွမ်းဆောင်ရည်ပြည့်ဝမှု အပေါ် သဘောထားအမြင် မြင့်မားသည်ကိုတွေ့ရသည်။ ပြည်နယ် (၃) ခု စလုံးမှ ဖြေဆိုသူအများစုက တရားသူကြီးများသည် စွမ်းဆောင်ရည်ပြည့်ဝသည်ဟု ထင်မြင်ကြသည်။ (၃) ပုံ (၂) ပုံကျော် ၆၉.၆% က တရားသူကြီးများသည် အသိပညာ ကြွယ်ဝကြသည်ဟုထင်မြင်ပြီး (၃) ပုံ (၂) ပုံ ယုံကြည်ကြသည်။ (၃) ပုံ (၂) ပုံ ကျော် ၇၀.၃% သော ဖြေဆိုသူများက တရားသူကြီးများသည် ၎င်းတို့ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မျှော်ကိုးသည်ဟု ထင်မြင်ကြသည်။

ပုံ ၃.၂ တရားသူကြီးများအပေါ် သဘောထားအမြင်




နီးပါး ၆၂.၄% က ၎င်းတို့သည် လုံလောက်စွာ သင်ကြားလေ့ကျင့်ပြီးသားဖြစ်သည်ဟု ယုံကြည်သည်။ ထက်ဝက်အောက် ၄၄.၅% က တရားသူကြီးများသည် ၎င်းတို့လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သော အရင်းအမြစ်များရှိသည်ဟု ထင်မြင်ကြသည် ကိုမှတ်သားဖွယ်တွေ့ရှိရသည် (ပုံ ၃.၂ ရှု)။


သို့သော် ဖြေဆိုသူများသည် ယေဘုယျအားဖြင့် တရားသူကြီးများအပေါ် အကောင်းမြင် သဘောထားရှိပုံမရပါ။ ထက်ဝက်နီးပါး ၄၈.၄% က တရားသူကြီးများသည် ၎င်းတို့အား လေးစားသမှု ဆက်ဆံမည်မဟုတ်ဟု ထင်ကြပြီး၊ ထက်ဝက်ကျော် ၅၁.၇% က တရားသူကြီးများသည် ရပ်ရွာလူထု ဦးစားပေးအလေးထားမှုများနှင့် လိုက်လျောညီထွေမရှိဟု ထင်မြင်ကြသည်။ ထက်ဝက်ကျော် ၅၆.၇% က တရားသူကြီးများသည် ၎င်းတို့ရှေ့မှောက်ရောက်ရှိလာသည့် အငြင်းပွားမှုပြဿနာတစ်ခုအတွက် မျှတသည့်ရလဒ်မဆောင်ကျဉ်းပေးနိုင်ဟု ထင်မြင်ပြီး (၃) ပုံ (၂) ပုံ နီးပါး ၆၁.၂% က တရားသူကြီးများသည် ပြဿနာ အငြင်းပွားမှုများ ကိုင်တွယ်ဖြေရှင်းရာတွင် မျှတမှုမရှိဟု

# ဥပဒေအရာရှိများ

ဥပဒေအရာရှိများအပေါ် သုတေသန မေးခွန်းဖြေဆိုသူများ၏ သိမြင်နားလည်မှုသည် တရားသူကြီးများအပေါ် သူတို့၏ သဘောထားအမြင်နှင့် အလားတူပင်ဖြစ်သည် (ပုံ ၃.၃ ရှု)။ ပြည်နယ် (၃) ခု စလုံးမှ ဖြေဆိုသူအများစုက ဥပဒေအရာရှိများသည် စွမ်းဆောင်ရည်ပြည့်ဝကြသည်ဟု ထင်မြင်ကြသည်။ ခေတ်နှင့်အညီ ဗဟုသုတအသိပညာ ပြည့်ဝသည်ဟု ဖြေဆိုသူ ၆၉.၃% ကလည်းကောင်း၊ လုံလောက်သောသင်တန်းများ ရရှိကြသည်ဟု ဖြေဆိုသူ ၆၂.၈% ကလည်းကောင်းဆိုသည်။ ထက်ဝက်အောက်ဖြစ်သည့် ဖြေဆိုသူ ၄၄.၉% က ဥပဒေအရာရှိများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သော အရင်းအမြစ်များရှိသည်ဟု ယုံကြည်သည်။

ဖြေဆိုသူများသည် ယေဘုယျအားဖြင့် ဥပဒေအရာရှိများအပေါ်တွင်လည်း အကောင်းမြင်သဘောထားရှိပုံမရပါ။ ထက်ဝက်နီးပါး ၄၇.၅% က ဥပဒေအရာရှိများသည်

ပုံ ၃.၃ ဥပဒေအရာရှိများအပေါ် သဘောထားအမြင်




၎င်းတို့အား လေးစားသမှု ဆက်ဆံမည်မဟုတ် ဟု ထင်ကြပြီး၊ ထက်ဝက်ကျော် ၅၁.၃% က ဥပဒေအရာရှိများသည် ရပ်ရွာလူထု ဦးစားပေး အလေးထားမှုများနှင့် လိုက်လျောညီထွေမရှိဟု ထင်မြင်သည်။ ထက်ဝက်ကျော် ၅၆.၄% က ဥပဒေအရာရှိများ၏ ၎င်းတို့ရှေ့မှောက် ရောက်ရှိလာသည့် အငြင်းပွားမှု ပြဿနာတခုအတွက် မျှတသည့်ရလဒ် မဆောင်ကျဉ်းပေးနိုင်ဟု ထင်မြင်ပြီး၊ ထိုထက်ပိုသည့် ၅၉.၄% က ဥပဒေအရာရှိများသည် အငြင်းပွားမှုပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် မျှတမှုမရှိဟု ထင်ကြသည်။ ၃ ပုံ ၂ ပုံကျော် ၆၈.၅% သော ဖြေဆိုသူများက ဥပဒေအရာရှိများသည် ၎င်းတို့ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မျှော်ကိုးသည်ဟု ထင်မြင်ကြသည်။


# ရဲများ

ရဲများအပေါ် သုတေသန မေးခွန်းဖြေဆိုသူများ၏ သိမြင်နားလည်မှုသည် တရားသူကြီးများနှင့် ဥပဒေအရာရှိများအပေါ် သိမြင်နားလည်မှု သဘောထားများနှင့် အလားသဏ္ဍာန်တူသည်။[၄၂] (ပုံ ၃.၄ ရှု) ပြည်နယ် (၃) ခုစလုံးမှ ဖြေဆိုသူအများစုဟာ ရဲများသည် စွမ်းဆောင်ရည် ပြည့်ဝကြသည်ဟု ထင်မြင်သည်။ ခေတ်နှင့်အညီ ဗဟုသုတ အသိပညာပြည့်ဝသည်ဟု ဖြေဆိုသူ ၃ ပုံ ၂ ပုံ ကျော် ၆၆.၃% ကလည်းကောင်း၊ လုံလောက်သော သင်တန်းများရှိကြသည်ဟု ၃ ပုံ ၂ ပုံ နီးပါးသော ၆၃.၇% ကလည်းကောင်း ထင်မြင်ကြသည်။ ထက်ဝက်ထက် နည်းပါးသောဖြေဆိုသူ ၄၅.၄% က ရဲများသည် ၎င်းတို့၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သော အရင်းအမြစ်များရှိသည်ဟု ယုံကြည်သည်။

ဖြေဆိုသူများသည် ရဲများအပေါ် အကောင်းမြင်သဘောထား ရှိပုံမရသည်မှာလည်း ထင်ရှားသည်။ ထက်ဝက်ကျော် ဖြေဆိုသူ ၅၁.၈% က ရဲများသည် ၎င်းအားလေးစားစွာဆက်ဆံမည်မဟုတ်ဟု ထင်ကြပြီး၊ အလားတူ ၅၁.၆% က ရဲများသည် ရပ်ရွာလူထု ဦးစားပေးအလေးထားမှုများနှင့် လိုက်လျောညီထွေမရှိဟု ထင်မြင်ကြသည်။ ထက်ဝက်ကျော် ၆၁% က ရဲများသည် ၎င်းတို့ရှေ့မှောက်ရောက်ရှိလာသည့် အငြင်းပွားမှုပြဿနာတခုအတွက် မျှတသည့် ရလဒ် မဆောင်ကျဉ်းပေးနိုင်ဟု ထင်မြင်ပြီး၊ ၃ ပုံ ၂ ပုံ နီးပါး ၆၄.၁% က ရဲများသည် အငြင်းပွားမှုပြဿနာများ ကိုင်တွယ် ဖြေရှင်းရာတွင် မျှတမှုမရှိဟု ထင်ကြသည်။ ဖြေဆိုသူအမျိုးအစားမြင့်မားသည့် ၇၁.၁%က ရဲများသည် ၎င်းတို့ဝန်ဆောင်မှုများအတွက် လာဘ်လာဘမျှော်ကိုးသည် ဟု ထင်ကြသည်။ အများလက်ခံသည့် တန်ဖိုးများနှင့်ပတ်သက်သည့် ရလဒ်များက တရားသူကြီးများ၊ ဥပဒေအရာရှိများထက်စာလျှင် ရဲများအပေါ် လူထုယုံကြည်မှု ပို၍နည်းပါးသည်ကိုညွှန်ပြသည်။ သို့သော် တရားသူကြီးများ၊ ဥပဒေအရာရှိများသည် ရပ်ရွာလူထုဦးစားပေး အလေးထားမှုများနှင့် လိုက်လျောညီထွေ ရှိသည်ဟု ၃ ပုံ ၁ ပုံ ထက်နည်းသည့်

၄၂ မှတ်သားသင့်သည့်အချက်မှာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဖြေဆိုသူများအတွက် ရဲဆိုသည်မှာ ပုံမှန်မြို့နယ် ရဲတပ်ဖွဲ့များထက်စာလျှင် နယ်ခြားစောင့်ရဲကို ရည်ညွှန်းသည်။

ပုံ ၃.၄ ရဲများအပေါ် သဘောထားအမြင်




ဖြေဆိုသူများကယုံကြည်ပြီး၊ အနည်းငယ်ပိုသည့် အနည်းစုက ရဲများသည် ထိုဦးစားပေး အလေးထားမှုများနှင့် လိုက်လျောညီထွေရှိသည်ဟု ယုံကြည်သည်။

# ပြည်နယ်အလိုက် သီးခြားသဘောထား အမြင်များ

ယေဘုယျခြုံကြည့်ပါက တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များမှာ ပြည်နယ်အလိုက် ကွဲပြားသည်။ ဥပမာအားဖြင့် အခြားပြည်နယ်များ (ရှမ်းပြည်နယ် ၅၈.၅%၊ ရခိုင်ပြည်နယ် ၅၁.၃%) ထက်စာလျှင် ကချင်ပြည်နယ်ရှိ သီသာထင်ရှားစွာ ဖြေဆိုသူအများစု ၇၃.၃% က တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် လုံလောက်သော အရင်းအမြစ်များ မရှိကြဟု ထင်မြင်သည်။[၄၃]

ပို၍ ထင်ရှားဖွယ်ရာမှာ ရှမ်းပြည်နယ်တွင် အရေအတွက်အတော်အတန်ရှိသည့် လူနည်းစု ၄၅% ခန့်က ၎င်းတို့သည် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများ၏ လေးစားဆက်ဆံမှု ခံရနိုင်သည်ဟုထင်ကြရာ၊ ထိုပမာဏသည် လေးစားဆက်ဆံမှု မခံရနိုင်ဟုထင်သည့် အရေအတွက်ထက်ပိုများသည်။ ထင်ရှားစွာကွဲပြားသည်မှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် ၂ ခုစလုံးတွင် သိသာထင်ရှားစွာလူအများစုက၎င်းတို့သည်တရားသူကြီးများ၊ဥပဒေအရာရှိများ သို့မဟုတ် ရဲများ၏ လေးစားစွာဆက်ဆံမှုကို မခံရနိုင်ဟု ထင်ကြသည်။ [၄၄]

# ရပ်ရွာလူထုခေါင်းဆောင်များ - သမားရိုးကျဖြစ်သော၊ သမားရိုးကျဆန်သောနှင့် သမားရိုးကျမဟုတ်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ

ဤအခန်းတွင် ရပ်ရွာလူထု ခေါင်းဆောင်များအပေါ် ဖြေဆိုသူများနှင့် သိမြင်နားလည်မှု သဘောထားအမြင်များကို အလားတူ ချဉ်းကပ်မှုတရပ်အနေဖြင့် လေ့လာထားသည်။[၄၅] ကျယ်ပြန့်စုံလင်သည့် ဤအုပ်စုတွင် အချို့သူများ (ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ) သည် အငြင်းပွားမှုပြဿနာများ ကိုင်တွယ်ဖြေရှင်းရသည့် သမားရိုးကျ အခန်းကဏ္ဍတာဝန်များ [၄၆] ရှိပြီး ၊ အခြားသူများ (ဥပမာ ဒေသန္တရ အထွေထွေအုပ်ချုပ်ရေး အရာရှိများ) တွင်

[၄၃] UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ်
[၄၄] UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားမျှတရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်

တရားစီရင်ရေး/အုပ်ချုပ်ရေးဆန်သော အခန်းကဏ္ဍ တာဝန်များရှိကြသည်။ အများစုမှာ တရားမျှတမှုစနစ်တွင် သမားရိုးကျ အခန်းကဏ္ဍ မရှိကြသော်လည်း၊ ဒေသန္တရ ရပ်ရွာအဆင့်တွင် အငြင်းပွားမှုပြဿနာများ ဖြေရှင်းရာတွင် တက်ကြွစွာ ပံ့ပိုးကူညီကြသည်။


ရပ်ရွာလူထု ခေါင်းဆောင်များ (သမရိုးကျ၊ တရားရေး/အုပ်ချုပ်မှုဆန်သောနှင့် သမားရိုးကျမဟုတ်သော အခန်းကဏ္ဍများရှိကြသည့်) အုပ်စုအပေါ် ဖြေဆိုသူများ၏ သိမြင်နားလည်မှု သဘောထားအမြင်မှာ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများအပေါ်ထားရှိသည့် သဘောထားအမြင်များနှင့် သိသာစွာကွဲပြားသည်။

စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ပတ်သက်၍ ဖြေဆိုသူ ၃ ပုံ ၂ ပုံ နီးပါး ၆၄.၂% က ဒေသန္တရ ရပ်ရွာလူထု ခေါင်းဆောင်များတွင် ခေတ်နှင့်အညီ ဗဟုသုတအသိ ကြွယ်ဝ

ယေဘုယျအားဖြင့် ဖြေဆိုသူအများစု ၆၀.၁% က ဒေသန္တရ ရပ်ရွာခေါင်းဆောင်များသည် အငြင်းပွားမှု ပြဿနာတရပ် ဖြေရှင်းရာတွင် မျှတမှုရှိနိုင်သည်ဟု လည်းကောင်း၊ ၆၁.၅% က ၎င်းတို့သည် မျှတသည့်ရလဒ် ဆောင်ကျဉ်းပေးနိုင်သည်ဟု လည်းကောင်း ထင်မြင်ကြသည်။ အနည်းငယ်သော အများစု ၅၆.၇% က ဒေသန္တရ ရပ်ရွာခေါင်းဆောင်များသည် ၎င်းတို့၏ ဝန်ဆောင်မှုများအတွက် လာဘ်လာဘ မမျှော်ကိုးကြဟု ထင်ကြသည်။ ၃ ပုံ ၂ ပုံကျော် ၆၇.၈% က ရပ်ရွာ လူထုခေါင်းဆောင်များသည် ရပ်ရွာဦးစားပေးအလေးထားမှုများနှင့် လိုက်လျောညီထွေ ကိုက်ညီမှုရှိသည်ဟု ယုံကြည်ကြသည်။ မှတ်သားဖွယ် အကောင်းဆုံးမှာ ၄ ပုံ ၃ ပုံ ၇၅.၁% က ရပ်ရွာလူထု ခေါင်းဆောင်များသည် ၎င်းတို့အား လေးစားစွာဆက်ဆံသည်ဟု ထင်မြင်သည်။

အများလက်ခံသည့် စံတန်ဖိုးများ- မှန်ကန်သည့်

ပုံ ၃.၅ ဒေသန္တရ ရပ်ရွာလူထုခေါင်းဆောင်များအပေါ် သဘောထားအမြင်




သည်ဟုယုံကြည်သည်။ သို့သော် ဖြေဆိုသူထက်ဝက် ၅၀.၆% က ရပ်ရွာလူထုခေါင်းဆောင်များတွင် လုံလောက်သည့် သင်တန်းများ တက်ရောက်ထားခြင်း မရှိဟုလည်းကောင်း၊ အများစု ၆၀% က ထိုခေါင်းဆောင်များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့် အရင်းအမြစ်များမရှိဟု ထင်မြင်သည်။

သဘောထားနှင့်ပတ်သက်၍ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲများအပေါ်ထားသည့် သဘောထား အမြင်များနှင့်စာလျှင် ဒေသန္တရ ရပ်ရွာခေါင်းဆောင်များအပေါ် ဖြေဆိုသူများ၏ သဘောထားအမြင်များမှာ သိသာကွဲပြားစွာ ပို၍အကောင်းမြင်ကြသည်။

၄၅ ဤဝေါဟာရ၏ မြန်မာမှုတွင် ရပ်ကွက်နှင့်ကျေးရွာခေါင်းဆောင်များဟု ဘာသာပြန်ဆိုပြီး ၊ သုတေသနလေ့လာမှု ဖြေဆိုသူများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်ပေးထားခြင်း မရှိပါ။ သို့ရာတွင် ဒေသဆိုင်ရာ ရပ်ရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သည်ဟု မှတ်ယူသဘောပေါက်နိုင်ပါသည်။
၄၆ ၂၀၁၂ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ (အပိုင်း III)



# သမရိုးကျမဟုတ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ

"ပြဿနာဖြေရှင်းကြတဲ့ နည်းလမ်းတွေက အများကြီးပါ။ ဘယ်လိုပဲ ဖြေရှင်းရှင်း၊ အဓိကကတော့ ဗျူဟာက အတူတူပဲ၊ လုပ်ထုံးလုပ်နည်းပဲကွာတာ၊ ကျွန်တော်တို့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် မတူညီတဲ့ ကချင်မျိုးနွယ်စုတွေကြားမှာ တူညီတဲ့လက္ခဏာရှိတယ်။ ဥပမာ မင်္ဂလာဆောင်ဆိုရင် လီဆူတွေက မောင်းဆက်တယ်။ ဂျိန်းဖောတွေက ကျွဲဆက်တယ်။ အဓိက ကတော့ တခုခုဆက်ရမယ်ဆိုတာလေ"

ယဉ်ကျေးမှု နှင့်စာပေ ရိုးရာ အဖွဲ့တာဝန်ခံ၊ ကချင်ပြည်နယ်

ဓာတ်ပုံ- ရသေ့တောင်မြို့နယ်ရှိ မော်တော်ဆိပ်၊ ရခိုင်ပြည်နယ်

"ကျွန်မတို့ရွာမှာဖြစ်တဲ့ မုဒိန်းမှုကို ဖြေရှင်းချင်ခဲ့တယ်။ ဒါပေမဲ့ မုဒိန်းမှုကျူးလွန်တဲ့သူက လူကောင်းမဟုတ်ဘူး။ ဒီလူက အကျင့်စာရိတ္တ မကောင်းဘူးလို့ နစ်နာသူကဆိုတယ်။ သူ့မိသားစုက ငွေကြေးရှိတော့ ဒီလူ မဟုတ်တာထပ်လုပ်မှာ ကို သူတို့ကကြောက် တယ်တဲ့။ ဘာပဲဖြစ်ဖြစ်လေ သူတို့ကဒီလူကို ဥပဒေအရထောင်ကျစေ ချင်တယ်။ ဒီတော့နောက်ဆုံး သူကြီးက သူ့ကို ရပ်ကျေးအုပ်ချုပ်ရေးမှူး လက်ထဲ အပ်လိုက်တယ်။"

အမျိုးသမီးလူငယ်အဖွဲ့ခေါင်းဆောင်၊
ရှမ်းပြည်နယ်

သုတေသန လေ့လာမှု၏ တတိယမေးခွန်းမှာ ဒေသတွင်းရှိ သမရိုးကျမဟုတ်သော တရားမျှတမှု စနစ် အသီးသီး၏ အတိုင်းအတာနှင့် ၎င်းတို့လည်ပတ်ပုံတို့ ဖြစ်သည်။

ဤအခန်းတွင်ဒေသန္တရရပ်ရွာအဆင့်တရားမျှတမှု စနစ်တွင် ပါဝင်ပတ်သက်သူများ၊ အထူးသဖြင့် (သို့သော် သီးခြားမဟုတ်ဘဲ) ၄၇ တရားရေးဆန်သည့် အုပ်ချုပ်ရေး အခန်းကဏ္ဍတာဝန် သို့မဟုတ် သမရိုးကျမဟုတ်သည့် အခန်းကဏ္ဍတို့ဖြင့် ရပ်ရွာရေးရာများကို ကိုင်တွယ်ဖြေရှင်း ပေးသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို အလေးပေး လေ့လာ ထားသည် (နောက်ဆက်တွဲ ဂ တွင်ရှု)။ ကနဦးအနေဖြင့် ထိုပုဂ္ဂိုလ်၊ အုပ်စုအဖွဲ့အစည်းများ၏ ယေဘုယျ စရိုက် လက္ခဏာများကို သတ်မှတ်ဖော်ထုတ်သည် (ဇယား ၄.၁ တွင်ရှု)။ ထိုဝိသေသလက္ခဏာ အမျိုးမျိုးသည် ဒေသန္တရ ရပ်ရွာတွင်း ပြဿနာအငြင်းပွားမှုများ ဖြေရှင်းရာတွင် ၎င်းတို့ ပါဝင်သည့် သို့မဟုတ် ပါဝင်နိုင်ဖွယ်ရှိသည့် အခန်းကဏ္ဍ အသီးသီးအတွက် နောက်ခံအကြောင်းအရာများ ပံ့ပိုးပေး သည် (ဇယား ၄.၂ တွင်ရှု)။

ဇယား ၄.၁ တွင် သက်ဆိုင်ရာ ဩဇာသက်ရောက်မှု အဝန်းဝိုင်းတခုတွင် လူပုဂ္ဂိုလ်တဦး သို့မဟုတ် အဖွဲ့အစည်း တခုအား ခွဲခြားသတ်မှတ်ခြင်းသည် ထိုသက်ဆိုင်ရာ အဝန်း ဝိုင်းကဏ္ဍတွင်း၌သာ ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ အကန့် အသတ် ရှိရမည်ဟု အဓိပ္ပာယ်မသက်ရောက်ပဲ ၎င်းတို့လုပ် ပိုင်ခွင့်အာဏာ ကျင့်သုံးသည့် အခြေခံအဝန်းဝိုင်းကို ရည် ညွှန်းသည်။ ဥပမာ သူကြီးသည် ရပ်ရွာဧရိယာပေါ်တွင် လုပ်ပိုင်ခွင့်အာဏာ သက်ရောက်ပြီး၊ ရိုးရာဓလေ့ထုံးတမ်း အရ ပြဿနာအငြင်းပွားမှုများကို နာကြားဆုံးဖြတ်နိုင်ဖွယ် ရှိ သကဲ့သို့ ရပ်ရွာလူ့အဖွဲ့အစည်းနှင့်လည်း ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးအရ ခိုင်မာသည့် နှောင်ဖွဲ့မှုများ ကို ထိန်းသိမ်းထားနိုင်သည်။

၄၇ ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် ၂၀၁၂ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေအရ လုပ်ငန်းလည်ပတ်ကြပြီး ၊ အစိုးရ၏ တရားဝင်အုပ်ချုပ်မှု တည်ဆောက်ပုံ အခြေခံအကျဆုံးလွှာကို ကိုယ်စားပြုသည်။

ဇယား ၄.၁ တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ

| ဩဇာသက်ရောက်မှု အဝန်းအဝိုင်း | ပုဂ္ဂိုလ် / အဖွဲ့အစည်း | ယေဘုယျ ဝိသေသလက္ခဏာများ |
|---|---|---|
| ပထဝီ ဒေရိယာ | ဒေသန္တရ အုပ်ချုပ်ရေးမှူး (ရပ်ကွက်/ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး) | • အစိုးရ တရားဝင်အုပ်ချုပ်မှု တည်ဆောက်ပုံအောက်ဆုံးလွှာ<br>• ၎င်းတို့ မဲဆန္ဒနယ်မှ သွယ်ဝိုက် ရွေးချယ်တင်မြှောက်ခံရပြီး[၄၈] ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအရ လုပ်ငန်းတာဝန်များ ထမ်းဆောင်သည်။[၄၉]<br>• ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌအနေဖြင့် လယ်ယာမြေနှင့် ဆိုင်သည့် ပြဿနာအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရသည့် အခန်းကဏ္ဍတာဝန်ရှိသည်။<br>• အစိုးရဌာန အသီးသီးအတွက် ထောက်ခံစာ ထုတ်ပေးရသည့်တာဝန်၊ တရားရုံးကြားနာမှုများ သို့မဟုတ် အခြားအရောင်းအဝယ်ကိစ္စများတွင် သက်သေအဖြစ် ဆောင်ရွက်သည်။<br>• မြန်မာဘာသာ ကျွမ်းကျင်သည်။<br>• ရပ်ရွာအတွင်းရှိ အခြားသူများထက်စာလျှင် ယေဘုယျအားဖြင့် ပညာပိုတတ်ပြီး စီးပွားရေးအဆင့်အတန်း မြင့်မားသည်။ |
| | (ကျေးရွာ အုပ်ချုပ်ရေးမှူးများ) | • ကျေးရွာအုပ်စု မဟုတ်သည့် ရွာများတွင်တွေ့ရသည်။<br>• ၂၀၁၂ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် အသိအမှတ်ပြုထားခြင်းမရှိ။<br>• ယေဘုယျအားဖြင့် ကျေးရွာတရွာကိုစီမံပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တိုက်ရိုက် အစီရင်ခံသည်။<br>• လက်တွေ့နေ့တဓူဝ အခန်းကဏ္ဍတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် သိသာထင်ရှားစွာ ကွဲပြားခြားနားမှုမရှိ။ |
| | နယ်မြေမှူး အကွက်/အပိုင်း တာဝန်ခံ ခေါင်းဆောင် | • ရပ်ကွက် သို့မဟုတ် ကျေးရွာတရွာ၏ ပထဝီဧရိယာအစိတ်အပိုင်း တခုအပေါ် လုပ်ပိုင်ခွင့်အာဏာသက်ရောက်သည့် ဒေသန္တရရပ်ရွာ ခေါင်းဆောင်ဖြစ်သည်။ (အကွက်/အပိုင်းသည် လူမျိုးသို့မဟုတ်ကိုးကွယ်သည့် ဘာသာအရလည်း ဖြစ်တည်နိုင်သည်။)<br>• တချို့ကို ရပ်ကျေးအုပ်ချုပ်ရေးမှူးများက ခန့်အပ်ပြီး၊ တချို့မှာ ရပ်ရွာထဲမှ လူများကရွေးချယ်သည်။<br>• အများစုမှာ အမျိုးသားများဖြစ်ပြီး အမျိုးသမီးမရှိသလောက်ဖြစ်သည်။ |
| | သူကြီး | • ဧရိယာတခုအပေါ် ဩဇာအာဏာသက်ရောက်သည့် ဒေသန္တရ ရပ်ရွာ ခေါင်းဆောင်<br>• အများစုကို ရပ်ရွာထဲမှ လူများ သို့မဟုတ် ရပ်မိရပ်ဖများက ရွေးချယ်ပြီး၊ အနည်းအကျဉ်းမှာ ဒေသဆိုင်ရာရပ်ရွာအုပ်ချုပ်ရေးမှူးက ခန့်အပ်သည် သို့မဟုတ် မျိုးရိုးစဉ်ဆက်အရ ဆက်ခံသည်။<br>• အနည်းစု မြန်မာစကားကျွမ်းကျင်ပြီး အများစု မကျွမ်းကျင်<br>• ပညာရေးအဆင့်အတန်းအမျိုးမျိုး၊ စီးပွားရေးအခြေအနေ အသီးသီး ကွဲပြားသည်။ |
| | ဆယ်အိမ်မှူး | • ရပ်ကျေးအုပ်ချုပ်ရေးမှူး သွယ်ဝိုက်ရွေးချယ်တင်မြှောက်ပွဲများတွင် ပါဝင်ပတ်သက်သည်။ |
| ရိုးရာဓလေ့ ထုံးတမ်းနှင့် ယဉ်ကျေးမှု | သက်ကြီးရွယ်အိုနှင့် လေးစားရသောပုဂ္ဂိုလ် | • အမြဲလိုလိုမဟုတ်သည့်တိုင် ယေဘုယျအားဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲကို ကြီးကြပ်ရန်အလို့ငှာ ခန့်အပ်သည့် ရပ်မိရပ်ဖများနှင့် ကွဲပြားခြားနားသည်။<br>• အငြင်းပွားမှုပြဿနာများ ဖြေရှင်းရာတွင် တဦးတည်းသို့မဟုတ်ရပ်ကျေးအုပ်ချုပ်ရေးမှူး / သူကြီးတို့နှင့် တွဲဖက်ပါဝင်ပတ်သက်သည်။<br>• အခေါ်အဝေါ်အသုံးအနှုန်းမှာ ဒေသအလိုက်ပြောင်းလဲနိုင်သည်။<br>• ယေဘုယျအားဖြင့် ဥစ္စာခနကြွယ်ဝမှု၊ ပညာအဆင့်အတန်းမြင့်မားမှု သို့မဟုတ်ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိမှုစသည့်ဝိသေသလက္ခဏာတခု သို့မဟုတ် တခုထက်ပို၍ရှိတတ်သည်။ |

| | | |
|---|---|---|
| | လူမှုရေးရှေ့နေ | • အပြောအဆိုစကားပြောကောင်းသူဖြစ်ပြီး ကချင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ အပြင် တိုးသာဆုတ်သာ အတိုင်းအတာရှိသည့် အမှုကော်မတီကြားနာမှုများတွင်တစ်ဖက်အမှုသည်၏ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်သည်။ |
| | ရိုးရာလူကြီး | • ရပ်ရွာတွင် ရိုးရာဓလေ့ ထုံးတမ်းနှင့် ပတ်သက်ပြီး အသိပညာ ဗဟုသုတ ကြွယ်ဝသည့် လေးစားထိုက်သည့် သက်ကြီးဝါကြီးပုဂ္ဂိုလ် |
| | ယဉ်ကျေးမှုနှင့် စာပေရိုးရာအဖွဲ့ (CLA) | • လူမျိုးစုအပေါ်အခြေခံသည့် အဖွဲ့အစည်း<br>• အဓိကလုပ်ငန်းများမှာ ဘာသာစကား၊ ရိုးရာအကအပါအဝင် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ခြင်းဖြစ်သော်လည်း အငြင်းပွားမှု ဖြေရှင်းရသည့် တာဝန်လည်းရှိနိုင်သည်။ |
| ဘာသာရေး | ရှမ်းပြည်နယ်တောင်ပိုင်း အစ္စလာမ်ကောင်စီ | • ဘာသာရေးအဖွဲ့အစည်းဖြစ်ပြီး အဓိကလုပ်ငန်းများမှာ (၁) အစ္စလာမ်ပညာရေး (၂)ဗလီနှင့်ကျောင်းများထိန်းသိမ်းစောင့်ရှောက်ခြင်း (၃)ရာမာဒန်ဥပုဒ်လ လကြည့်ခြင်း (၄) ရှာရီရာဥပဒေအရ အိမ်ထောင်ရေး နှင့် အမွေခွဲဝေဆက်ခံခြင်း စသည့် ပုဂ္ဂိုလ်ရေးကိစ္စ ဖြေရှင်းခြင်း<br>• ယေဘုယျအားဖြင့် အစ္စလာမ်ဥပဒေ နားလည်ကျွမ်းကျင်သည့် အမျိုးသားများဖြင့်ဖွဲ့စည်းထားသည်။ |
| | ဒေသန္တရ ဘာသာရေးခေါင်းဆောင်များ (မူစလင်၊ ခရစ်ယာန်၊ ဗုဒ္ဓဘာသာ) | • မူစလင် - မော်လဝီ ၊ ခရစ်ယာန် - သင်းအုပ်၊ တရားဟောဆရာ၊ သင်းထောက် [၅၀] (အမျိုးသမီး မရှိသလောက်) ၊ ဗုဒ္ဓဘာသာ - ဆရာတော်<br>• လူပုဂ္ဂိုလ် နှင့် ဘာသာရေးပုဂ္ဂိုလ် နှစ်မျိုးစလုံး |
| | ဘုရားရှိခိုးကျောင်း ကော်မတီ | • အဖွဲ့ဝင် ၁၂-၁၅ ဦး<br>• အိမ်ထောင်ရေးပြဿနာနှင့် အိမ်ထောင်ရေးဖောက်ပြန်မှုများကို ဖြေရှင်းခြင်း |
| နိုင်ငံရေး ပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်များ | လွှတ်တော် ကိုယ်စားလှယ် | • ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်လွှတ်တော်များ<br>• လွှတ်တော်အမတ်၏ ဇာတိ ရပ်ရွာသို့ချဉ်းကပ်ဆက်သွယ်သည် သို့မဟုတ် ပုဂ္ဂိုလ်ရေး အဆက်အသွယ် မှ တဆင့်ချဉ်းကပ် ဆက်သွယ်သည်။ |
| | နိုင်ငံရေးပါတီ | • မြို့နယ်ရုံးခွဲများသို့ ဆက်သွယ်သည် |
| | လူငယ် အဖွဲ့ | • အမျိုးသား၊အမျိုးသမီးလူငယ်အဖွဲ့များ (ကာလသား၊ ကာလသမီးအုပ်စု) တခါတရံ လူမျိုး (လူမျိုးစု အပေါ်အခြေခံသည်။) |
| | မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ MWAF | • အစိုးရမဟုတ်သည့် NGO အဖွဲ့ဖြစ်ပြီး အမျိုးသမီးများဘဝ မြင့်မားတိုးတက်ရေးအတွက် ရည်ရွယ်သည်။ [၅၁] |
| လုံခြုံရေး | ပြည်သူ့စစ် | • ပြည်သူ့စစ်အဖွဲ့များကို "လုံခြုံရေးထိန်းသိမ်းရန်"အတွက် တပ်မတော်၏ ထိန်းကွပ်မှုအောက် တိုက်ရိုက် ဖွဲ့စည်းထားသည်"<br>• အဖွဲ့အသီးသီးသည် ၎င်းတို့ကျေးရွာ/ကျေးရွာအုပ်စု သို့မဟုတ် မြို့ဧရိယာအတွင်း လှုပ်ရှားဆောင်ရွက်သည်။<br>• အဖွဲ့ဝင်များကို သက်ဆိုင်ရာဒေသ (ကျေးရွာ/ကျေးရွာအုပ်စု သို့မဟုတ် မြို့ဧရိယာ) အတွင်း စုဆောင်းသည်။ |

၄၈ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တခုခြင်းစီအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက လေးစားထိုက်သည့် ရပ်မိရပ်ဖ ငါးဦးကို ကြီးကြပ်ရေးဘုတ်အဖြစ် ခန့်အပ်ပြီး ၊ ၎င်းတို့က ဆယ်အိမ်စုအုပ်စုများ ဖွဲ့စည်းသည်။ ဆယ်အိမ်ခေါင်းတဦးချင်းစီသည် အဆိုပြုထားသည့်စာရင်းထဲမှ ၎င်းကြိုက်နှစ်သက်သူကို မဲပေးနိုင်သည်။ ကြီးကြပ်ရေးဘုတ်အဖွဲ့သည် မဲပေးရွေးကောက်ပွဲကို စောင့်ကြည့်ကြီးကြပ်ပေးရသည်။ အနိုင်ရရှိသူသည် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့် ကိုက်ညီရပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် တရားဝင်ခန့်အပ်ရသည်။

၄၉ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး၊ စည်းကမ်းလိုက်နာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းတာဝန် (၃၂)ရပ်ကို တရားဝင် ထမ်းဆောင်ရသည်။

၅၀ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဘုရားကျောင်းအဖွဲ့ဝင်များက ထောက်ခံပေးထားသည့် လူပုဂ္ဂိုလ်၊ သင်းထောက်တဦးသည် ဘုရားကျောင်းမှ လစာမရရှိပဲ ၊ အရက်သေစာရှောင်ကျဉ်ခြင်း၊ မှန်သောစကားကို ဆိုခြင်း စသည့် ကျင့်ဝတ်သိက္ခာများကို လိုက်နာရသည်။

၅၁ www.mwaf.org.mm/en/about-us ကိုရှု

### ဇယား ၄.၂ တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ တည်နေရာနှင့် အခန်းကဏ္ဍ

| ဩဇာအဝန်းဝိုင်း | ပုဂ္ဂိုလ်/အဖွဲ့အစည်း | တည်နေရာ | | | အခန်းကဏ္ဍ |
|---|---|---|---|---|---|
| | | ရခိုင် | ကချင် | ရှမ်း | |
| ပထဝီဇရိယာ | ဒေသဆိုင်ရာရပ်ကျေး အုပ်ချုပ်ရေးမှူး (ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (W/VTA) | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း<br>• ကြားဝင်ဖြန်ဖြေခြင်းညှိနှိုင်းခြင်း<br>• အဆင်ပြေချောမွေ့စေရန်ပံ့ပိုး ပေးခြင်း |
| | ကျေးရွာအုပ်ချုပ်ရေးမှူး | | | | |
| | နယ်မြေမှူး၊ အကွက်/ အပိုင်း တာဝန်ခံ ခေါင်းဆောင် | | | | • အဆင်ပြေချောမွေ့ စေရန် ပံ့ပိုးပေးခြင်း<br>• ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း |
| | သူကြီး | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း<br>• ကြားဝင်ဖြန်ဖြေခြင်း/ညှိနှိုင်းခြင်း |
| | ဆယ်အိမ်မှူး | | | | • ဒေသဆိုင်ရာရပ်ကျေး အုပ်ချုပ် ရေးမှူးရွေးကောက်ပွဲ<br>• အဆင်ပြေစေရန် ပံ့ပိုးပေးခြင်း<br>• ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း |
| ဓလေ့ထုံးတမ်း ရိုးရာနှင့် ယဉ်ကျေးမှု | သက်ကြီးဝါကြီး လေးစားထိုက်သည့်ပုဂ္ဂိုလ် | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း<br>• သူကြီးအဆိုပြုခြင်း/ ခန့်အပ်ခြင်း<br>• ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲ |
| | လူမှုရေး ရှေ့နေ | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း<br>• ကြားဝင်ဖြန်ဖြေခြင်း/ ညှိနှိုင်းခြင်း |
| | ရိုးရာလူကြီး | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း<br>• ကြားဝင်ဖြန်ဖြေခြင်း/ ညှိနှိုင်းခြင်း |
| | ယဉ်ကျေးမှုနှင့် စာပေရိုးရာအဖွဲ့ (CLA) | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း |
| ဘာသာရေး | အစ္စလာမ်ကောင်စီ (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း |
| | ဒေသခံဘာသာရေး ခေါင်းဆောင် များ (ဗုဒ္ဓ၊ ခရစ်ယာန်၊ မွတ်စလင်) | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း |
| | ဘုရားကျောင်းကော်မတီ | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း |
| နိုင်ငံရေးပါတီများ နှင့် လွှတ်တော် အမတ်များ/ကိုယ် စားလှယ်များ | လွှတ်တော်ကိုယ်စားလှယ် (MP) | | | | • အဆင်ပြေစေရန် ပံ့ပိုးပေးခြင်း |
| | နိုင်ငံရေးပါတီ | | | | • အဆင်ပြေစေရန် ပံ့ပိုးပေးခြင်း<br>• စုံစမ်းစစ်ဆေးခြင်း |
| အမျိုးသမီးနှင့် လူငယ် | လူငယ်အုပ်စု( ကာလသားအဖွဲ့) | | | | • ပြဿနာအငြင်းပွားမှုဖြေရှင်းခြင်း<br>• အဆင်ပြေစေရန် ပံ့ပိုးပေးခြင်း |
| | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ | | | | • အဆင်ပြေစေရန် ပံ့ပိုးပေးခြင်း<br>• အငြင်းပွားမှုပြဿနာဖြေရှင်းခြင်း |
| လုံခြုံရေး | ပြည်သူ့စစ် | | | | • အဆင်ပြေစေရန်ပံ့ပိုးပေးခြင်း |

ရခိုင်ပြည်နယ်တွင်း ကွင်းဆင်းလေ့လာမှု (၁၀) နေရာ ကချင်ပြည်နယ် (၈) နေရာ နှင့် ရှမ်းပြည်နယ် (၁၄) နေရာ တို့အနက်
ကွင်းဆင်းလေ့လာရာ နေရာတိုင်းတွင်ရှိသည်။ (ပြည်နယ်တခုစီအတွင်း)
ကွင်းဆင်းလေ့လာသည့်နေရာ ထက်ဝက်တွင်ရှိသည်။ (ပြည်နယ်တခုစီအတွင်း)
ကွင်းဆင်းလေ့လာသည့်နေရာ ထက်ဝက်ထက်နည်းသည့် နေရာများတွင်ရှိသည်။ (ပြည်နယ်တခုစီအတွင်း)

ယေဘုယျအားဖြင့် မြို့နယ်အဆင့်အောက်ရှိ ဒေသန္တရ ရပ်ရွာလူထု ခေါင်းဆောင်များသည် နေ့စဉ်ပြဿနာ အငြင်းပွားမှုများကို ဖြေရှင်းသည့် တတိယပုဂ္ဂိုလ်များအဖြစ် ထင်ရှားစွာ ရပ်တည်လျက်ရှိသည်။ ပထဝီအနေအထား အရ ဩဇာသက်ရောက်သူများသည် ကျန်ဩဇာအဝန်းအဝိုင်း များအတွင်းလုပ်ကိုင်သူများထက်နှိုင်းယှဉ်ပါကအခန်းကဏ္ဍ ပို၍အရေးပါအရာရောက်သည်။ရခိုင်ပြည်နယ်တွင်ပြဿနာ အငြင်းပွားမှုများအတွက် နစ်ဖက်သဘောတူ လက်ခံသည့် ရလဒ် မရသည့်အခါ သို့မဟုတ် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ သီးသန့်တာဝန်ယူရသည့် ရေးရာကိစ္စများအတွက် ပြည်သူ များသည် ဒေသန္တရ အုပ်ချုပ်ရေးမှူးများထံမှ အကူအညီ ရယူကြသည်။ ကချင်ပြည်နယ်တွင် ဧရိယာ/အကွက် တာဝန်ခံ သို့မဟုတ် အပိုင်း တာဝန်ခံများသည် အငြင်းပွားမှု ပြဿနာဖြေရှင်းရာတွင် တခါတရံ ရပ်ကျေးအုပ်ချုပ်ရေးမှူး များကဲ့သို့ အရေးပါသည့် အခန်းကဏ္ဍရှိသည်။ ကျယ်ပြန့် သည့် ပထဝီဧရိယာပမာဏကို လွှမ်းခြုံသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများရှိသည့် ရှမ်းပြည်နယ်အနေ အထားတွင် သူကြီးများသည် (အကယ်၍ရှိပါက) ၎င်းတို့ ရပ်ရွာအပေါ်ပို၍ လုပ်ပိုင်ခွင့်အာဏာ သက်ရောက်ပြီး နေ့စဉ် ပြဿနာရပ်များ ဖြေရှင်းရာတွင် ရပ်ကျေးအုပ်ချုပ် ရေးမှူးများထက် ပို၍ ပါဝင်ပတ်သက်သည်။

ပြဿနာအမှု အမျိုးအစားပေါ်တည်၍ တတိယ ပုဂ္ဂိုလ်များသည် စေ့စပ်ဖြန်ဖြေသူ သို့မဟုတ် ညှိနှိုင်းပေး သူ သို့မဟုတ် ဆုံးဖြတ်ပေးသူအဖြစ် ရပ်တည်နိုင်သည်။ များ သောအားဖြင့် ထိုပုဂ္ဂိုလ်များသည် ၎င်းတို့ရပ်ရွာတွင် ခေါင်း ဆောင်မှု အခန်းကဏ္ဍ တစုံတရာရှိသည်ဟု အသိအမှတ်ပြု ခံရသူများဖြစ်သည်။ ပုံမှန်အားဖြင့် အမျိုးသားများဖြစ်ကြပြီး ထိုသူများသည် ၎င်းတို့ရပ်ရွာတွင် ခေါင်းဆောင်မှု အခန်း ကဏ္ဍများစွာယူထားသည့် သာဓကများမှာလည်း မရှားလှ ပါ။ဥပမာအနေဖြင့် ရိုးရာလူကြီးတယောက်သည် ရွာအုပ်ချုပ် ရေးမှူးဟောင်းတဦး ဖြစ်နိုင်သကဲ့သို့ ရိုးရာဓလေ့ထုံးတမ်း များကို နှံ့စပ်စွာသိသောကြောင့် လူမှုရေး့နေတဦးလည်း ဖြစ်နိုင်သည်။ ဇယားတွင်ဖော်ပြပါ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ကို ရှမ်းပြည်နယ်တွင် အများဆုံးနှင့် ရခိုင်ပြည်နယ်တွင် အနည်းဆုံး တွေ့ရှိရသည်။

ရပ်ရွာလူထုက ဩဇာရှိသည်ဟုသတ်မှတ်ပြီး ၎င်း တို့ ယုံကြည်ကိုးစားထိုက်သော သို့မဟုတ် အကူအညီ တောင်းခံရနိုင်သူများအဖြစ် ရပ်ရွာမှ အသိအမှတ်ပြုခံရ သူများကို အဓိကရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် အတိုင်းအတာတခုထိ တွေ့ရှိရသည်။[၅၂] ထိုသူများသည် ၎င်း တို့ ရပ်ရွာလူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်မှုအခန်း ကဏ္ဍ များစွာယူထားကြပြီး၊ ဩဇာအာဏာရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့ အစည်းအသီးသီးနှင့်လည်း ဆက်နွယ်မှု သို့မဟုတ် လက် လှမ်းမီကြသူများဖြစ်သည်။ ထိုသည်မှာ လူကိုအခြေပြုသည့် လူမှုရေးနှင့်နိုင်ငံရေးပုံစံများဆက်လက်ဖြစ်တည်မှုကိုညွှန်ပြ သည်။ လူအများ တရားမျှတမှုရှာဖွေရာတွင် ကူညီဆောင် ရွက်ပေးနိုင်သည့် အနေအထားကို ပံ့ပိုးပေးသည်။

ထိုသူများ၏ယေဘုယျဝိသေသလက္ခဏာများမှာ - (၁)မြန်မာစကားကျွမ်းကျင်မှု၊ အစိုးရအရာရှိများနှင့် အလွယ် တကူ ပြောဆိုဆက်ဆံနိုင်မှု (၂) ထိုက်သင့်သည့် ပညာရေး အဆင့်အတန်း (၃) အာဏာပိုင်အဖွဲ့အစည်းများနှင့် အဆက် အသွယ် (၄) မျိုးရိုးစဉ်ဆက် အရည်အချင်းများ သို့မဟုတ် မွေးရာပါ ပါရမီအရည်အသွေးများ ဖြစ်ကြသည်။

*အနှစ်ချုပ်ဆိုပါက ကျယ်ပြောသည့် တတိယပုဂ္ဂိုလ် အသီးသီးသည် ဒေသန္တရ ရပ်ရွာ အငြင်းပွားမှုပြဿနာများ ဖြေရှင်းရာတွင် ပါဝင်ပတ်သက်ကြသည်။ မြို့နယ်အဆင့် အောက်ရှိသူများသည် သုတေသနဖြေဆိုသူများ၏ နေ့စဉ် ပြဿနာများ ဖြေရှင်းရာတွင် အရေးပါအထင်ရှားဆုံး ဖြစ် သည်။ ပထဝီအနေအထားအရ လုပ်ပိုင်ခွင့်အာဏာ သက် ရောက်သူများသည် အခြားဩဇာအဝန်းအဝိုင်းတွင် လုပ် ဆောင်နေသူများထက် ပို၍အရေးပါသည့် အခန်းကဏ္ဍရှိ သည်။ ရှမ်းပြည်နယ်တွင် သူကြီးများသည် (အကယ်၍ရှိ ပါက) ၎င်းတို့ရပ်ရွာအပေါ် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ထက်ပို၍ လုပ်ပိုင်ခွင့်အာဏာ သက်ရောက်ပြီး နေ့စဉ် ပြဿနာရပ်များ ဖြေရှင်းရာတွင် ပို၍ ပါဝင်ပတ်သက်သည်။*

[၅၂] UNDP တရားမျှတမှု လက်လှမ်းမီရေး နှင့် သမားရိုးကျမဟုတ်သော တရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်




# သုံးသပ်ချက်နှင့်
# အဓိက အကြံပြုချက်များ

ဓာတ်ပုံ - အမျိုးသမီးရေးရာအဖွဲ့ရုံး နှင့် မူလတန်းကြိုကျောင်း ပူးတွဲအဆောက်အဦး၊ ဆီဆိုင်မြို့နယ်၊ ရှမ်းပြည်နယ်။

ကောင်းမွန်သည့် အုပ်ချုပ်မှုနှင့် ပတ်သက်သည့် အခြေခံအယူအဆ ၃ ခု သည် ယခု တရားမျှတမှုရရှိရေး လေ့လာမှုအတွက် ဖြည့်တင်းပေးသည်။ အဆိုပါ အခြေခံ အယူအဆ ၃ ခု ဆိုသည်မှာ ကျင့်သုံးသည့် အခွင့်အာဏာ များ၏ တရားဝင်ဖြစ်မှု၊ တရားရေးအာဏာပိုင်များ၏ အခွင့် အာဏာများ တရားဝင်ဖြစ်မှုနှင့် ကျင့်သုံးမှုများအပေါ် အများ ပြည်သူ၏ ယုံကြည်မှုနှင့် တာဝန်ခံမှုအပါအဝင် တရားဥပဒေ စိုးမိုးရေး စသည်တို့ဖြစ်သည်။

တရားမျှတရေးစနစ်၏ တရားဝင်ဖြစ်မှု အပေါ် အများပြည်သူ၏ ယုံကြည်မှုသည် လူ့အသိုင်းအဝိုင်းတွင် လက်ခံကျင့်သုံးသည့် စံတန်ဖိုးများနှင့် ချိတ်ဆက်နေသည်။

ယခုလေ့လာမှုတွင် ပါဝင်ခဲ့သည့် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် နေထိုင်သည်သူ များ၏ အတွေ့အကြုံများအရ စံတန်ဖိုးများဟုဆိုရာတွင် အနှစ်သာရရှိသော ညီမျှမှု၊ ခွဲခြားမှုမရှိခြင်းနှင့် ဥပဒေရှေ့ မှောက်တွင် တန်းတူညီမျှ ဆက်ဆံခံရပိုင်ခွင့် စသည် များပါဝင်သည့် လူ့အခွင့်အရေးများအပေါ် အခြေခံသော အယူအဆဖြစ်သည်ဟု မှတ်ယူသည်။ ဤအကြောင်းအရာ များက တရားမျှတရေးစနစ်အပေါ်တွင် အများပြည်သူတို့၏ စိတ်ချယုံကြည်မှုရှိရန် လိုအပ်ကြောင်း ညွှန်ပြနေသည်။ ထိုမှသာလျှင် ဥပဒေအရ ကုစားမှုများရှာဖွေခြင်း၊ သမားရိုး ကျ အငြင်းပွားမှုများဖြေရှင်းသည့် နည်းစနစ်များအား အသုံးပြုခြင်းများ အပါအဝင် တရားမျှတမှုဖော်ဆောင်ရေး ကိစ္စများတွင် အများပြည်သူ၏ပူးပေါင်းပါဝင်မှု မြင့်မားလာ ခြင်း၊ အစိုးရအရာရှိများကိုလည်း ၎င်းတို့၏ လုပ်ဆောင်ချက် များအတွက် တာဝန်ခံမှုရှိစေခြင်းတို့ အားကောင်းလာ မည်ဖြစ်သည်။ ယခုလေ့လာမှုသည် ပြည်သူများကိုယ်တိုင် တရားမျှတမှု ရှာဖွေရယူရာတွင်လည်းကောင်း၊ တရား စီရင်မှုလုပ်ငန်းစဉ်များနှင့်ထွက်ပေါ်လာသည့်ရလဒ်များ တွင် လည်းကောင်း၊ ထိုစံတန်ဖိုးများ မည်သည့်အတိုင်းအတာထိ ထင်ဟပ်မှုရှိစေရန်မျှော်မှန်းကြောင်းကို ဖော်ပြသည်။

ထိုအချက်များအပေါ်တွင် အခြေခံ၍ သမားရိုးကျ တရားမျှတရေးစနစ်အပေါ်တွင် အများပြည်သူ၏ ယုံကြည်မှု သည် နည်းပါးနေသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ယခုလေ့လာမှုတွင်ပါဝင်ဖြေဆိုသူများသည် အဘယ်ကြောင့် သမားရိုးကျမဟုတ်သည့် နည်းလမ်းများကို အသုံးပြုပြီး မိမိဒေသအတွင်းမှာပင် တရားမျှတမှုရရှိရန် ကြိုးပမ်းကြ သည်ကိုပြသနေသည်။

ဖြေဆိုသူများမှ ဖော်ထုတ်ခဲ့သည့် အဖြစ်အများဆုံး အငြင်းပွားမှုများသည် - ကြွေးမြီကိစ္စ၊ တရားဝင်စာရွက်စာ တမ်းရယူရာတွင် အခက်အခဲရှိခြင်းများအပြင် လာဘ်ပေး လာဘ်ယူမှု၊ အဂတိလိုက်စားမှု (သို့) အာဏာ အလွဲသုံးစား ပြုမှုတို့ဖြစ်သည်။ ထိုထဲမှ ပထမပြဿနာ ၃ ခုသည် သမားရိုး ကျ သို့မဟုတ် သမားရိုးကျမဟုတ်သည့် နည်းလမ်းများဖြင့် တရားမျှတမှုရှာဖွေခြင်း တရားစီရင်ရေးလုပ်ငန်းစဉ်များမှ မျှတသည့်ရလဒ်များ ထွက်ပေါ်လာရန် လုပ်ဆောင်ခြင်း စသည်များနှင့် စပ်လျဉ်း၍ အဓိကပြဿနာများ ဖြစ်ကြသည်။

လွတ်လပ်သည့် (အစိုးရမဟုတ်သည့်) တတိယ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အခြားယုံကြည်ရသူများ၏အကူ အညီများရယူပြီး အငြင်းပွားမှုပြဿနာများကို အများဆုံး ဖြေရှင်းရန် ကြိုးစားကြသော်လည်း အငြင်းပွားမှုအများစုကို နဂိုအတိုင်း မဖြေရှင်းနိုင်သည်မှာ သိသာထင်ရှားသည်။ အဆိုပါ ခြုံငုံတွေ့ရှိချက်များအရ အောက်ပါအချက်များကို အဓိကအကြံပြုသည်။

- အငြင်းပွားမှု ဖြစ်ပွားမှုအများဆုံး ဖြစ်ပွားသည့် နေရာဒေသများနှင့် အများပြည်သူ၏ ဦးစားပေး ပြဿနာများ အပေါ်တွင် အလေးပေးဆောင်ရွက်ရန်။
- ထိုဦးစားပေး ပြဿနာများအား ကိုင်တွယ်ဖြေ ရှင်းနိုင်ရန် သမရိုးကျ တရားမျှတရေး စနစ်အပေါ် အများပြည်သူမှ ယုံကြည်မှု နည်းပါးနေခြင်းအား ကြိုးစားဖြေရှင်းသွားရန်။
- တရားမျှတမှု လက်လှမ်းမီရေး ခိုင်မာအား ကောင်းလာစေရန် တရားမျှတရေးစနစ် အဆင့်များ အားလုံး၏ လုပ်ဆောင်မှုများသည် တရားဥပဒေစိုးမိုး ရေး၊ အများပြည်သူအပေါ် တာဝန်ခံခြင်းအပြင် လူ့ အခွင့်အရေးများတွင်အခြေခံသည့်စံတန်ဖိုးများလည်း ထင်ဟပ်မှုရှိစေရန် နည်းလမ်းရှာဖွေသွားရန်။

ယခုအကြံပြုချက်များသည် လေ့လာမှု အဓိက မေးခွန်း ၃ ခုနှင့် ဆက်နွယ်မှုရှိနေပြီး၊ မြန်မာနိုင်ငံ၏ တရား ဥပဒေ စိုးမိုးရေးကဏ္ဍရှိ တာဝန်ရှိသူများက တရားမျှတမှု ဆောင်ကြဉ်းပေးရာတွင်လည်းကောင်း၊ တရားမျှတမှုကဏ္ဍ အလုံးစုံပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အား ရေးဆွဲဖော် ဆောင်ရာတွင်လည်းကောင်း၊ အဓိကကျသည့် ဦးစားပေး ကဏ္ဍများအား ဖော်ထုတ်တင်ပြထားသည်။ သို့သော် ၎င်းတို့ သည် ပြည့်စုံစေ့စပ်သော စာရင်းတစ်ခုဖြစ်ရန် အလှမ်းဝေး နေသေးပြီး၊ လေ့လာဆန်းစစ်မှု ရလဒ်များ၏ အချက်အလက် များပေါ်တွင်သာ အခြေခံရ၍ အကန့်အသတ်များ ရှိသည်။

ယခုအကြောင်း အရာကိစ္စအတွင်း တရားဥပဒေ စိုးမိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်စိတ်တစ်ပိုင်း ကူညီပံ့ပိုးမှုအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP သည် နောက်ထပ် သက်သေအထောက်အထားများအပေါ် အခြေခံသည့်အကြံပြုချက်များဖော်ဆောင်သွားရန်မျှော်မှန်း ထားသည့်အပြင်၊ အစိုးရနှင့် အခြားအမျိုးသားကဏ္ဍမှ သက် ဆိုင်သူများဖြင့် ပူးတွဲဆောင်ရွက်ပြီး လက်ရှိလည်ပတ်နေ

သည့် သမရိုးကျနှင့် သမရိုးကျမဟုတ်သည့် တရားမျှတမှုစနစ်များ၏ လိုအပ်ချက်များအား သိရှိနိုင်စေရေး၊ တရားဥပဒေစိုးမိုးရေး မူဝါဒများ အလုံးစုံထိန်းသိမ်းလိုက်နာမှုအား ခိုင်မာမှုအား မြှင့်တင်ရန် နည်းလမ်းများ ဖော်ဆောင်ရေးနှင့် ကဏ္ဍတစ်ခုလုံးအတွက် နည်းဗျူဟာများချမှတ်ခြင်းနှင့် တရားစီရင်မှု ကဏ္ဍတစ်ခုလုံးအတွက် ပြုပြင်ပြောင်းလဲရေး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်တွင် ဖြည့်ဆည်းပံ့ပိုးပေးသွားနိုင်ရန် မျှော်မှန်းသည်။

ခြုံငုံကြည့်လျှင် ယခုလေ့လာမှုမှ အကြံပြုချက်များမှာ မြန်မာနိုင်ငံတွင် တရားမျှတမှု ရရှိမှု ပိုမိုများပြားလာစေရန် ကြိုးပမ်းမှုများသည် မြန်မာနိုင်ငံအတွင်းရှိ အများဆုံးရင်ဆိုင်ကြုံတွေ့ရသည့် ထိခိုက်လွယ်အားနည်းသည့် လူများ၏ တရားဥပဒေနှင့် ရပိုင်ခွင့်ကိစ္စရပ်များအပေါ်တွင် ၎င်းတို့မှ တရားမျှတမှုရရှိရန် မလိုအပ်ဟုမြင်နေသည့် အမြင်ရှုထောင့်ရှိနေသည့်တိုင် အလေးပေးအာရုံစိုက်မှုရရန် အကြံပြုသည်။ လက်ရှိ ဥပဒေများနှင့် မူဝါဒများအား ပြန်လည်ပြုပြင်ခြင်းဖြင့် အများပြည်သူများသည် တရားမမှုနှင့် ပြစ်မှုဆိုင်ရာနယ်ပယ်များတွင် တရားမျှတမှုရရှိနိုင်စေရန်အပြင်၊ စီမံခန့်ခွဲရေးရာလုပ်ငန်းစဉ်အဆင့်များကိုပါ ပြန်လည်ပြုပြင်ခြင်းဖြင့် နိုင်ငံတော်၏ အများပြည်သူအားလုံး၏ ရပိုင်ခွင့်ဖြစ်သည့် မျှတသည့် တရားစီရင်မှု စနစ်အား အသိအမှတ်ပြုမှုအပေါ် ခိုင်မာမှုရှိစေမည်။

## ၁။ အများပြည်သူတို့သည် မည်သို့ တရားမျှတမှု ရှာဖွေသနည်း?

တရားမျှတမှုအပေါ်တွင် ဖြေဆိုသူများ၏အမြင်များနှင့် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အငြင်းပွားမှုများနှင့် ဖြေရှင်းမှုအတွေ့အကြုံများနှင့် ပတ်သက်ပြီး အစီရင်ခံတင်ပြမှုများကြောင့်၎င်းတို့သည်ပထမဦးစွာအဘယ့်ကြောင့် တရားမျှတမှုနည်းလမ်းအားရှာဖွေခဲ့ကြသည်အား သိရှိခဲ့ရသည်။

၎င်းတို့အနေဖြင့် တရားမျှတမှု နည်းလမ်းအားရှာဖွေခဲ့ရခြင်းမှာ ၎င်းတို့တန်ဖိုးထားသည့် တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် တာဝန်ခံယူမှု အပေါ်တွင် စိတ်အားထက်သန်မှုအနည်းငယ် ပါဝင်နေသည့်အတွက်ကြောင့် ဖြစ်နိုင်သည်။ ထုံးစံအရ အများပြည်သူသည် တရားမျှတမှုအားရရှိရန် လုပ်ဆောင်ခြင်းသည် ၎င်းတို့ကိုယ်တိုင် ကြုံတွေ့နေရသည့် တန်းတူညီမျှမှုမရှိခြင်း (သို့) ခွဲခြားဆက်ဆံရခြင်းနှင့်/သို့မဟုတ် ၎င်းတို့သည် အများပြည်သူ့အရာရှိများ၏ တာဝန်ခံယူမှု လျော့နည်းမှုရှိသည်ဟု ထင်မြင်ခြင်းကြောင့် ဖြစ်သည်။

အငြင်းပွားမှု ပြဿနာတစ်ရပ်ရပ်တွင် ပါဝင်ပတ်သက်သူများအနက် ရခိုင်ပြည်နယ်မှ ဖြေဆိုသူများသည် အခြားသူများထက်စာလျှင် ကြွေးမြီပြဿနာများ ပို၍ဖြစ်ပွားကြသည်ကိုတွေ့ရှိရသည်။ ရခိုင်ပြည်နယ်တွင် နေထိုင်သူများ (အထူးသဖြင့် မွတ်စလင်များ) သည် မွေးစာရင်းနှင့် သက်သေခံစာရွက်စာတမ်းများ ရယူသည့်အခါတွင် အခက်အခဲများကြုံတွေ့ရသည်။ အလားတူပင် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ တိုင်းရင်းသား သို့မဟုတ် ဘာသာရေး လူနည်းစုများသည်လည်း ထိုကဲ့သို့ပြဿနာများ ကြုံတွေ့ရသည်။ ယခုလေ့လာတွေ့ရှိချက်များအရ မြင့်မားသည့်ခွဲခြားဆက်ဆံမှုသည် ပြည်နယ် ၃ ခုလုံးတွင်ရှိသည့် ထိခိုက်လွယ် အင်အားနည်းသူများနှင့် လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများတွင် မြင်တွေ့ရပြီး၊ အများပြည်သူ အပေါ်တွင်တာဝန်ခံယူမှုသည်လည်း နည်းပါးသည့်အဆင့်တွင် ရှိနေသည်။ သို့သော် မြေကိစ္စနှင့်ပတ်သက်သည့် အငြင်းပွားမှုများသည် ပြည်နယ်တစ်ခုနှင့်တစ်ခုတွင် သိသာစွာပြောင်းလဲမှုမရှိပေ။ ကြွေးမြီပြဿနာနှင့်ပတ်သက်၍ တိုင်ကြားမှုများစွာ ရှိသော်ငြားလည်း အကြွေးပြန်ဆပ်မှုနှင့် ပတ်သက်၍ တိုင်ကြားမှုလွန်စွာနည်းပါးသည်။ ဤသည်မှာ အကြွေးပြန်မဆပ်မှုများ ပျံ့နှံ့စွာရှိနေသော်လည်း တိုင်တန်းတင်ပြခြင်း မရှိမှုကြောင့် ဖြစ်နိုင်သည်။ ကြွေးမြီပြဿနာနှင့် အကြွေးပြန်မဆပ်သည့် ပြဿနာများ၏ အဓိကအကြောင်းတရားမှာ ရှမ်းပြည်နယ်တွင်း လေ့လာတွေ့ရှိသကဲ့သို့ ဆင်းရဲနွမ်းပါးသူများအတွက် ငွေကြေးဝန်ဆောင်မှုများ နည်းပါးသဖြင့် အကြွေးသံသရာလည်ရခြင်းဖြစ်သည်။

မြေယာကိစ္စနှင့်ပတ်သက်ပြီး တိုင်ကြားသည့် အငြင်းပွားမှု အများစုသည်လည်း ပုဂ္ဂလိကအငြင်းပွားမှုသဘော ရှိသဖြင့် အများပြည်သူတို့သည် ရိုးရာဓလေ့ထုံးတမ်းနည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းခြင်းဖြစ်သည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် မြေယာပိုင်ဆိုင်မှုတရားဥပဒေမူဘောင်၊ မြေယာအသုံးပြုခြင်းနှင့်စီမံအုပ်ချုပ်မှုတို့သည် မြေယာအငြင်းပွားမှုများကို ဦးတည်စေခဲ့ပြီး၊ ယခင်မြေယာသိမ်းဆည်းမှုသမိုင်း၊ မြေစျေးကွက်အားဖော် ဆောင်ခြင်း၊ မြေစျေးများမြင့်တက်ခြင်းနှင့် အာဏာပိုင်များ၏ တည်ငြိမ်မှုမရှိသည့်စီမံအုပ်ချုပ်မှုကြောင့်လည်းဖြစ်သည်။အဆိုပါအချက်များသည် ရှင်းလင်းစွာပင် နိုင်ငံသားတစ်ဦးတစ်ယောက်စီနှင့် လူမှုအသိုင်းအဝိုင်းများအပေါ်တွင် အရေးပါသည့်အကျိုးဆက်များသက်ရောက်စေသည်။ ထိုကိစ္စရပ်နှင့်ပတ်သက်ပြီး ကိုင်တွယ်ရန်ကြိုးပမ်းမှုသည် ရိုးရာဓလေ့ ထုံးတမ်းအခြေအနေများဖြင့်ရှိနေပြီး၊ ဒေသအတွင်း အုပ်ချုပ်မှုဆိုင်ရာအနိမ့်ဆုံးအဆင့်တွင်ရှိနေသည်။ မြေယာအငြင်းပွားမှု၊ မြေယာမတည်ငြိမ်မှုဦးတည်စေသည့် အလုံးစုံအကြောင်းတရားများအား တရားမျှတမှု၊ ဒေသအတွင်း လူမှုဘဝသဟဇာတနှင့် ပေါင်းစည်းမှုအကျိုးစီးပွားများကို ရှေးရှု၍ ပြည်ထောင်စု အဆင့်တွင် ကိုင်တွယ်ဖြေရှင်းသင့်သည်။

ဖြေဆိုသူများမှ ရှင်းလင်းပြောကြားခဲ့သည်မှာ ၎င်းတို့၏ ထင်မြင်ယူဆချက်များအရ တရားမျှတမှုကဏ္ဍမှ အရာရှိများသည် ၎င်းတို့၏အခွင့်အာဏာအား အလွဲသုံး

စားပြုလေ့ရှိကြောင်းနှင့် လာဘ်ပေးလာဘ်ယူမှုသည် အတော်အတန် ပျံ့နှံ့နေကြောင်းပြောသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် နေထိုင်သူများ၏ အစီရင်ခံတင်ပြမှုတွင်လည်း မူးယစ်ဆေးဝါးမှောင်ခိုကူးမှုနှင့် မူးယစ်ဆေးစွဲနေခြင်းသည် ၎င်းတို့ဒေသအတွင်းရှိ တရားမျှတမှုကဏ္ဍအား ပိုမိုဆိုးဝါးစေကြောင်းနှင့် ၎င်းတို့အနေဖြင့် အာဏာပိုင်များမှ မူးယစ်ဆေးဝါးကူးသန်းမှုတွင် တရားမဝင်ပါဝင်မှုရှိနေသည်ဟု ယုံကြည်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူဦးရေများပြားလာမှုနှင့် ဆက်နွှယ်သည့် ပြဿနာများသည် တရားမျှတမှုကဏ္ဍနှင့်ကင်းလွတ်မှုမရှိကြောင်း၊ ၎င်းတို့သည် လူမှုရေးနှင့် မိသားစု ပေါင်းစည်းညီညွတ်မှုအား လျော့ပါးစေသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် နေထိုင်သူများသည် မူးယစ်ဆေးဝါး မှောင်ခိုကူးသန်းမှု နှင့် အလွဲသုံးစားပြုမှု ကိစ္စရပ်များကို ဦးစားပေးပြဿနာများအဖြစ် သဘောထားကြသည်။

အမျိုးသမီးများ အပေါ်တွင် ကျား၊ မ အခြေပြုအကြမ်းဖက်မှုသည် သိသာသည့်ပြဿနာဖြစ်သည်။ အဆိုပါဖြစ်ရပ်များသည် ပျံ့နှံ့နေသည်ဟု သံသယရှိဖွယ်ကောင်းသည့်တိုင် တိုင်ကြားမှုနည်းပါးနေသည်။ ညှဉ်းပန်းနှိပ်စက်ခံရပြီး၊ ထိခိုက်လွယ်အားအင်နည်းပါးသည့် အမျိုးသမီးများသည် အကူအညီရယူမှုနှင့် တရားမျှတမှု အာမခံချက်ရရှိမှုတွင် သိသာသည့်အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ အမျိုးသမီးများအပေါ်တွင်အကြမ်းဖက်မှုကျူးလွန်သူများသည်(အဓမ္မပြုကျင့်သူများကို တရားရုံးသို့ စွဲဆိုအပြစ်ပေးမှုများရှိသည့်တိုင်) တရားဝင်တရားစီရင်မှုစနစ်တွင် အရေးယူခံရခဲသည်။ လူမှုရေးနှင့် ယဉ်ကျေးမှု စံနှုန်းထားများအရ၊ အထူးသဖြင့် အမျိုးသားကြီးစိုးသည့် အယူဝါဒများကြောင့် အမျိုးသမီးများနှင့်ပတ်သက်သည့် တန်ဖိုး၊ နှင့် ရပိုင်ခွင့်များသည် အခက်အခဲများရှိနေပြီး၊ အမျိုးသမီးများသည်လည်း ဥပဒေအောက်တွင် ညှင်းပန်းနှိပ်စက်ခံရမှုအပေါ်တွင် ခုခံနိုင်စွမ်းမရှိခြင်းနှင့်အကာအကွယ်မရှိဖြစ်နေသည်။ သမရိုးကျတရားမျှတမှုစနစ်အပေါ်တွင် ယုံကြည်မှုရေချိန်နည်းပါးသည့်အတွက်လူအများစုသည်တရားမျှတမှုရရှိရန်အတွက်သမားရိုးကျမဟုတ်သည့် တရားမျှတမှု ရှာဖွေသည့်နည်းလမ်းများဖြင့် လုပ်ဆောင်လာသည်။ ၎င်းတို့သည် အကူအညီရှာဖွေခြင်း၊ ဒေသအတွင်းမှာပင် ပြဿနာပြေလည်စေခြင်းနှင့် အလေးသာသည့် ရလဒ်တစ်ခုထက် မျှတစွာဆက်ဆံခံရမှုအား တန်ဖိုးထားသည်။ သို့သော် ဒေသအတွင်းမှာပင် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးရန်ကြိုးပမ်းမှုများသည်အမြဲတမ်းအောင်မြင်ခြင်းမရှိပေ။

ပြစ်မှုဆိုင်ရာ တရားစီရင်မှုစနစ်မှ အရာရှိများသည် တတိယအဖွဲ့အစည်းများအဖြစ် ပါဝင်ပတ်သက်မှု ရှားပါးသည်။ လူအများစုသည် ဒေသခံ၊ အစိုးရမဟုတ်သည့် တတိယအဖွဲ့အစည်းများ၏ အကူအညီများအားရယူပြီး၊ ရရှိလာသည့် ရလဒ်များသည် ယဉ်ကျေးမှုနှင့် လူမှုအသိုင်းအဝိုင်းအပေါ်တွင် စဉ်းစားပြီးမှ ရရှိခြင်းဖြစ်သည်။ ဦးစားပေးအငြင်းပွားမှုများ၏၆၀%သည်ဖြေရှင်းနိုင်ခြင်းမရှိပေ။ အစိုးရအရာရှိများနှင့် အများပြည်သူ ဝန်ဆောင်မှုများပေးသည့် တာဝန်ရှိသူများသည်တရားမျှတမှုဆိုင်ရာပြဿနာအတော်များများတွင် ပါဝင်ပတ်သက်နေပြီး ထိုပြဿနာများမှာ အခြားပြဿနာများထက်စာလျှင် ဖြေရှင်းနိုင်ချေနည်းပါးသည်။

ဖြေဆိုသူများမှ၎င်းတို့၏အငြင်းပွားမှုပြဿနာများနှင့်ပတ်သက်သည့်လမ်းကြောင်းများရွေးချယ်ရာတွင်ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စနစ်ဆိုင်ရာ အကြောင်းအချက်များက လွှမ်းမိုးနေသည်။ အများဆုံး သိသာထင်ရှားသည်မှာ အများစု၏ ထင်မြင်ချက်မှာ ခွဲခြားဆက်ဆံသည့် မြန်မာ့လူမှုအသိုင်းအဝိုင်းသည် ၎င်းတို့၏ ရေးရာပြဿနာများအပေါ် အလေးထားမှုမရှိဟု ထင်မြင်ပြီး၊ ချမ်းသာသူများ၊ ပညာတတ်များနှင့် အဆက်အသွယ်ကောင်းရှိသူများအတွက် အလေးသာသည်ဟုမြင်သည်။ ထိုကဲ့သို့အမြင်အယူအဆများသည် ပြဿနာများအား (အထူးသဖြင့် အမျိုးသမီးများ အပေါ်တွင် အကြမ်းဖက်မှု) တိုင်ကြားမှုနည်းပါးမှုနှင့် ဆက်စပ်မှုရှိနိုင်သည်။

ရှုမြင်လက်ခံထားသည့် ခွဲခြားဆက်ဆံမှုသည် အချို့သူများအတွက် ၎င်းတို့၏ ဦးစားပေး ပြဿနာများ ဖြေရှင်းရာတွင် အကူအညီရယူရန် ဝန်လေးစေသည်။ အချို့သည် မည်သည့်နေရာမှ အကူအညီရယူရမှန်း မသိဖြစ်နေသည်။ တရားမျှတမှုရှိစေရန် ရှာဖွေလုပ်ဆောင်ခြင်းမရှိသည့် လူအများစုသည် ပုဂ္ဂိုလ်ရေးဆက်ဆံမှုနှင့် လူမှုအသိုင်းအဝိုင်းပေါင်းစည်းညီညွတ်စွာမှုအား ၎င်းတို့၏ကိစ္စကြောင့် မပျက်စီးစေလိုခြင်းဖြစ်သည်။ နိုင်ငံသားများအား လူမျိုးစု၊ ဘာသာရေး၊ ကျား/မ လိင်နှင့်/သို့မဟုတ် ထိခိုက်လွယ် အင်အားနည်းပါးမှုအရ ခွဲခြားဆက်ဆံမှု ပြဿနာများအားဖြေရှင်းနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများစွာလိုအပ်သည်။ (တရားမျှတမှုရယူပိုင်ခွင့်အား လျော့ပါးစေသည့်) အမျိုးသားကြီးစိုးမှုနှင့် ခွဲခြားဆက်ဆံသည့် စိတ်နေသဘော ထားများအား ကျော်လွှားနိုင်ရန် ကြိုးပမ်းမှုများသည် ပဏာမခြေလှမ်းအနေဖြင့် အာရုံပြုရမည်မှာ ထိရောက်သော တူညီမှုရရှိရေးနှင့်ပတ်သက်သည့် အသိအမြင်များ မြင့်မားလာစေရေးနှင့် မျှတမှုအား ရည်ရွယ်ထားသည့် နည်းဗျူဟာများနှင့် ထိရောက်မှုရှိသည့် ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်မှုလုပ်ငန်းစဉ်များနှင့် ရလဒ်များရရှိစေရေးနှင့် ၎င်းတို့အား အာဏာတည်စေခြင်း အစရှိသည်တို့သည် အရေးကြီးသည်။

# တရားမျှတမှု ရရှိစေရေး - အဓိက အကြံပြုချက်များ

## သမားရိုးကျတရားမျှတမှုဆိုင်ရာစီမံခန့်ခွဲမှု နှင့် ပတ်သက်၍ -

- ဒေသဆိုင်ရာ စီမံအုပ်ချုပ်မှုများအပါအဝင် တရားမျှတမှုကဏ္ဍမှာ ပါဝင်နေသူများ အားလုံးသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များအား ထိရောက်စွာထမ်းဆောင်နိုင်ရန် လိုအပ်သည့် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း၊ တန်းတူညီမျှမှု၊ ကျားမရေးရာ ထိခိုက်ရလွယ်မှုများ၊ ကျား၊ မ တန်းတူညီမျှမှု တရားဥပဒေစိုးမိုးရေးအခြေခံမှုများ၊ လုပ်ထုံးလုပ်နည်း၊ တာဝန်ယူတာဝန်ခံမှု၊ ကြားဝင် စေ့စပ်မှုအခြေခံမှုများဆိုင်ရာသင်တန်းများပံ့ပိုးပေးခြင်း၊

- သမရိုးကျမဟုတ်သည့် တရားမျှတမှုစနစ်များ၏ အခြေအနေ၊ သမရိုးကျ တရားမျှတမှုစနစ်နှင့် ၎င်းတို့၏ဆက်နွယ်မှုနှင့် ပတ်သက်သည့် ရှင်းလင်းပြတ်သားသည့် မူဝါဒတစ်ရပ်ချမှတ်ခြင်း၊ အဆိုပါမူဝါဒအား အဆင့်များအားလုံးတွင် အများပြည်သူများသိရှိစေရန် ချပြခြင်း။

- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အ ရေးသဘောတူညီချက်စာချုပ်များ၊ စံနှုန်းများနှင့်တပြေးညီဖြစ်သည့် ရှင်းလင်းသည့်နိုင်ငံသားခယူခွင့်နှင့် နေထိုင်ခွင့်ဆိုင်ရာ ဥပဒေမူဘောင်ချမှတ်ခြင်း။

- မျှတမှုရှိပြီး ရပိုင်ခွင့်များပေါ်တွင်အခြေခံထားသော အာဏာတည်မြဲစေသည့် နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ခြင်းဆိုင်ရာ လွတ်လပ်အမှီအခိုကင်းသည့် လုပ်ထုံးလုပ်နည်း/ နည်းစနစ်တစ်ရပ် ချမှတ်ခြင်း။

## ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူ သတင်းအချက်အလက် ဆိုင်ရာများနှင့် ပတ်သက်၍ -

- အစိုးရဝန်ဆောင်မှုများစွာပေးအပ်နေသည့် မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေး ရုံးများတွင်ဝန်ဆောင်မှုအလိုက် တရားဝင်ပေးဆောင်ရမည့် စရိတ်များနှင့် ကြာမြင့်ချိန်များအား အများပြည်သူသိရှိအောင် ဆောင်ရွက်ခြင်း။

- နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများရယူခြင်းနှင့် ပတ်သက်သည့်လုပ်ထုံးလုပ်နည်းဆိုင်ရာ သတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ရရှိနိုင်အောင် လုပ်ဆောင်ခြင်း။

- ပြစ်မှုဆိုင်ရာတရားစီရင်မှုစနစ်၏ လုပ်ငန်းစဉ်/လည်ပတ်ပုံဆိုင်ရာ အချက်အလက်များ ဖြန့်ဖြူးခြင်း။

- သမရိုးကျတရားမျှတမှုစနစ်၏ လုပ်ငန်းဆောင်တာများအား ပိုမိုနားလည်မှုရှိစေရန် တရားရုံး လေ့လာစောင့်ကြည့်ရေး ရှေ့ပြေးစီမံကိန်းအား စဉ်းစားအကောင်အထည်ဖော်ခြင်း။

- အမှုသည်များအား တရားဥပဒေဆိုင်ရာ အထောက်အပံ့ပေးနိုင်သည့် အကောင်းဆုံးနည်းလမ်းများ သိရှိနားလည်စေရန် တရားရုံးလေ့လာစောင့်ကြည့်ရေး ရှေ့ပြေးစီမံကိန်းအား စဉ်းစားအကောင်အထည်ဖော်ခြင်း။

## ကျား၊ မ ရေးရာနှင့် အမျိုးသမီးများအတွက်ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှု -

- သမရိုးကျတရားမျှတမှုကဏ္ဍတွင် ပါဝင်ပတ်သက်သူများ အားလုံးအတွက် ကျား၊ မ တန်းတူညီမျှမှုနှင့် အထူးသဖြင့် အမျိုးသမီးများနှင့် အခြားထိခိုက်လွယ် အင်အားနည်းပါးသူများအတွက် ဥပဒေအရကာကွယ်ပေးခြင်းဆိုင်ရာ သင်တန်းများပေးခြင်း။

- သင်တန်းများ၊ ဥပဒေများ ပြန်လည်သုံးသပ်ခြင်းနှင့် ဥပဒေပြင်ဆင်ခြင်းမှ တစ်ဆင့် အစိုးရရှေ့နေများ ၊ တရားရေးအရာရှိများနှင့် တရားဥပဒေစိုးမိုးရေးအရာရှိများအား အိမ်တွင်းအကြမ်းဖက်မှု/ကျား၊မ အခြေပြု အကြမ်းဖက်မှုနှင့်ပတ်သက်သည့် တိုင်ကြားမှုများ တရားမျှတမှုအတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းစေမှသာ ရုတ်သိမ်းနိုင်သည်ဆိုသည်ကို အားဖြည့်ပေးရန်။
- ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများအပေါ်တွင် တရားဥပဒေအရ ကာကွယ်မှုဆိုင်ရာသင်တန်းများနှင့် သိရှိနားလည်မှုများရှိစေရန် ဆောင်ရွက်ခြင်းနှင့် ဖိုရမ်ဆွေးနွေးပွဲများကျင်းပ၍ ကျား၊မ အခြေပြု အကြမ်းဖက်မှုအပါအဝင် တရားဥပဒေအရ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ခြင်း ကိစ္စရပ်များကို သမရိုးကျတရားမျှတမှုစနစ်အတွင်းရှိ အရာရှိများနှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များမှ အတူတကွ ဆွေးနွေးစေရန် စီစဉ်ခြင်း။
- အိမ်တွင်းအကြမ်းဖက်မှု ကိစ္စရပ်များနှင့်ပတ်သက်သည့် အကာအကွယ်ပေးသည့် တရားရုံးအမိန့်များပြဋ္ဌာန်းရန် စဉ်းစားခြင်းနှင့် ရှေ့ပြေးစတင်ခြင်း။

## ဆင်းရဲနွမ်းပါးမှုနှင့် ကြွေးမြီ ပြဿနာ-

- အသေးစားငွေကြေးလျှော့ကျထားမှုများအား လျင်မြန်ပြီး ကုန်ကျစရိတ်အနည်းဆုံး၊ တရားမဝင်နှင့် မမျှတသည့် ငွေချေးအလေ့အကျင့်များ လျော့ပါးစေမည့် နည်းလမ်းဖြင့် စီရင်ဆုံးဖြတ်နိုင်သည့် တရားမျှတမှု ကုစားမှုနည်းလမ်းများ ရှာဖွေခြင်း။
- ဆင်းရဲနွမ်းပါးသူများ၏ လိုအပ်ချက်များ တုံ့ပြန်ပေးသည့် ငွေကြေးဝန်ဆောင်မှုများ ချဲ့ထွင်ပေးခြင်း။

## မြေယာပြဿနာ -

- ဘိုးဘွားပိုင်/ရိုးရာ/ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုအား တန်းတူညီမျှ အသိအမှတ်ပြုသည့် ဗဟိုမြေယာမှတ်ပုံတင်စနစ်အပေါ် ဖြည့်စွက်တည်ဆောက်ခြင်း၊ ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း၊ ရေးဆွဲခြင်း။
- အစိုးရအရာရှိများ၏ ဆုံးဖြတ်ချက်များအပေါ်တွင် အယူခံဝင်ခွင့်စနစ်နှင့် နောက်ဆုံး တရားရုံးဦးတိုက်လျှော့ကျထားမှု စနစ်များအပါအဝင် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို အားကောင်းလာစေခြင်း။
- ယခင်အစိုးရမှ သိမ်းဆည်းထားသည့် မြေယာများ ပြန်လည်ပေးအပ်မှုနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ သတင်းအချက်အလက်များအား အများပြည်သူများ လက်လှမ်းမီလွယ်ကူစေရေးအတွက် ပွင့်လင်းမြင်သာစွာဖြန့်ဝေခြင်း။
- ယခင်သိမ်းဆည်းထားသည့် မြေယာများ ပြန်လည်ပေးအပ်ခြင်း/ ပြန်လည်ခွဲဝေခြင်းနှင့် ပတ်သက်၍ - အခြေအနေတစ်ခုချင်းစီ၏ အသေးစိတ်ထူးခြားချက်များကို မျှတစွာ ထည့်သွင်းစဉ်းစားနိုင်ရန် နစ်နာဆုံးရှုံးသူ/အဖွဲ့အစည်းများအားလုံးသည် အသိပေးခံရပြီး ၎င်းတို့ ပြည့်ဝစွာ ပါဝင်နိုင်သည့် ဒေသအလိုက်နည်းစနစ်များ ရှာဖွေဖော်ထုတ်ခြင်း။

## မူးယစ်ဆေးဝါးများ ကိစ္စနှင့်ပတ်သက်၍ -

- မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုအနေဖြင့် ကျန်းမာရေးကဏ္ဍအား တရားဥပဒေ စိုးမိုးရေးထက် ဦးစားပေးပြီး၊ မူးယစ်ဆေးဝါးသုံးစွဲနေသူများအား ကုသမှုခံယူနိုင်မည့်နည်းလမ်းဖြင့် စီစဉ်ပေးခြင်း။
- မူဝါဒဆိုင်ရာ ဦးစားပေးမှုတစ်ရပ်အနေဖြင့် ပြန်လည်ထူထောင်ရေး စင်တာများအား သင့်လျော်သည့်နေရာများတွင် တည်ထောင်ခြင်းဖြင့် မူးယစ်ဆေးစွဲနေသူများမှ လိုအပ်သည့် ဆေးဝါးဆိုင်ရာဂရုစိုက်မှုနှင့် ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ခြင်း။

## ၂။ သမရိုးကျတရားမျှတမှုစနစ်အပေါ် ယုံကြည်မှုနှင့် ကိုးစားမှုဆိုင်ရာ အများပြည်သူ၏ ထင်မြင်ယူဆချက်များမှာ အဘယ်နည်း?

သမားရိုးကျတရားမျှတမှုစနစ်အပေါ်တွင် ယုံကြည်ကိုးစားစိတ်ချမှု နည်းပါးမှုရှိနေသည့်ပုံပေါ်နေသည်။ လူအနည်းငယ်သာ အဆိုပါစနစ်ဖြင့် တရားမျှတမှု လမ်းကြောင်းရရှိရန် အားကိုးအားထားပြုသည်။ သမရိုးကျတရားမျှတမှုစနစ်တွင်ပါဝင်သည့် အစိုးရအရာရှိများသည် ဒေသခံအဆင့်မှာ ဖြစ်ပွားသည့် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များ တွင် ပါဝင်ဖြေရှင်းမှုမှာ ရှားပါသည်။

ပြည်နယ် ၃ ခု စလုံးတွင်ရှိသည့် အများပြည်သူများသည် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရဲများအား အရည်အချင်းရှိသည်ဟု သိမှတ်ထားသည်။ ထင်မြင်အယူအဆများသည်လည်း ထိုအရာရှိများသည် "သာမန်ပြည်သူများ"၏ တန်ဖိုးထားမှုများအား ဝေမျှခြင်းမရှိကြောင်းနှင့် ခွဲခြားသည့် အပြုအမူများပါ ပျံ့နှံ့လာမှုတို့ကြောင့် သမားရိုးကျတရားမျှတမှုစနစ်အား အများပြည်သူအနေဖြင့် မလိုလာမှုအားပြသပုံရောက်သည်။အများပြည်သူတို့သည်ခွဲခြားမှု မခံလိုခြင်းနှင့် တရားမျှတမှုစနစ်တွင် မျှတစွာဆက်ဆံခံရနိုင်မှုအပေါ် ယုံကြည်စိတ်ချမှု မရှိခြင်းအပြင်၊ ၎င်းတို့သည် မျှတသည့်ရလဒ်အား စွမ်းဆောင်ပေးနိုင်မည်ဟု ထင်မြင်ခြင်းမရှိပေ။ အများပြည်သူ၏ ရဲများအပေါ်တွင် ယုံကြည်စိတ်ချမှု အဆင့်သည်လည်း အထူးသဖြင့် နည်းပါးနေပုံရှိသည်။ သို့သော် ဖြေကြားသူများ၏ ၃ ပုံ ၁ ပုံသည်သာ တရားသူကြီးများနှင့် ဥပဒေအရာရှိများသည် ရပ်ရွာဦးစားပေးမှုများနှင့် တပြေးညီဖြစ်သည်ဟု ယုံကြည်ပြီး၊ ထိုထက် အနည်းငယ်မြင့်မားသည့် လူနည်းစုများမှ ရဲများအပေါ်တွင် ထိုသို့ယုံကြည်သည်။

တဖက်တွင်မူ ရပ်ရွာခေါင်းဆောင်များသည်သာ လူမှုအသိုင်းအဝိုင်း၏ ဦးစားပေးကိစ္စများနှင့် တပြေးညီဖြစ်ပြီး၊ တူညီမျှဝေသည့် တန်ဖိုးထားမှုများအပေါ်တွင် မြှုပ်နှံထားသည်ဟု အများပြည်သူက ယုံကြည်သည်။ သို့သော် ထိုခေါင်းဆောင်များသည် ၎င်းတို့၏ တာဝန်များအား ထမ်းဆောင်ရန် လိုအပ်သည့် လေ့ကျင့်သင်ကြားမှုနှင့် အရင်းအမြစ်များ နည်းပါးနေသည်။ တရားမျှတမှုစနစ်တွင် အများပြည်သူ၏ ယုံကြည်မှု မြင့်မားစေရေးသည် တရားမျှတမှုကဏ္ဍမှာ ပါဝင်နေသူများ၏ ဦးစားပေးမှုတစ်ရပ်ဖြစ်သည်။ မူဝါဒများနှင့် နည်းဗျူဟာများအား အများလက်ခံမျှဝေထားသည့် တန်ဖိုးများမြှင့်တင်ရန် ဦးတည်ခြင်း (ထိရောက်သော တန်းတူညီမျှမှု၊ ကျားမရေးရာ တန်းတူညီမျှမှု၊ ဥပဒေရှေ့မှောက်တွင် ခွဲခြားမှုမပြုခြင်း၊ အများအပေါ်လေးစားမှုရှိခြင်း၊ မျှတမှုရှိခြင်း၊ အဂတိလိုက်စားမှုကို ဆန့်ကျင်ခြင်းနှင့် အခြား)၊ နှင့် အဆိုပါ တန်ဖိုးများအား တရားမျှတမှု ကဏ္ဍရှိ အဆင့်များအားလုံးတွင် တန်ဖိုးမြှင့်တင်မှုများပြုလုပ်ခြင်းသည် အရာအားလုံးထက် အရေးကြီးသည်။ တရားဝင်တရားမျှတမှုကဏ္ဍ၏ တုံ့ပြန်မှုများ မြင့်မာလာစေရန် ရည်ရွယ်သည့် နည်းဗျူဟာများသည် အရေးကြီးသည်။ ပွင့်လင်းမြင်သာမှုမြင့်လာခြင်း၊ လွတ်လပ်မှုရှိပြီး၊မျှတမှုရှိသည့် စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ မူဝါဒများနှင့် နည်းဗျူဟာများသည်လည်း အရေးကြီးသည်။

# ယုံကြည်မှုနှင့် ကိုးစားမှုအား မြှင့်တင်ခြင်း - အဓိက အကြံပြုချက်များ

## တာဝန်ခံယူမှုနှင့် လာဘ်ပေးလာဘ်ယူမှုအား တိုက်ဖျက်ရေးကိစ္စ

- တာဝန်ခံယူမှုနှင့် ပွင့်လင်းမြင်သာမှု တိုးပွားလာစေရန်အတွက် အစိုးရ ဌာနများအားလုံးဖြစ်သည့် ဝန်ကြီးဌာနများ/ ဌာနအသီးသီးများ/ အေဂျင်စီများအား အများပြည်သူအတွက် အသင့်ဖြစ်နေရန် လုပ်ဆောင်ခြင်း၊ နားလည်ရလွယ်သည့် အပြုအမူများဖြင့် အဖွဲ့အစည်းအတွင်းဆိုင်ရာ ဖွဲ့စည်းပုံများအား ကြီးကြပ်ခြင်းအပြင် လုပ်ထုံးလုပ်နည်းများနှင့် အများပြည်သူများ၏ တိုင်ကြားချက်များ သို့မဟုတ် နစ်နာမှုများပေးအပ်ရာတွင် မကျေနပ်ချက်များ ဆောင်ရွက်မှုနှင့်ပတ်သတ်ပြီး ကိုင်တွယ်ဖြေရှင်းခြင်း။

- မြန်မာနိုင်ငံ၏ ယုံကြည်မှုတည်ဆောက်ခြင်းတွင် ပါဝင်ကူညီပြီး၊ နိုင်ငံသားများသည် ပုံစံကျသည့်တရားစီရင်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေစနစ်များအပေါ်တွင် ကျေနပ်မှုရှိစေရန် ဆုံးဖြတ်ချက်ချမှတ်မှု စွမ်းရည်များတိုးတက်စေရေးနှင့် မြှင့်တင်ထားသည် လုပ်ငန်းစဉ်များသည် အများပြည်သူအား (က) ၎င်းတို့၏ အမှုများအပေါ်တွင် စီရင်ဆုံးဖြတ်ချက်ချမှတ်ရာတွင် တရားရုံးမှာဖြစ်စေ (သို့) အစိုးရဌာနတွင်ဖြစ်စေ ပေး၍ကြားသိစေခြင်းနှင့် (ခ) အစိုးရလက်အောက်ရှိ တရားစီရင်မှုဆိုင်ရာ- အလားတူ စီမံအုပ်ချုပ်မှုရုံးများ၏ ဆုံးဖြတ်ချက်များ အပေါ်တွင် အသနားခံ ယူခွင့်ပြုခြင်း။

- တရားစီရင်ရေးသည် လွတ်လပ်ပြီး၊ တာဝန်ခံယူမှုရှိစေခြင်း။

- အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် အညီဖြစ်နေပြီး၊

- ငွေရေးကြေးရေးအရ လုပ်ပိုင်ခွင့်နှင့် ဖူလုံသည့်အရင်းမြစ်များ ရှိစေခြင်း၊ ရည်ရွယ်ချက်ရှိပြီး၊ ပွင့်လင်းမြင်သာသည် တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ စံများ၊ တရားစီရင်မှုဆိုင်ရာ တာဝန်ခံမှုများနှင့် ပိုင်ဆိုင်ခွင့်များ လုံခြုံမှုရှိစေခြင်းတို့အပါအဝင် ဖြစ်သည်။

- ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှု၊ အပြန်အလှန်ဆက်နွယ်နေသည့် ဥပဒေနှင့်မူဝါဒ မူဘောင်များအတွက် လွှမ်းခြုံမှုရှိရေးနှင့် စီစဉ်ခြင်း၊ လုပ်ထုံးလုပ်နည်းများအပေါ်တွင် လေ့လာစောင့်ကြည့်ခြင်းနှင့် တာဝန်ခံယူခြင်း၊ ဝန်ထမ်းစုဆောင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အခြေခံ အဆောက်အအုံများနှင့် အဆောက်အအုံနေရာများ အစရှိသည်တို့ ပါဝင်သည့် ပြီးပြည့်စုံသည့် အစီအစဉ်အား ဖော်ဆောင်ပြီး၊ အကောင်အထည်ဖော် လုပ်ဆောင်ခြင်း။

- ဦးစားပေးတစ်ရပ်အနေဖြင့် နယ်ခြားစောင့်ရဲများ၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး တာဝန်ခံယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစေရန် နားလည်ရန်လွယ်သည့် အပြုအမူများဖြင့်၊ အများပြည်သူအတွက် လုပ်ဆောင်ခြင်းနှင့် အချက်အလက်များဖြစ်သည့် - ဩဇာအာဏာနှင့် ဖွဲ့စည်းပုံလေ့လာစောင့်ကြည့်မှု၊ ကဏ္ဍနှင့် တာဝန်များ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု စံနှုန်းများ၊ အခြေစိုက်စခန်းများ၏ တည်နေရာများ၊ ဝန်ထမ်းစုဆောင်း၊ လေ့ကျင့်သင်ကြားမှုဆိုင်ရာ မူဝါဒများ အစရှိသည်တို့အား လုပ်ဆောင်ခြင်း။

## ထိရောက်သော တရားမျှတမှုနှင့် ခွဲခြားဆက်ဆံမှု မရှိခြင်း

- တရားမျှတမှုကဏ္ဍမှာပါဝင်သည့် အရာရှိများအားလုံးနှင့် အများပြည်သူ့ဝန်ထမ်းများသည်ထိရောက်သောတန်းတူညီမျှမှု၊ခွဲခြားဆက်ဆံမှုမရှိဆက်ဆံခြင်းနှင့်မတူကွဲပြားမှုအပေါ်တွင်လေးစားမှုရှိခြင်း အစရှိသည့် တာဝန်ထမ်းဆောင်ရမည့်အရာများနှင့် ပတ်သက်သည့် လေ့ကျင့်သင်ကြားမှုများ ရယူစေခြင်း။

- အတတ်ပညာပိုင်းဆိုင်ရာ ပေါင်းစည်းမှု အစဉ်မပြတ်ရှိစေခြင်း၊ အထူးသဖြင့် ထိရောက်သောတန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံမှုမရှိ ဆက်ဆံခြင်းနှင့် မတူကွဲပြားမှုအပေါ် လေးစားမှုရှိခြင်း (တိုင်းဒေသကြီး/ပြည်နယ် မြို့တော် အဆင့်) တို့အား အတတ်ပညာပိုင်းဆိုင်ရာ တာဝန်များနှင့် တာဝန်ခံမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် တရားမျှတမှုကဏ္ဍမှာပါဝင်သည့် အရာရှိများနှင့် အများပြည်သူ့ ဝန်ထမ်းများ အနေဖြင့် သင်ယူစေခြင်း။

- မျှတသည့် တရားမျှတမှုအတွက် လိုအပ်သည့် လေ့ကျင့်သင်ကြားမှုများ ပေးအပ်ခြင်း၊ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုရှိရေးနှင့် ခွဲခြားဆက်ဆံမှု မရှိခြင်းနှင့် ဖိုရမ်ဆွေးနွေးပွဲ များတွင် သမရိုးကျတရားမျှတမှုကဏ္ဍရှိ အရာရှိများနှင့် အသိုင်းအဝိုင်းအဖွဲ့ဝင်များအား စုစည်းပါဝင်ပြီး မြန်မာနိုင်ငံ၏မျှတသည့် တရားစီရင်မှုရပိုင်ခွင့်များ ခိုင်မာမှုရှိစေရန် ဆွေးနွေးစေခြင်း။

## လူမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းညီညွတ်မှု

- မြန်မာနိုင်ငံ၏ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊လူမှုအသိုင်းအဝိုင်းအားလုံး အပေါ်တွင် လွှမ်းခြုံသည့် နိုင်ငံသားနှင့်ဆိုင်သော ပညာရေး သင်ရိုးညွှန်းတမ်းများ ဖော်ဆောင်ခြင်းသည် နိုင်ငံသား၏ လက္ခဏာအား ဖော်ဆောင်မှုအတွက် မြှင့်တင်ပေးခြင်းအပြင်၊ နိုင်ငံ၏ ယဉ်ကျေးမှု၊ တိုင်းရင်း သားမျိုးနွယ်စုနှင့် ဘာသာရေးအရ မတူကွဲပြားမှုများအား ပွေ့ဖက်ပြီး၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ လေးစားမှုနှင့် သည်းခံမှုတို့အား မြှင့်တင်ပေးမည်ဖြစ်သည်။

- နိုင်ငံသားနှင့်ဆိုင်သော ပညာရေး သင်ရိုးညွှန်းတမ်းသည် ကျောင်းများတွင် သင့်လျော်သည့် အသက်အရွယ်ရှိသည့် ကလေးများအားလုံးအား သင့်လျော်သည့် တိုင်းရင်းသား ဘာသာစကားဖြင့်သင်ကြားစေခြင်း။

## ၃။ မည်သည့် သမရိုးကျမဟုတ်သည့် တရားမျှတမှုစနစ်များ ဒေသခံနယ်မြေများတွင်ရှိနေပြီး၊ ၎င်းတို့သည် မည်ကဲ့သို့ လည်ပတ်နေသနည်း?

သမရိုးကျ တရားတရားမျှတမှုစနစ်၏ ပြင်ပတွင် များပြားလှသည့် နည်းလမ်းများဖြင့် ကိုယ်ရေးကိုယ်တာ အငြင်းပွားမှုများအား သမရိုးကျမဟုတ်သည့် နည်းလမ်းများစွာဖြင့် ဖြေရှင်းကြသည်။ ဖြေဆိုသူများသည် ယေဘုယျအားဖြင့် သမရိုးကျတရားစီရင်မှုများထက်၊ သမရိုးကျမဟုတ်သည့် နည်းလမ်းများဖြင့် တရားမျှတမှုရယူမှုသည် များပြားမှုရှိနေသည်ကို တွေ့ရသည်။ သမားရိုးကျ မဟုတ်သည့် လုပ်ထုံးလုပ်နည်းများ၏ အချို့အချက်များသည် အမျိုးသား ကြီးစိုးမှုအပေါ်တွင် လိုက်နာမှုရှိကြသည့်အတွက်၊ အထူးသဖြင့် အမျိုးသမီးများ၏ တရားမျှတမှု ရယူခွင့်အပေါ်တွင် သိသာစွာသက်ရောက်မှုရှိနေသည့်တိုင်၊ ထိုနည်းလမ်းဖြင့် ဆောင်ရွက်နေကြသည်။

ထို့ကြောင့် သမရိုးကျမဟုတ်သည့် လုပ်ထုံးလုပ်နည်းများဖြင့် တရားမျှတမှုရယူမှုကဏ္ဍတွင် ပါဝင်နေသူများသည် ထိရောက်သောမူဝါဒများနှင့် ကျား၊ မ ရေးရာတန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံမှု မရှိခြင်းနှင့် တရားမျှတမှုအား ဒေသဆိုင်ရာနှင့် အသိုင်းအဝိုင်းအဆင့်များတွင် ရှာဖွေနေသူများအတွက် ဥပဒေအောက်တွင် မျှတစွာဆက်ဆံမှုရှိစေရေး အစရှိသည့်တို့အား လိုက်နာဆောင်ရွက်ရန်မှာ အရေးကြီးသည့်အတွက်တိုက်တွန်းမှုနှင့်ပံ့ပိုးမှုများ လုပ်ဆောင်သွားရန်မှာ အရေးကြီးသည်။

### သမရိုးကျမဟုတ်သည့် တရားမျှတမှု လုပ်ငန်းစဉ်များ - အဓိက အကြံပြုချက်များ

#### ဝလေ့ထုံးတမ်းရိုးရာ ဥပဒေဆိုင်ရာ

- နောက်ထပ် ဦးတည်ထားသည့် သုတေသနလေ့လာမှုများ လုပ်ဆောင်ခြင်း - သုတေသန လေ့လာမှုများလုပ်ဆောင်သည့် နည်းလမ်းတွင် ပါဝင်ပူးပေါင်းမှုနည်းလမ်းအား အသုံးပြုခြင်း - သမရိုးကျမဟုတ်သည့်တရားမျှတမှု စနစ်များနှင့် ယခုစနစ်များ ဆက်စပ်မှုရှိသည့် နည်းဗျူဟာများချမှတ်ခြင်း။

#### အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ

- တာဝန်ထမ်းဆောင်နေဆဲဖြစ်သည့် ဒေသဆိုင်ရာ စီမံအုပ်ချုပ်သူများသည် လုံလောက်ပြည့်စုံစွာ ၎င်းတို့၏ တာဝန်များ ထမ်းဆောင်နိုင်စေရန် လိုအပ်သည့် ကျားမရေးရာနှင့် ထိရောက်သော တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ တရားဥပဒေစိုးမိုးရေး မူဝါဒများ၊ အားလုံးအားတန်းတူညီမျှစွာ ဆက်ဆံ လုပ်ဆောင်မှု၊ ကြားဝင်ဖြန်ဖြေခြင်းဆိုင်ရာ မူဝါဒများနှင့် အခြား.. အစရှိသည်တို့နှင့် ပတ်သက်သည့် လေ့ကျင့်သင်ကြားမှုများ ပေးအပ် ခြင်း။
- ကျားမရေးရာကိစ္စများနှင့် ထိရောက်သော တန်းတူညီမျှမှု၊ အထူးသဖြင့် သမရိုးကျမဟုတ်သည့်တရားမျှတမှုနည်းလမ်းများဖြင့် အငြင်းပွားမှုများဖြေရှင်းပေးရာတွင် ပါဝင်သူများ (ဥပမာ - ယဉ်ကျေးမှုနှင့်စာပေရိုးရာတာဝန်ခံများ၊ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များ၊ အသိုင်းအဝိုင်းခေါင်းဆောင်များ နှင့် အခြား..) အား လေ့ကျင့် သင်ကြားမှုများနှင့် ထိတွေ့မှုများ ပေးအပ်ခြင်း။
- အဆက်မပြတ် အပြန်အလှန်ဆွေးနွေးမှု ကျွမ်းကျင်မှုဆိုင်ရာများနှင့် ပတ်သက်သည့် လေ့ကျင့်သင်ကြားမှုများအား ဒေသဆိုင်ရာ စီမံအုပ်ချုပ်သူများနှင့် အသိုင်းအဝိုင်း ခေါင်းဆောင်များပါ ပါဝင်စေခြင်းဖြင့် ကျယ်ပြန့်စွာပေးအပ်ခြင်း။

# နောက်ဆက်တွဲ(က)
# သုတေသနလေ့လာမှု နည်းနိသသယ

သုတေသနလေ့လာမှုကို ရခိုင်ပြည်နယ်တွင် ၅ မြို့နယ်၊ ကချင်ပြည်နယ် (၄)မြို့နယ် နှင့် ရှမ်းပြည်နယ်ရှိ (၇) မြို့နယ် စုစုပေါင်း ၁၆ မြို့နယ်တွင် ပြုလုပ်ခဲ့သည်။ မြို့နယ်တခုစီတွင် ရပ်ကွက်တခုနှင့် ကျေးရွာအုပ်စုတခု သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု (၂)ခု ကို ရည်ရွယ်ချက်ရှိသဖြင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အရာရှိများနှင့် ညှိနှိုင်းတိုင်ပင်ရွေးချယ်ခဲ့သည်။ လေ့လာမှုတွင် ကချင်ပြည်နယ်ရှိ ဒေသတွင်း ရွှေ့ပြောင်းရသူများ နေထိုင်သည့် IDP စခန်း (၂)ခုလည်းပါဝင်သည်။ သုတေသန ကွင်းဆင်းလေ့လာမှုကို ၂၀၁၅ အောက်တိုဘာ မှ ၂၀၁၆ ဇူလိုင်လ အထိ ဆောင်ရွက်ခဲ့သည်။[၅၃]

ပေါင်းစပ် နည်းနိသသယများကို လေ့လာမှုတွင် အသုံးပြုခဲ့သည်။ စနစ်တကျ တည်ဆောက်ထားသည့် အင်တာဗျူး မေးခွန်းများကို အိမ်ထောင်စု ၁၂၅၂ စုအား မေးမြန်းခဲ့ပြီး ပါဝင် ဆွေးနွေးသူ ၄၅၃ ဦး ပါဝင်သည့် ကျေးရွာနှင့် ရပ်ကွက်အဆင့် အုပ်စုလိုက်ဆွေးနွေးပွဲများ (Focus Group Discussion)၊ အချက်အလက်သတင်း အဓိကပေးနိုင်သူ (၂၅၈)ဦး ပါဝင်သည့် Key informant interview များနှင့် ပံ့ပိုးထားသည်။ တပြိုင်နက်တည်းမှာပင် မေးခွန်းပုံစံ တစိတ်တပိုင်း ပြင်ဆင်ထားသည့် တွေ့ဆုံမေးမြန်းမှုများ (semi-structured interview) ကို နှစ်စုံခွဲ၍ (၁)မြို့နယ်နှင့် ခရိုင်အဆင့် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေး မှူးများဖြင့်၄င်း၊ (၂) မြို့နယ်နှင့်ပြည်နယ်အဆင့် ယဉ်ကျေးမှုနှင့် စာပေရိုးရာအဖွဲ့ တာဝန်ခံများဖြင့်၄င်း ပြုလုပ်ခဲ့သည်။ (ဇယား က.၁.၁ တွင်ရှု)

ဇယား နောက်ဆက်တွဲ က.၁ ပြည်နယ်အလိုက်အရေအတွက်

| ပြည်နယ် | | အိမ်ထောင်စုအလိုက် တွေ့ဆုံမေးမြန်းမှု | | အုပ်စုလိုက် ဆွေးနွေးမှုများ | | အသေးစိတ် အင်တာဗျူးများ | | ကြိုတင်ပြင်ဆင်ထားသည့်မေးခွန်းများ တစိတ်တပိုင်းပါဝင်သည့် တွေ့ဆုံမေးမြန်းမှုများ | |
|---|---|---|---|---|---|---|---|---|---|
| | | မ | ကျ | မ | ကျ | မ | ကျ | ယဉ်ကျေးမှုနှင့်စာပေရိုးရာတာဝန်ရှိပုဂ္ဂိုလ်များ | အစိုးရအရာရှိများ |
| ရခိုင် | | ၁၆၆ | ၁၆၆ | ၈၂ | ၈၄ | ၈ | ၄၁ | -- | ၂၆ |
| ကချင် | | ၂၀၇ | ၁၉၃ | ၆၅ | ၆၆ | ၂၈ | ၅၂ | ၂၈ | ၅၄ |
| ရှမ်း | | ၂၆၀ | ၂၆၀ | ၈၁ | ၇၅ | ၃၉ | ၉၀ | ၃၉ | ၈၂ |
| စုစုပေါင်း | IDPs အပါအဝင် | ၆၃၃ | ၆၁၉ | ၂၂၈ | ၂၂၅ | ၇၅ | ၁၈၃ | ၆၇ | ၁၆၂ |
| | IDPs မပါဝင် | ၅၇၆ | ၅၇၆ | ၂၁၅ | ၂၁၃ | ၇၁ | ၁၇၈ | | |

---

၅၃ ၂၀၁၅ အောက်တိုဘာ-နိုဝင်ဘာ ရခိုင်ပြည်နယ်၊ ၂၀၁၆ ဇန်နဝါရီ ကချင်ပြည်နယ် နှင့် ၂၀၁၆ ဇွန်-ဇူလိုင် ရှမ်းပြည်နယ်

သုတေသနလေ့လာမှုတွင် အသုံးပြုသည့် မေးခွန်းပုံစံ နည်းနိဿယများကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုပြီး မြန်မာဘာသာ ပြန်ဆိုခဲ့သည်။ အိမ်ထောင်စုအဆင့် စနစ်တကျပြင်ဆင်ထားသည့် မေးခွန်းပုံစံကို အကြံပေးအဖွဲ့ ထံတင်ပြ၍ သဘောထားမှတ်ချက်ရယူခဲ့ပြီး လိုက်လျောညီထွေ ကိုက်ညီအသုံးပြု လွယ်အောင်ပြင်ဆင်ခဲ့သည်။ ယင်းမေးခွန်းပုံစံကို မြန်မာဘာသာ သို့ပြန်ဆိုရာတွင် မြန်မာလုပ်ဖော်ကိုင်ဖက်များနှင့် ကြိမ်ဖန်များစွာ ဆွေးနွေးပြီး ဘာသာစကားအသုံးအနှုန်း၊ သဘောထား အယူအဆများ ပြတ်သားရှင်းလင်းစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကနဦးစမ်းသပ်လေ့လာမှု တကြိမ်ပြီးနောက် ထိုမေးခွန်း ပုံစံနည်း နိဿယများကို ပြန်လည်သုံးသပ်ခဲ့သည်။

နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ်များက ကွင်းဆင်းလေ့လာမှုလုပ်ငန်းများကို ဦးဆောင်ပြီး အစိုးရအရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရရှိရေးဥပဒေစနစ် လေ့လာမှုအများအပြားတွင် ယခင်အတွေ့အကြုံများရှိသည့် ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း (Enlightened Myanmar Research Foundation) သည် UNDP နှင့် စာချုပ်ချုပ်ဆိုပြီး ရပ်ကွက်နှင့်ကျေးရွာအဆင့် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့သည်။ ဘာသာပြန်များ ငှားရမ်းခဲ့ပြီး ကွင်းဆင်းသုတေသနလုပ်ငန်းများအား ပံ့ပိုးကူညီနိုင်စေရေးအတွက် သင်တန်းများပေးခဲ့သည်။

မိမိကိုယ်ပိုင်သဘောထားဖြင့် ပါဝင်ဆွေးနွေး ဖြေဆိုခြင်း၊ ကြိုတင်အသိပေးရယူသည့် သဘောတူညီချက်၊ လျှို့ဝှက်မှု၊ ဘေးအန္တရာယ်ကင်း လုံခြုံစိတ်ချမှု၊ ကြားနေသဘောထား၊ ဓမ္မဓိဋ္ဌာန်ကျမှုအပြင် ပဋိပက္ခအနေအထား သုံးသပ်သိမြင်မှု၊ ဘေးဥပါဒ်မဖြစ်စေမှု စသည့် သုတေသနကျင့်ဝတ်များကို သုတေသနလေ့လာမှု ကာလတလျှောက် လိုက်နာကျင့်သုံးခဲ့သည်။


လေ့လာတွေ့ရှိချက်များသည် သုတေသန နမူနာ (Study Sample) ကိုသာထင်ဟပ်ဖော်ပြသည်။ သုတေသနဖြေဆိုသူများကြား ကိန်းဂဏန်းအရ ဆက်စပ်သည့် နှိုင်းယှဉ်မှုများကို ပြုလုပ်နိုင်မည်မဟုတ် သကဲ့သို့၊ လေ့လာတွေ့ရှိချက်များသည် ကျယ်ပြန့်သည့် လူဦးရေအတိုင်းအတာတခုခုကို ယေဘုယျ ကောက်ချက်ပေးနိုင်မည် မဟုတ်ပါ။ ပြည်နယ်အလိုက် သီးခြားကြုံတွေ့ရသည့် သုတေသနလေ့လာမှု စိန်ခေါ်မှုအခက်အခဲများ၊ အကန့်အသတ်များကို သက်ဆိုင်ရာပြည်နယ် အစီရင်ခံစာများတွင် အသေးစိတ်ဖော်ပြထားသည်။

# နောက်ဆက်တွဲ (ခ)
# ပြစ်မှုဆိုင်ရာ တရားမျှတရေးစနစ်အတွင်းရှိ အဓိကအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ

ခရိုင်နှင့် မြို့နယ်အဆင့်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၌ အဓိကဌာန(၃)ခုရှိသည်။ စီမံခန့်ခွဲမှုနှင့် တပ်ဖွဲ့ဝင်ရေးရာ၊ စည်းမျဉ်းစည်းကမ်းရေးရာ တာဝန်ယူရသည့် အုပ်ချုပ်ရေးဌာန၊ အမှုများကို စိစစ်သုံးသပ်ခြင်း နှင့် အမှုစွဲတင်/တရားစွဲမှုများကို ကြီးကြပ်ရသည့် အမှုမှတ်တမ်းဌာနနှင့် ထောက်ပံ့ရေးဌာန တို့ဖြစ်သည်။

နေ့တဓူဝ ရဲလုပ်ငန်းများကို မြို့နယ်အဆင့်အောက်ရှိရဲစခန်းများနှင့် ရဲကင်းများက ဆောင်ရွက်ကြသည်။ ရဲစခန်းများနှင့် ရဲကင်းများရှိ ရဲအရာရှိများ၏ အဓိကတာဝန်နှစ်ရပ်မှာ သက်ဆိုင်ရာဒေသနယ်မြေ လုံခြုံရေးနှင့် အမှုအခင်းများ စုံစမ်းစစ်ဆေး ဖော်ထုတ်ခြင်းတို့ ဖြစ်သည်။ (ပုံ က. ၂.၁ တွင် ရှု)

ပုံ နောက်ဆက်တွဲ (ခ) ၁ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်အဆင့်ဖွဲ့စည်းပုံ



မှုခင်းနှင့် ရဲလုပ်ငန်းတာဝန်များကို ယေဘုယျ အုပ်စုကဏ္ဍ(၃)မျိုးခွဲထားသည်။ ပထမအုပ်စု "အမှုကြီး" (၁၀) မျိုးတွင် လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ ပြန်ပေးဆွဲမှု၊ မုဒိန်းမှု၊ ဖောက်ထွင်းမှု၊ တရိစ္ဆာန်ခိုးမှု၊ နိုင်ငံတော်ပုန်ကန်မှု၊ မတရားအသင်းနှင့် ၁၈၇၈ လက်နက်ဥပဒေ အောက်ရှိပြစ်မှု များပါဝင်သည်။

ဒုတိယအုပ်စုဖြစ်သည့် "အခြားပြစ်မှု" များတွင် (ပြည်သူပိုင်ပစ္စည်း၊ အစိုးရပိုင်ပစ္စည်း၊ ယာဉ်၊ ခါးပိုက်နှိုက် စသည့်) ခိုးမှု၊ ခန္ဓာကိုယ် နာကျင်စေသည့် ခိုးမှုနှင့်နာကျင် စေမှုများ ပါဝင်သည်။ ဤအခြားအမှုများတွင် "အခြား" အမှု များဟု သီးခြားအုပ်စုခွဲတခုပါဝင်ပြီး ယင်းအုပ်စုခွဲတွင် ၂၀၁၂ ပို့ကုန်သွင်းကုန်ဥပဒေ၊ ၂၀၀၅ လူကုန်ကူး တိုက်ဖျက်မှု ဥပဒေ၊ ၁၉၉၂ သစ်တောဥပဒေ စသည့်အထူး ဥပဒေ အသီး သီးအောက် ကျူးလွန်သည့်ပြစ်မှုများ ပါဝင်သည်။

တတိယအုပ်စု ကြိုတင်ကာကွယ်မှုများ(ကြိုကာမှု) တွင် ၁၉၉၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသည့် ဆေးဝါးများဆိုင်ရာဥပဒေ[၅၄]၊ ၁၉၅၄ ရဲအက်ဥပဒေ[၅၅]၊ ၁၉၅၀ အရေးပေါ် အက်ဥပဒေ၊ ၁၉၆၁ ပြစ်မှု ကျူးလွန်တတ်သူများ ခံဝန်နှင့်ခြေချုပ်ဥပဒေ[၅၆] များအရ မြို့နယ်ရဲများ၏ လုပ်ငန်း ဆောင်တာများ အပြင် လောင်းကစား၊ အရက်သေစာရောင်း ဝယ်ဖောက်ကားခြင်း (ယစ်မျိုး) နှင့် ပြည့်တန်ဆာလုပ်ငန်း များကို စောင့်ကြည့်တာဝန်ယူရသည်။ ရဲအရေးပိုင်သည့် အမှုတခု[၅၇] ဖြစ်ပွားသည်ကို ရဲအနေဖြင့်သိရှိပါက အခင်းဖြစ် ပွားရာသို့ သွားရောက်ရန် တာဝန်ရှိသည်။ ရဲအရေးပိုင်သည့် ပြစ်မှုတခုနှင့် ပတ်သက်၍ သတင်းလက်ခံရရှိပါက ပထမ သတင်းပေး တိုင်ကြားချက် (FIR) ဖွင့်ရမည်ဟု ဥပဒေ၌ ပြဋ္ဌာန်းထားသော်လည်း အမှုနှင့်ပတ်သက်၍ သတင်းပေး သူ၏ တရားဝင် သတင်းပေးတိုင်ကြားလို စိတ်လည်း ရှိရန် လိုအပ်သည်။[၅၈] အချို့အမှုများတွင် ပထမသတင်း ပေးတိုင် ကြားချက်(FIR) ရရှိသည်နှင့်တစ်ပြိုင်နက် ရာဇဝတ် တရား ရေး/ တရားစီရင်ရေးစနစ်၏ တုံ့ပြန်ဆောင်မှု စတင် လုပ်ရား ရသည်။ စတင်ပြီးပါက ဥပဒေအရာရှိ လျှောက်ထားချက်နှင့် တရားရုံး၏ သဘောတူခွင့်ပြုချက်[၅၉] မှတပါး တရားဝင် ရာဇဝတ်တရားရေး/တရားစီရင်ရေးလုပ်ငန်း လုပ်ငန်းစဉ်အား ရပ်တန့်၍မရ။

ပထမသတင်းပေးတိုင်ကြားချက်(FIR)ဖွင့်ပြီးသည် နှင့်တပြိုင်နက် ရဲသည် အမှုနှင့်ပတ်သက်သည့် စုံစမ်းစစ် ဆေးခြင်းများ စတင်ရသည်။[၆၀] ဤတွင် သံသယရှိသူအား ဖမ်းဆီးခြင်းနှင့် သို့မဟုတ် ရမာန်ရယူခြင်းတို့ ပါဝင်နိုင် သည်။[၆၁] အမြဲမဟုတ်သည့်တိုင် ယေဘုယျအားဖြင့် စုံစမ်း စစ်ဆေးမှုများကို ပထမသတင်းပေး တိုင်ကြားချက်(FIR) ဖွင့်သည့်ရဲစခန်းမှ ရဲအရာရှိများက ဆောင်ရွက်ကြသည်။ အကယ်၍ ရဲကင်းတွင် အမှုဖွင့်ပါက အနီးစပ်ဆုံး ရဲစခန်းသို့ ပေးပို့ရသည်။ ရဲကင်းတွင် တာဝန်ကျသည့် ရဲများ/ ရဲအရာရှိ များသည် ဖမ်းဆီး သို့မဟုတ် ထိန်းသိမ်းခွင့်အာဏာမရှိပါ။

စုံစမ်းစစ်ဆေးပြီးနောက် ပုံမှန်အားဖြင့် စွဲဆိုခံရသူ ၏ ရမာန်သက်တမ်းမကုန်မီ (၇)ရက်အတွင်း သက်ဆိုင်ရာ ဥပဒေအကြံပေး အရာရှိထံမှ ဥပဒေအကြံပေးချက် ရယူရန် အမှုတွဲကိုပေးပို့ရသည်။ ထောင်ဒဏ်(၇)နှစ်အထိထိုက်သည့် ပြစ်မှုများကို မြို့နယ်အဆင့်နှင့် ထောင်ဒဏ်(၇)နှစ် နှင့် အထက်အမှုများကို ခရိုင်အဆင့်တွင် ကိုင်တွယ်သည်။

တရားခွင်ကြားနာမှုများ စတင်နိုင်ရန် အလို့ငှာ ဆက်စပ်သည့် စွဲချက်ပြစ်မှုပုဒ်မများ၊ လုံလောက်သည့် သက်သေခံချက်များပါဝင်သည့် ရဲအစီရင်ခံစာကိုမြို့နယ်တပ် ဖွဲ့မှူး သို့မဟုတ် ခရိုင်တပ်ဖွဲ့မှူး (စွဲဆိုသည့် ပြစ်မှု၏ ပြစ်ဒဏ် အတိမ်အနက်ပေါ်တည်သည်) ထံ ပေးပို့တင်ပြရသည်။[၆၂] ယေဘုယျအားဖြင့် တရားရုံးကြားနာမှုကို စွဲဆိုသည့်အမှုဖြစ် ပွားရာ မြို့နယ်သို့မဟုတ် ခရိုင်အတွင်းပြုလုပ်သည်။[၆၃]

---

၅၄ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်
၅၅ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်
၅၆ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ်
၅၇ ၁၈၉၈ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ-၄(စ) "ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှု" နှင့် "ရဲအရေးယူ ပိုင်ခွင့်ရှိသောအမှု" ဆိုသည်မှာ ရဲအရာရှိတစ်ဦးက ဒုတိယဇယားနှင့်အညီ၊ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်အရ ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရသော ပြစ်မှုနှင့်အမှုကိုဆိုသည်။
၅၈ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၅၄ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်ကျူးလွန်ခြင်းနှင့်စပ်လျဉ်းသ ည့် သတင်းပေးချက်တိုင်းကို ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး တစ်ဦးထံ နှုတ်ဖြင့်ပေးခဲ့လျှင် ထိုအရာရှိကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ညွှန်ကြားချက်အရဖြစ်စေ စာဖြင့်ထုတ်နှုတ်ရေးမှတ် ရမည့်အပြင် သတင်းပေးသူအား ပြန်ဖတ်ပြရမည်။ ထို့ပြင် စာဖြင့်ရေးသားပေးသည်ဖြစ်စေ၊ အထက်တွင် ဆိုခဲ့သည့်အတိုင်း စာဖြင့်ထု တ်နှုတ်ရေးမှတ်ယူရသည်ဖြစ်စေ အဆိုပါသတင်းပေးချက်တိုင်းတွင် သတင်း ပေးသူက လက်မှတ်ရေးထိုးရမည်။ ထို့ပြင် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက သတ်မှတ်ထားသည့် ပုံစံအတိုင်း အဆိုပါရဲအရာရှိက ထားရှိရမည့်စာအုပ်တွင် ထိုသတင်း၏အကျဉ်းချုပ်ကို ထည့်သွင်းရေးမှတ် ထားရမည်။
၅၉ အထက်တွင်ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ မည်သည့်အစိုးရရှေ့နေ မဆို တရားရုံး၏သဘောတူညီချက်ဖြင့် စီရင်ချက်မချမီ လူတစ်ယောက်ကို ၎င်းအပေါ်စွဲဆိုထားသောအမှုမှ ယေဘူယျအားဖြင့်ဖြစ်စေ၊ ၎င်းကို ကြားနာစစ်ဆေးနေသည့် ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ ဖြစ်စေ ပြစ်မှုအများနှင့်စပ်လျဉ်း၍ဖြစ်စေ ရုပ်သိမ်းနိုင်သည်။
၆၀ အထက်တွင်ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၅၆၊ ၁၅၇ နှင့် ၁၆၅
၆၁ အထက်တွင်ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၄၊ ၃၄၄
၆၂ အထက်တွင်ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၇၀(၁)စုံစမ်းထောက်လှမ်းရာ၌ လုံလောက်သည့်သက်သေခံချက်ရှိကြောင်း၊ သို့မဟုတ် အထက်တွင်ဆိုခဲ့သည့်အတိုင်း အကြောင်းယုတ္တိ ရှိကြောင်း ရဲတပ်ဖွဲ့စခန်းမှူးက သို့မဟုတ် စုံစမ်းထောက်လှမ်းသည့် ရဲအရာရှိက ယူဆလျှင် အဆိုပါအရာရှိ သည် ရဲအစီရင်ခံစာအရ ပြစ်မှုကို အရေးယူပိုင်ခွင့်နှင့် တရားခံကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသော၊ သို့မဟုတ် တရားခံကို စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့ ပိုင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီးတစ်ဦးထံ တရားခံကို အချုပ်နှင့်တင်ပို့ရမည်။ သို့မဟုတ် ပြစ်မှုမှာ အာမခံပေးရမည့် ပြစ်မှုဖြစ်ပြီး တရားခံက အာမခံပေး နိုင်လျှင် သတ်မှတ်သောနေ့၌ အဆိုပါ ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ ထိုသူရောက်ရှိစေရန်နှင့် အခြားနည်း မညွှန်ကြားမီ အဆိုပါ ရာဇဝတ်တရားသူကြီး ရှေ့မှောက်သို့ နေ့စဉ်ရောက်ရှိစေရန်အတွက် ၎င်းထံမှ အာမခံယူရမည်။
၆၃ အထက်ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၇၇

တရားသူကြီးတဦးသည် ရဲအရေးပိုင်သည့်အမှုကို လက်ခံပါက ထိုအမှုသည် ဝရမ်းမှု သို့မဟုတ် သမ္မန်မှု[၆၄] နှင့် အကျဉ်းရုံး[၆၅] အမှု စသဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ပြစ်မှုတရားစွဲဆိုရန် ကြားနာမှုကာလ အတွင်း သက်သေများအား စစ်ဆေးခြင်း၊ ပြန်လှန်စစ်ဆေးခြင်း များ အပါအဝင် သက်သေခံချက်များ အားလုံးအပေါ် စဉ်းစား ဆင်ခြင်ပြီးနောက်[၆၆] တရားသူကြီးသည် (၁) တရားစွဲဆိုရန် လုံလောက်သော အကြောင်းမပေါ်ပေါက်သည်ဟု ဆုံးဖြတ်ပါက စွပ်စွဲခံရသူအား လွှတ်နိုင်သည်။[၆၇] သို့မဟုတ် (၂) စွပ်စွဲခံရသူအား စစ်ဆေးစီရင်နိုင်သည်။ (ဝရမ်းမှုတွင် တရားဝင် စွဲချက်တင်သည်။)[၆၈]

တရားခွင်ကြားနာ စစ်ဆေးရာတွင် ဥပဒေအကြံပေးအရာရှိများသည် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ပြီး တရားစွဲဆိုသည်။ အခြားပြဋ္ဌာန်းမထားပါက-ဥပမာ ၁၉၀၈ မတရားအသင်းအက်ဥပဒေ၊ ၁၈၇၈ လက်နက်အက်ဥပဒေ၊ ၂၀၁၂ ပို့ကုန်နှင့်သွင်းကုန်ဥပဒေ၊ ၁၉၄၇ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ စသည့် အထူးဥပဒေများ- အပြစ်ရှိကြောင်း သက်သေပြရမည့်တာဝန်မှာ ယေဘုယျအားဖြင့် တရားစွဲသည့်ဘက်အပေါ် ကျရောက်သည်။ [၆၉] သေဒဏ်ထိုက်သည့်ပြစ်မှုနှင့် စွဲချက်တင်ထားခြင်း မဟုတ်ပါက စွပ်စွဲခံရသူ / စွဲဆိုခံရသူသည် ရှေ့နေလိုက်ပါခြင်းရှိနိုင် သို့မဟုတ်မရှိနိုင်ပါ။ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများက မြို့နယ်နှင့်ခရိုင်အဆင့် ၂ခုစလုံးတွင်ရှေ့နေလိုက်ပါခြင်းမရှိသည့်စွပ်စွဲခံရသူ/ တရားရင်ဆိုင်ရသူပမာဏ အမျိုးအစား အတော်အတန်မြင့်မားသည်ကို ညွှန်းပြသည်။

တရားခွင်ကြားနာ စစ်ဆေးမှုများအပြီး တရားသူကြီးသည် တရားခံ/တရားစွဲဆို ခံရသူအား အပြစ်ရှိ/မရှိ ဆုံးဖြတ်ပြီး ပြစ်ဒဏ် သို့မဟုတ် လွှတ်ပေးခြင်း စီရင်ချက်ချမှတ်သည်။ ဤတွင် ရာဇဝတ်ပြစ်မှုများနှင့် ပတ်သက်သည့် ရာဇဝတ် တရားစီရင်ခြင်းဖြစ်စဉ်/လုပ်ငန်းစဉ် ပုံမှန်အားဖြင့် အဆုံးသတ်သည်။

တရံတခါအချို့အမှုများမှာပြင်ဆင်ချက်သို့မဟုတ် အယူခံတက်ရသည်။[၇၀] ပုံက၂.၂ တွင် ထိုသို့ ဖြစ်ပေါ်သည့် အခြေအနေများကိုဖော်ပြထားသည်။

---

၆၄ အထက်ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၀၄ "ဝရမ်းမှု" ဆိုသည်မှာ သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ သို့မဟုတ် ခြောက်လထက်ပိုသော ထောင်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်နှင့် သက်ဆိုင်သည့်အမှုကို ဆိုလိုသည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄(၁)(ဗ))၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ-၂၅၁ မှ ၂၅၉ ရှု)
"သမ္မာန်မှု" ဆိုသည်မှာ ဝရမ်းမှုမဟုတ်သော ပြစ်မှုတစ်ရပ်နှင့်သက်ဆိုင်သည့်အမှုကို ဆိုသည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄(၁)(ဗ))၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၄၁ မှ ၂၅၀ ရှု။
ဝရမ်းမှုနှင့် သမ္မာန်မှုကြား လုပ်ထုံးလုပ်နည်း ကွာခြားချက်တစ်ခုမှာ သမ္မာန်မှုတွင် စွပ်စွဲခံရသူ/တရားခံ က ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံပါက ၎င်းအား တရားဝင်နည်းလမ်းတကျ စွဲချက်တင်စရာမလိုဘဲ ပြစ်မှုစီရင် နိုင်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၄၂ မှ ၂၅၂)
၆၅ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၆၀ မှ ၂၆၅၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့်အမှုများတွင် အမြင့်ဆုံး ထောင်ဒဏ်၊ ပြစ်ဒဏ်မှာ ခြောက်လဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၆၂(၂)
၆၆ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၀၄
၆၇ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၀၉
၆၈ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၁၀
၆၉ ၁၈၇၂ သက်သေခံအက်ဥပဒေ ပုဒ်မ-၁၀၁
၇၀ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၄၀၄ မှ ၄၄၂

ပုံ နောက်ဆက်တွဲ (ခ) ၂ ပြင်ဆင်ချက်နှင့်အယူခံ

**ပြင်ဆင်ချက်**

အထက်တရားရုံး(နှင့် ဥပဒေရုံး)မှ

- အောက်ရုံးတရုံးမှ တရားစီရင်မှုတခုတွင် အမှုနှင့်ပတ်သက်၍ တွေ့ရှိချက်၊ ပြစ်ဒဏ် သို့မဟုတ် အမိန့်သည် လုပ်ထုံးလုပ်နည်းနှင့်မညီ သို့မဟုတ် တရားမဝင် သို့မဟုတ် မလျှော်ကန်သည့် အခါ[၇၁] (ဥပမာ အာမခံ မပေးသင့်ပါလျက် စွပ်စွဲခံရသူအား အာမခံ ပေးခြင်း၊ စွဲချက်ပြစ်မှုပုဒ်မ ကျိုးကြောင်းမဆီလျော်ခြင်း၊ သက်သေခံ မတင်ပြနိုင်ခြင်း စသည်)
- စွပ်စွဲခံရသူအား တရားသေလွှတ်လိုက် [၇၂]သည့်အခါ
- ကြီးလေးသောပြစ်ဒဏ်အတွက်(တရားစွဲဆိုခံရသူအတွက်)[၇၃]

**အယူခံ**

ဥပဒေအရာရှိမှ

- တရားခံ/တရားစွဲဆိုခံရသူကို တရားသေလွှတ်လိုက်သည့်အခါ [၇၄]

တရားခံ/တရားစွဲဆိုခံရသူမှ

- ပြစ်ဒဏ်ပလပ်ပေးရန်
- ပြစ်ဒဏ်လျှော့ပေါ့ပေးရန်

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်၌ အစိုးရကိစ္စများအတွက် One-stop-shop အပါအဝင်ပြည်သူ့ဝန်ဆောင်မှုအမျိုးမျိုးကိုဆောင်ရွက်ပေးသည်။[၇၅] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအရာရှိများနှင့် အုပ်ချုပ်ရေးမှူးများသည် ပြဿနာအငြင်းပွားမှုများ ဖြေရှင်းရာတွင် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကြသည်။

အထူးသဖြင့် ၂၀၁၂ လယ်ယာမြေ ဥပဒေအရ လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဥက္ကဌအဖြစ် အုပ်ချုပ်ရေးမှူးများသည် မြေယာနှင့် ပတ်သက်သည့် အငြင်းပွားမှုများတွင် တရားရေး/တရားစီရင်ရေး တစိတ်တပိုင်း အခန်းကဏ္ဍရှိကြသည်။[၇၆] ၎င်းတို့သည် အစိုးရဌာနများနှင့် ဒေသခံရပ်ရွာပြည်သူများအကြား ကြားခံအဖြစ်လည်း ဆောင်ရွက်ကြသည်။[၇၇] ဤကဏ္ဍတွင် စေ့စပ်ဖြန်ဖြေခြင်းနှင့် ညှိနှိုင်းမှုများပါဝင်သည်။ ၎င်းတို့သည် အစိုးရဌာနအသီးသီး၏ "မှားယွင်းသည့်" သို့မဟုတ် "တဖက်သတ်" ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပေးရန် တောင်းဆိုခြင်းလည်းခံရနိုင်သည်။[၇၈] ဤ နောက်ဆုံးအခန်းကဏ္ဍ တာဝန်နှင့် ပတ်သက်၍ နောက်ဆက်တွဲ သုတေသနတရပ် လုပ်ဆောင်သင့်သည်။

၇၁ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၃၅
၇၂ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၃၆
၇၃ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၃၉
၇၄ အထက်တွင် ဖော်ပြသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၁၇
၇၅ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်
၇၆ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ရှမ်းပြည်နယ်
၇၇ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ရခိုင်ပြည်နယ်
၇၈ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ်

# နောက်ဆက်တွဲ(ဂ) အငြင်းပွားမှု/အမှုပြဿနာ ဖြေရှင်းရာတွင် (အစိုးရမဟုတ်သည့်) တတိယအဖွဲ့အစည်း များ၏ အခန်းကဏ္ဍ

အငြင်းပွားမှု ပြဿနာ ဖြေရှင်းရာတွင် (အစိုးရမဟုတ်သည့်) တတိယ ကြားပုဂ္ဂိုလ်/ အဖွဲ့အစည်းများ ပါဝင်ပတ်သက်ပါက ၎င်းတို့တွင် ဥပဒေအရ သို့မဟုတ် ရိုးရာဓလေ့ထုံးတမ်းအရ အသိအမှတ်ပြုထားသည့် လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် တာဝန်ရှိသည့်အတွက် ထိုလူတို့သည် ဆုံးဖြတ်ချက်ပေးရသည့် အခန်းကဏ္ဍ ရှိကြသည်။ ဥပမာ- ရပ်ကျေး လယ်ယာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဌ အနေဖြင့် ရပ်ကျေး အုပ်ချုပ်ရေးမှူးများသည် လယ်ယာမြေအငြင်းပွားမှုပြဿနာများကို ကူညီဖြေရှင်းပေးရပြီး၊ သူကြီးသည် သူ၏ရပ်ရွာအတွင်း အိမ်ထောင်ရေး ဖောက်ပြန်မှုများကို ဖြေရှင်းကူညီသည်။

အစိုးရမဟုတ်သည့် တတိယကြားပုဂ္ဂိုလ်များသည် ပြဿနာအငြင်းပွားမှုများတွင် ဖြန်ဖြေစေ့စပ်သူအဖြစ် နှစ်ဦးနှစ်ဖက်လျော်ကြေးနှင့် နှစ်ဖက်လက်ခံနိုင်သည့် ရလဒ်အဖြေများ ညှိနှိုင်းဆွေးနွေးရန် ပံ့ပိုးကူညီသည်။ အငြင်းပွားမှုပြဿနာဖြေရှင်းရာတွင် ပါဝင်ပတ်သက်သည့် အချို့ တတိယကြားပုဂ္ဂိုလ်များက ပြဿနာဖြေရှင်းရာတွင် နှစ်ဦးနှစ်ဖက်ကျေနပ်ဖွယ်ရလဒ် အဖြေရရှိနိုင်ရေးအတွက် လူမှုရေးအရ ထည့်သွင်းစဉ်းစားရသည့် အယူအဆ[၇၉] ကို " နားလည်မှု"[၈၀] အရလုပ်ရသည်ဟုဖော်ပြသည်။တခါတရံလူမှုရေးနားလည်မှုအရ လုပ်ကိုင်ပေးရသည့် အခန်းကဏ္ဍ တာဝန်သည် အထူးသဖြင့် ရပ်ရွာလူထု လေးစားထိုက်သည့် ခေါင်းဆောင်များ လုပ်ဆောင်ပေးရသည့် အခါများတွင် တတိယကြားပုဂ္ဂိုလ်များအဖြစ် ပါဝင်ပါတ်သက်ရသည့် ကိုယ်စားလှယ် သို့မဟုတ် တိုက်ရိုက်ညှိနှိုင်းမှုများ၌ ဖြောင်းဖျစေ့စပ်ခြင်း တာဝန်များ၏ အပိုဝန်ဆောင်မှု တာဝန်တစ်ရပ်ဖြစ်သည်။

အချို့တတိယ ကြားပုဂ္ဂိုလ်များသည် နစ်နာသူနှင့် အဆုံးအဖြတ်ပေးနိုင်သည့်တာဝန်ရှိသူကြား အဆင်ပြေချောမွေ့အောင် ပံ့ပိုးကူညီပေးသည့် အခန်းကဏ္ဍရှိသည်။ (ဥပမာ ရန်ပွဲဖြစ်သည်ကို ဆယ်အိမ်မှူးများထံ တိုင်ကြားသည်။ ဆယ်အိမ်မှူးများသည် ပြဿနာ ဖြေရှင်းပေးရသည့် ဒေသဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူးထံ သတင်းပို့သည်။) အချို့အခြေအနေများတွင် လူတစ်ဦးတစ်ယောက်သည် ၎င်း၏အခွင့်အရေးများ အသုံးပြုခံစားရန် သို့မဟုတ် အချို့ဝန်ဆောင်မှုများ ရရှိရန် တစုံတရာလုပ်ဆောင်ရန် လိုအပ်သည်။ (ဥပမာ- အချို့လူအုပ်စုဝင်များ အတွက် ၎င်းတို့ခရီးမသွားမီ ရပ်ကျေးအုပ်ချုပ်ရေးမှူး ထောက်ခံစာရရှိရန် လိုအပ်သည့် နေရာဒေသများ)

---

၇၉ ဤသည်ကို ဘုံ/ယေဘုယျနားလည်မှုတခုအဖြစ် မှတ်ယူသဘောပေါက်နိုင်သည်
၈၀ UNDP တရားမျှတမှု လက်လှမ်းမီရရှိရေး နှင့် သမားရိုးကျမဟုတ်သောတရားစီရင်ရေးစနစ်များ သုတေသန လေ့လာမှု- ကချင်ပြည်နယ်

*Empowered lives.*
*Resilient nations.*


ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊

စာတိုက်သေတ္တာအမှတ် ၆၅၀၊ ရန်ကုန် ၁၁၂၁၁၊ မြန်မာ။

Tel: (95 1) 542910 - 19,  Fax: 95(1) 544 531

www.mm.undp.org

UNDP Myanmar

UNDP_Myanmar


ဒီဇင်ဘာလ-၂၀၁၄